ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

မှတ်တမ်း

(ပထမတွဲ)

၁၃၈၀ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက် မှ ၁၃၈၀ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်ထိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပဲခူးတိုင်းဒေသကြီးလွှတ်တော်
ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
မှတ်တမ်း
မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	အစည်းအဝေးပထမနေ့ မှတ်တမ်း(၁၈.၂.၂၀၁၉)ရက်နေ့	
	(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။	၁
	(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းကြောင်း ကြေညာခြင်း။	၁
	(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။	၂
	(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။	၂
	(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။	၃
	(စ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဝင်းမြင့်၏ မိန့်ခွန်းနှင့် သဝဏ်လွှာများအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ခြင်း။	၃
	(ဆ) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခြင်း။	၄
	(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။	၆

(စျ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၃)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၉

(ည) ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း လျာထားချက်တို့နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၁၈

(ဋ) ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၂၀

(ဌ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၂၁

၂။ အစည်းအဝေး ဒုတိယနေ့ မှတ်တမ်း (၁၉.၂.၂၀၁၉)ရက်နေ့

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၂

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းကြောင်း ကြေညာခြင်း။ ၂၂

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၂၃

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၂၃

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း။ ၂၄

(စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်း (၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၂၄

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၂၀

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၂၂

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၂၇

(ည) ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမား ရေးရာကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအတွင်းရေးမှူး ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့တင်သွင်းခြင်း။ ၄၁

(ဋ) ပဲခူးတိုင်းဒေသကြီး အသေးစားငွေချေးလုပ်ငန်း(ဥပဒေကြမ်း)နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၄၁

(ဌ) ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား-၂ ဥပဒေပြုစာရင်းပါ ဥပဒေများ လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းပြီးနောက် ဥပဒေပါသတ်မှတ်ပြဋ္ဌာန်းထားသော ရက်အတွင်း နည်းဥပဒေများထွက်ရှိအောင် ဆောင်ရွက်ပေးရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၄၂

(ဍ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၄၅

၃။ အစည်းအဝေး တတိယနေ့ မှတ်တမ်း (၂၀.၂.၂၀၁၉)ရက်နေ့

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၄၆

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းကြောင်း ကြေညာခြင်း။ ၄၆

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၄၇

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၄၇

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၄၈

(စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး မေးမြန်းသည့် မေးခွန်း (၂)ခုအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၄၈

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၅၃

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၅၇

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်း(၂)ခုအား သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၆၄

(ည) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ မေးမြန်းသည့် မေးခွန်းအား သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၆၇

(၄) ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော် အခွင့်အရေးဆိုင်ရာကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဒေါ်ရီရီထိုက်၊ ဝေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၇၁

(၅) ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဦးကျော်ဇေယျ။ အုတ်တွင်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၇၂

(၃) ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ကျေးရွာများအား နယ်နိမိတ်များသတ်မှတ်ပြီး ကျေးရွာမြေများအဖြစ် သတ်မှတ်ဖော်ထုတ်ပေးပါရန် တိုက်တွန်းကြောင်း"** အဆိုကိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၇၂

(၈) အဆိုကို တိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေးရန်မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန်မသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။ ၇၅

အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည် စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။

(၈) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၇၅

၄။ အစည်းအဝေး စတုတ္ထနေ့ မှတ်တမ်း (၂၁.၂.၂၀၁၉)ရက်နေ့

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၇၇

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အထ မြောက်ကြောင်းနှင့် စတင်ကျင်းကြောင်း ကြေညာခြင်း။ ၇၇

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၇၈

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၇၈

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၇၉

(စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်မေးမြန်းသည့် မေးခွန်း (၂)ခုအား သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၇၉

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော်မေးမြန်းသည့် မေးခွန်းအား သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၈၄

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၈၆

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော် မေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၉၁

(ည) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၉၅

(ဋ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအတွင်းရေးမှူး ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တင်သွင်းခြင်း။ ၁၀၀

(၎) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ရုပ်နားကြောင်းနှင့် အစည်းအဝေး (ပဉ္စမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၀၁

၅။ အစည်းအဝေး ပဉ္စမနေ့ မှတ်တမ်း (၂၂.၂.၂၀၁၉)ရက်နေ့

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၀၂

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းကြောင်း ကြေညာခြင်း။ ၁၀၂

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၁၀၃

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၁၀၃

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၁၀၄

(စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းမေးမြန်းသည့် မေးခွန်း အားစက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၀၅

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်မေးမြန်းသည့် မေးခွန်း အားလူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၀၇

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင်မေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၁၀

(ဈ) ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်က တင်သွင်းသည့် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေးခြင်း။ ၁၁၄

(ည) ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ ၁၁၆
အစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်
အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။

(ဋ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာ ၁၂၅
ကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဗိုလ်မှူး
အောင်မျိုးမင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်က တိုင်းဒေသကြီး
လွှတ်တော်သို့ တင်သွင်းခြင်း။

(ဌ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ၁၃၄
ထိန်းသိမ်းရေးဆိုင်ရာကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဦးဌေးလွင်၊
အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က တိုင်းဒေသကြီးလွှတ်တော်သို့တင်သွင်းခြင်း။

(ဍ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ၁၄၄
(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)ရုပ်နားကြောင်းနှင့် အစည်းအဝေး
(ဆဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း

စဉ်	အမည်	မဲဆန္ဒနယ်/တာဝန်
၁။	ဦးခင်မောင်ရင်	လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ လွှတ်တော်ဥက္ကဋ္ဌ
၂။	ဦးဝင်းသိန်း	ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဝန်ကြီးချုပ်
၃။	ဦးကြည်ဇင်	ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ
၄။	ဗိုလ်မှူးကြီးလှမျိုးရွှေ	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
၅။	ဦးညွှန့်ရွှေ	ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး
၆။	ဦးအောင်ဇော်နိုင်	မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး
၇။	ဒေါက်တာစောညိုဝင်း	သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး
၈။	ဦးသန်းဝင်း	ပြင်ပပညာရှင် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး
၉။	ဒေါ်ညွှန့်ညွှန့်ဌေး	အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) လူမှုရေးဝန်ကြီး
၁၀။	ဒေါ်နော်ပွယ်စေး	ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး

၁၁။	ဦးညွန့်ရွှေ	ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၁၂။	ဦးကျော်မင်းစံ	ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၁၃။	ဦးမျိုးမြင့်အောင်	သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၁၄။	ဦးမျိုးခိုင်	ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၁၅။	ဦးမျိုးကြည်	ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၁၆။	ဒေါ်ရီရီထိုက်	ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၁၇။	ဦးအောင်နိုင်ဦး	ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၁၈။	ဦးညီညီထွေး	ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၁၉။	ဦးလင်းလင်းကျော်	ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၂၀။	ဦးသန်းထိုက်အောင်	ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၂၁။	ဦးသူရဇော်	ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၂၂။	ဦးဝင်းမြင့်	ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၂၃။	ဒေါ်လှလှဝင်း	ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
		တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၂၄။	ဦးအေးမင်းဝင်း	တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
		တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၂၅။	ဦးမိုးမခ	တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
		တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၂၆။	ဒေါက်တာကျော်ကျော်	ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
		တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၂၇။	ဦးစည်သူလွင်	ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
		တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၂၈။	ဦးဇော်မင်းဦး(ခ)	ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
	ဦးတင်ဆန်းဦး	တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၂၉။	ဦးသက်စိန်	ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
		တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၃၀။	ဒေါ်နွယ်နီဝင်း	ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
		တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၃၁။	ဦးကျော်ဇေယျ	အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
		တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၃၂။	ဦးဌေးလွင်	အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
		တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၃၃။	ဦးခင်မောင်ဝင်း	ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)
		တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၃၄။	ဦးဌေးလွင်	ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
		တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၃၅။	ဦးသက်ဝင်းလှိုင်	ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၃၆။	ဦးကျော်ဇေယျ	ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၃၇။	ဦးသက်မင်းဇော်	ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၃၈။	ဦးဝင်းနိုင်	ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၃၉။	ဒေါ်ဇင်မိုးထိုက်	ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၄၀။	ဒေါ်ပပဟန်	ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၄၁။	ဦးရဲလင်းနိုင်	ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၄၂။	ဦးထွန်းထွန်းဦး	ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၄၃။	ဦးဇော်နိုင်ဦး	သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၄၄။	ဦးဇော်လင်းထိုက်	သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၄၅။	ဦးညွှန့်ဝေ	ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၄၆။	ဦးအုန်းသွင်	ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၄၇။	ဒေါ်မူမူခင်	သာယာဝတီမြို့နယ်မဲဆန္နနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၄၈။	ဦးမောင်မောင်လွင်	သာယာဝတီမြို့နယ်မဲဆန္နနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၄၉။	ဦးမျိုးအောင်	လက်ပံတန်းမြို့နယ်မဲဆန္နနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၅၀။	ဦးအောင်အောင်	မင်းလှမြို့နယ်မဲဆန္နနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၅၁။	ဦးစောသူရအောင်	အုတ်ဖိုမြို့နယ်မဲဆန္နနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၅၂။	ဦးဉာဏ်ဝင်း	ဇီးကုန်းမြို့နယ်မဲဆန္နနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၅၃။	ဦးထူးခိုင်	ဇီးကုန်းမြို့နယ်မဲဆန္နနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၅၄။	ဦးမောင်မောင်ဦး	နတ်တလင်းမြို့နယ်မဲဆန္နနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၅၅။	ဦးကျော်ကျော်နိုင်	နတ်တလင်းမြို့နယ်မဲဆန္နနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၅၆။	ဦးအေးဝင်း	မိုးညှိမြို့နယ်မဲဆန္နနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၅၇။	ဦးဝင်းကို	မိုးညှိမြို့နယ်မဲဆန္နနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၅၈။	ဦးအောင်ကိုမင်း	ကြို့ပင်ကောက်မြို့နယ်မဲဆန္နနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

၅၉။	ဦးစန်းမြင့်(ခ)	ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)
	ဦးဆန်းမြင့်	တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
၆၀။	ဒုတိယဗိုလ်မှူးကြီးမြတ်လှိုင်	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၆၁။	ဗိုလ်မှူးလှမိုးသိန်း	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၆၂။	ဗိုလ်မှူးအောင်ကျော်မိုး	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၆၃။	ဗိုလ်မှူးမျိုးဟိန်း	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၆၄။	ဗိုလ်မှူးနေလင်း	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၆၅။	ဗိုလ်မှူးသိန်းထူး	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၆၆။	ဗိုလ်မှူးဖြုံးဟိန်းကျော်	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၆၇။	ဗိုလ်မှူးကျော်ဝင်းထွန်း	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၆၈။	ဗိုလ်မှူးအောင်မိုးလွင်	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၆၉။	ဗိုလ်မှူးပြည့်ဖြိုးဇော်	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၇၀။	ဗိုလ်မှူးကျော်သူရိန်အောင်	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၇၁။	ဗိုလ်မှူးမျိုးမင်းဇော်	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၇၂။	ဗိုလ်မှူးကျော်မျိုးသန့်	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၇၃။	ဗိုလ်မှူးအောင်ဆန်းလင်း	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၇၄။	ဗိုလ်မှူးအောင်မျိုးမင်း	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၇၅။	ဗိုလ်ကြီးကျော်မင်း	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၇၆။	ဗိုလ်ကြီးခင်မောင်ဝင်း	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၇၇။	ဗိုလ်ကြီးမင်းသိန်းထိုက်	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

ဖိတ်ကြား၍ တက်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဟုတ်သည့် ပြင်ပပုဂ္ဂိုလ်များ အမည်စာရင်း

၇၈။	ဦးမောင်မောင်ရွှေ	တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်
၇၉။	ဦးအုန်းမြင့်	တိုင်းဒေသကြီးဥပဒေချုပ်
၈၀။	ဒေါ်သန်းဝင်း(ခ) ဒေါ်သန်းသန်းဝင်း	တိုင်းဒေသကြီးစာရင်းစစ်ချုပ်
၈၁။	ဦးစိုးသိန်း	အကြံပေးအဖွဲ့ဝင်
၈၂။	ဒေါက်တာမြသောင်း	အကြံပေးအဖွဲ့ဝင်
၈၃။	ဦးသိန်းလှိုင်	အကြံပေးအဖွဲ့ဝင်
၈၄။	ဒေါ်နုနုဆွေ	အကြံပေးအဖွဲ့ဝင်
၈၅။	ဒေါ်မြင့်မြင့်ကြည်	အကြံပေးအဖွဲ့ဝင်
၈၆။	ဦးဌေးဝင်း	အကြံပေးအဖွဲ့ဝင်
၈၇။	ဒေါ်ဇင်မာထူး	အကြံပေးအဖွဲ့ဝင်
၈၈။	ဒေါ်ကြည်ကြည်တင်	အကြံပေးအဖွဲ့ဝင်
၈၉။	ဒေါ်သန်းသန်းဆင့်	အကြံပေးအဖွဲ့ဝင်
၉၀။	ဦးရဲနိုင်ဝင်း	အကြံပေးအဖွဲ့ဝင်
၉၁။	ဒေါ်ရည်မွန်ဌေး	အကြံပေးအဖွဲ့ဝင်
၉၂။	ဒေါ်အိချို့ဇင်နိုင်	အကြံပေးအဖွဲ့ဝင်
၉၃။	ဦးဇော်မင်း	အကြံပေးအဖွဲ့ဝင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
ပထမနေ့ မှတ်တမ်း
၁၃၈၀ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်
(တနလင်္ဂနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀:၀၀နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၈.၁၆ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ (ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးညွှန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေ ဖြစ်ပါတယ်။ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ညွှန့်ညွှန့်ဌေး [ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြတ်လှိုင်၊ ဗိုလ်မှူးမျိုးဟိန်းနှင့် ဗိုလ်မှူးကျော်ဝင်းထွန်းတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် (၁၈.၂.၂၀၁၉)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၉)ဦး၏ကိုယ်စား လေးစားစွာခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၇၆)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင်ပြုထားသူ (၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၄ (ခ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

ဥက္ကဋ္ဌ။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဝင်းမြင့်၏ မိန့်ခွန်းနှင့် သဝဏ်လွှာများအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ခြင်း။

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈ (က)နှင့် (ခ)တို့အရ နိုင်ငံတော်သမ္မတဦးဝင်းမြင့်၏ မိန့်ခွန်းနှင့် သဝဏ်လွှာများအား မှတ်တမ်းတင်ခြင်းအစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

- ၁၅.၉.၂၀၁၈ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ၊

- ၁၂.၁၀ .၂၀၁၈ ရက်နေ့တွင် အာဆီယံခေါင်းဆောင်များ စုဝေးပွဲတွင် ပြောကြားသည့် မိန့်ခွန်း၊
- ၂၄.၁၀.၂၀၁၈ ရက်နေ့တွင် (၇၃)ကြိမ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ၊
- ၇ . ၁၁ . ၂၀၁၈ ရက်နေ့တွင် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ၊
- ၂၄.၁၁.၂၀၁၈ ရက်နေ့တွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ကတိသစ္စာပြုခြင်း အခမ်း အနားတွင် ပြောကြားသည့်မိန့်ခွန်း၊
- ၂.၁၂.၂၀၁၈ ရက်နေ့တွင် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ၊
- ၇.၁၂.၂၀၁၈ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ၊
- ၁၀.၁၂.၂၀၁၈ ရက်နေ့တွင် ကမ္ဘာလူ့အခွင့်အရေး ကြေညာစာတမ်း နှစ်(၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ၊
- ၁၅. ၁၂. ၂၀၁၈ ရက်နေ့တွင် (၄၄)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ၊
- ၂၈. ၁၂. ၂၀၁၈ ရက်နေ့တွင် (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ၊
- ၄. ၁. ၂၀၁၉ ရက်နေ့တွင် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ၊
- ၁၅. ၁. ၂၀၁၉ ရက်နေ့တွင် (၆၇) နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ၊
- ၁၂. ၂. ၂၀၁၉ ရက်နေ့တွင် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတို့အား တိုင်းဒေသကြီးလွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခြင်း။

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သလျက် ကြိုဆိုနှုတ်ခွန်းဆက်သအပ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များသည် ၂၀၁၀ခုနှစ်၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၄ အရ **"ပြည်သူက ရွေးချယ်ပေးသော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအား ရွေးချယ်ပေးသည့် မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသော အများက လေးစားထိုက်သည့် ပုဂ္ဂိုလ်များဖြစ်သည့်အလျောက် သက်ဆိုင်ရာမဲဆန္ဒနယ်၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုစီးပွားရေးကဏ္ဍတို့နှင့် စပ်လျဉ်း၍ ပြည်သူများ၏ သဘောထားဆန္ဒ ဖော်ဆောင်ရာတွင် လည်းကောင်း၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများကဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်ကဖြစ်စေ အလေးထားတိုင်ပင်အပ်သော ပုဂ္ဂိုလ်များဖြစ်သည်ဟု မှတ်ယူရမည်"**ဟု ပြဋ္ဌာန်းသည့်အတိုင်း ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်နားသည့်ရက်များတွင် မဲဆန္ဒရှင်ပြည်သူများထံ လွှတ်တော်အတွေ့အကြုံများ ပြန်လည် ရှင်းလင်းတင်ပြခြင်း၊ ဘဏ္ဍာရေးနှစ်များအတွင်း ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ ဆွေးနွေးတင်ပြခြင်း၊ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းရေးဆွဲခြင်း၊ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားရေး၊ မြို့ပြနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပြည်သူများ၏အသံ၊ ပြည်သူများ၏ ဆန္ဒနှင့် ပြည်သူများ၏ မျှော်လင့်ချက်များနှင့်အညီ ဖော်ဆောင်ပေးနိုင်ရေးအတွက် အလေးအနက်ထား ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားလို ပါတယ်။

ထိုကဲ့သို့ ပြည်သူ့အကျိုး ဆောင်ရွက်ခြင်းများသည် မိမိတို့၏ မြို့နယ်နှင့် ပြည်သူများအတွက် ဆောင်ရွက်ခြင်းသာမက ပဲခူးတိုင်းဒေသကြီးနှင့် ပြည်သူများ/ မြန်မာနိုင်ငံတော်နှင့် မိဘပြည်သူများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ ကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လွှတ်တော်သည် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်ပြီး ဥပဒေပြုရေး၊ အပြန်အလှန်ထိန်းကျောင်းရေး၊ ပြည်သူကိုယ်စားပြုရေးတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ခြင်းဖြင့် တန်းတူညီမျှမှုရှိရေး၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီ ရင့်ကျက်ခိုင်မာရေးတို့ကို လက်တွေ့ကျကျ မျက်ဝါးထင်ထင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

လွှတ်တော်နှင့် အစိုးရအဖွဲ့၊ တရားစီရင်ရေးအဖွဲ့များ၊ ဒီမိုကရေစီအနှစ်သာရအရ တွေ့ဆုံညှိနှိုင်း ဆွေးနွေးခြင်းများသည် ပြည်သူများ၏ လူမှုစီးပွားရေးဘဝများ အလျင်အမြန် တိုးတက်စေရေးအတွက် အထူးကောင်းမွန်ပြီး များစွာထိရောက်စေနိုင်ကြောင်း တင်ပြ လိုပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များဆိုင်ရာ ဥပဒေပုဒ်မ ၇၉ တွင်လည်း **"လွှတ်တော်သည် လွှတ်တော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို အချင်းချင်းအပြန်အလှန်ထိန်းကျောင်း ကူညီ ဆောင်ရွက်ရေးနှင့် လိုက်လျောညီထွေမှုရှိသော လွှတ်တော်ရုံးကို ဖွဲ့စည်းထူထောင်ရမည်"**ဟု အတိအလင်း ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ ဆိုလိုရင်းအဓိပ္ပါယ်မှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊

တရားစီရင်ရေးတို့တွင် အချင်းချင်း အပြန်အလှန်ထိန်းကျောင်း ကူညီဆောင်ရွက်ရေးတို့ကို လက်တွေ့ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်ဆောက်ရေးအတွက် ပြည်သူများနှင့် အတူ ဥပဒေပြုရေးတာဝန်၊ အပြန်အလှန်ထိန်းကျောင်းရေးတာဝန်၊ ပြည်သူကိုယ်စားပြုရေး တာဝန်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ပထမဦးစွာ ဦးမောင်မောင်လွင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"သာယာဝတီမြို့နယ် အတွင်းရှိ ကျေးရွာများတွင် အပေါ့စားမီးငြိမ်းသတ်စက်များ ချထားပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း သည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးမောင်မောင်လွင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ သာယာဝတီမြို့နယ်တွင် ကျေးရွာအုပ်စု (၄၈)အုပ်စုနှင့် ရပ်ကွက်(၂၁)ရပ်ကွက်ရှိပါသည်။ အရန်မီးသတ်တပ်ဖွဲ့ဖွဲ့စည်းပြီးသော ကျေးရွာ (၂၄)ရွာနှင့် ရပ်ကွက်(၁၂)ရပ်ကွက်ရှိပါသည်။ အရန်မီးသတ်အင်အားအနေဖြင့် (၅၈၅)ဦးမှာ သင်တန်းဆင်းပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျေးရွာများတွင် အပေါ့စားမီးငြိမ်းသတ်စက်များ ချထားပေးရန် အထူးလိုအပ်လျက်ရှိပါသည်။

အချို့ကျေးရွာများမှာ မြို့နဲ့အလွန် အလှမ်းဝေးကွာသည့်အတွက် အပေါ့စားမီးငြိမ်းသတ် စက်များ ချထားပေးခြင်းအားဖြင့် မီးငြိမ်းသတ်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည့်အတွက် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သာယာဝတီမြို့နယ်၊ ငဖြူကလေးနယ်မြေ မီးသတ်စခန်းကို စံကိုက်နယ်မြေမီးသတ်စခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ ငဖြူကလေးနယ်မြေမီးသတ်စခန်းသည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အမည်ပေါက် မီးသတ်စခန်းဖြစ်ပြီး မီးသတ်ကား(၁)စီးနှင့် သန္ဓေဝန်ထမ်း(၄)ဦးဖြင့် ဆောင်ရွက်နေသော နယ်မြေစခန်းတစ်ခုဖြစ်ပါသည်။ လက်ရှိစခန်းအကျယ်အဝန်းမှာ၊ ကျဉ်းမြောင်းနေသဖြင့် မီးသတ်ဝန်ထမ်းတို့မှာ သင့်သလို နေထိုင်လုပ်ကိုင်ဆောင်ရွက်နေရပါသည်။ ဒေသခံအလှူရှင်တစ်ဦးမှ စံကိုက်နယ်မြေမီးသတ်စခန်း ဆောက်လုပ်ရန် မြေရိယာ ဝ.၃၆ ဧကအား လှူဒါန်းထားပြီးဖြစ်၍ ပုံစံ(၁၀၅) ရရှိထားပြီးလည်း ဖြစ်ပါသည်။

ငဖြူကလေးနယ်မြေသည် ကျီးကန်းမ၊ လွှစင်၊ ရှားတောရိုး၊ ဦးနတ်စု ကျေးရွာခွဲများ ပါဝင်သော အိမ်ခြေ ၈၅၀ကျော်၊ အိမ်ထောင်စု ၉၀၀ ကျော်၊ လူဦးရေ ၃၈၀၀ ကျော်ရှိသည့် နယ်မြေဖြစ်သည့်အပြင် ကျွဲခြံအင်းအုပ်စု၊ မကျီးကွင်းအုပ်စု၊ ကုန်းမီးနင်းအုပ်စု၊ သဇင်အိုင်အုပ်စု၊ တောင်ဘို့ရွာအုပ်စုတို့မှ ကျေးရွာခွဲပေါင်း (၃၂)ရွာ၊ အိမ်ခြေ(၂၃၀၀)ကျော်မှာလည်း ငဖြူကလေးနယ်မြေနှင့် ထိစပ်နေသော ကျေးရွာအိမ်ခြေများဖြစ်ပါသည်။ ထိုကျေးရွာများ၏ မီးဘေးကာကွယ်ရေးအတွက် ငဖြူကလေးနယ်မြေတွင် စံကိုက်နယ်မြေမီးသတ်စခန်းတစ်ခု တည်ဆောက်ပေးမည်ဆိုပါက ၎င်းနယ်မြေဝန်းကျင်တွင် မီးဘေးလုံခြုံစိတ်ချရမည့် အနေအထားဖြစ်သဖြင့် ငဖြူကလေးနယ်မြေ စံကိုက်မီးသတ်စခန်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်း အပ်ပါသည်။

ဥက္ကဋ္ဌ။ ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။ ။ဦးမောင်မောင်လွင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"သာယာဝတီမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အပေါ့စားမီးသတ်စက်များ ချထားပေးရန်အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် ပတ်သက်၍ မီးသတ်ဦးစီးဌာန၏ ဖွဲ့စည်းပုံအရ ခရိုင်မီးသတ်ဦးစီးမှူးရုံးတွင် အုပ်ချုပ်မှုယာဉ်(၁)စီး၊ ခရိုင်မီးသတ်စခန်းတွင် မီးငြိမ်းသတ်ယာဉ်(၃)စီး၊ မီးသတ်ရေသယ်ယာဉ်(၂)စီး၊ မီးသတ်စက်ယာဉ်(၁)စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ်(၁)စီး၊ လူနာတင်ယာဉ်(၁)စီး၊ စုစုပေါင်း(၈)စီး၊ မြို့နယ်မီးသတ်ဦးစီးရုံးတွင် အုပ်ချုပ်မှုယာဉ်(၁)စီး၊ မြို့နယ်မီးသတ်စခန်းတွင်မီးငြိမ်းသတ်ယာဉ်(၂)စီး၊ မီးသတ်ရေသယ်ယာဉ် (၂)စီး၊ မီးသတ်စက်ယာဉ်(၁)စီး၊ စုစုပေါင်းမီးသတ်ယာဉ်(၄)စီး၊ နယ်မြေမီးသတ်စခန်းတွင် မီးငြိမ်းသတ်ယာဉ်

(၁) စီး၊ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ စုစုပေါင်းမီးသတ်ယာဉ်(၂)စီးတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်တွင် ခရိုင်မီးသတ်စခန်းနှင့် မြို့နယ်မီးသတ်စခန်းတို့တွင် မီးငြှိမ်းသတ်ယာဉ်(၃)စီး၊ မီးသတ်ရေသယ်ယာဉ်(၄)စီး၊ မီးသတ်စက်ယာဉ်(၃)စီး၊ ရှာဖွေကယ်ဆယ်ရေး ယာဉ် (၁)စီး၊ စုစုပေါင်းမီးသတ်ယာဉ်(၁၁)စီး၊ အပေါ့စားစက်(၈)လုံး၊ သုံးဆယ်နယ်မြေမီးသတ်စခန်းတွင် မီးသတ်ယာဉ်(၃)စီး၊ အပေါ့စားစက်(၃)လုံးနှင့် ငဖြူကလေးနယ်မြေ မီးသတ်စခန်းတွင် မီးသတ်ယာဉ် (၁)စီးတို့ဖြင့် သာယာဝတီမြို့နယ် မီးဘေးလုံခြုံရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိပါ သည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးလုံခြုံရေးအဖွဲ့များကို အဆင့်ဆင့်ဖွဲ့စည်းထားရှိပြီးဖြစ်ရာ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု မီးဘေးလုံခြုံရေးအဖွဲ့တွင် သက်ဆိုင်ရာ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ရပ်မိ/ရပ်ဖများ၊ အရန်မီးသတ်တပ်ဖွဲ့မှူးတို့ဖြင့် ဖွဲ့စည်းထားရှိပြီး မြို့နယ် မီးဘေးလုံခြုံရေးအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအတွင်း မီးဘေး လုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများလုံလောက်စွာထားရှိရေး မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်း စစ်ဆေးခြင်း၊ မီးသတိပေးနှိုးဆော်ချက်များဆောင်ရွက်ခြင်း၊ ရပ်ကွက်/ကျေးရွာအလိုက် ကိုယ့်အား ကိုယ်ကိုး မီးသတ်စက်များဝယ်ယူနိုင်ရေး စည်းရုံးဆောင်ရွက်ခြင်း၊ မီးသတ်ရေလှောင်ကန်များ တည်ဆောက်နိုင်ရေး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ အရန်မီးသတ် အတွက် ထောက်ပံ့ပစ္စည်းများကို စနစ်တကျထိန်းသိမ်းသုံးစွဲခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက် သွားရမည်ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအနေဖြင့် ဖွဲ့စည်းပုံအရ အဓိကကျသည့် မီးသတ်စခန်းများ၊ ဝန်ထမ်းနေအိမ်များနှင့် မီးသတ်ယာဉ်များကို ဦးစားပေးအလိုက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် နှစ်စဉ်ဖြည့်တင်းဆောင်ရွက်လျက်ရှိပါသဖြင့် သာယာဝတီမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အပေါ့စား မီးသတ်စက်များချထားပေးရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် သက်ဆိုင်ရာကျေးရွာအုပ်စု မီးဘေး လုံခြုံရေးအဖွဲ့မှ ရပ်ကွက်/ကျေးရွာအလိုက် ကိုယ့်အားကိုယ်ကိုး မီးသတ်စက်များဝယ်ယူနိုင်ရေး စည်းရုံး ဆောင်ရွက်သင့်ပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။ ။ ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သာယာဝတီမြို့နယ်၊ ငဖြူကလေးနယ်မြေ မီးသတ်စခန်းကို စံကိုက်နယ်မြေစခန်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးတွင်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး(၁)ခု၊ ခရိုင်မီးသတ်ဦးစီးမှူးရုံး (၄)ခု၊ ခရိုင် မီးသတ်စခန်း(၄)ခု၊ မြို့နယ်မီးသတ်ဦးစီးမှူးရုံး(၂၈)ခု၊ နယ်မြေမီးသတ်စခန်း(၇၀)ခုတို့အား ဖွင့်လှစ်ရန်

ဖွဲ့စည်းပုံခွင့်ပြုမိန့်ကျပြီးဖြစ်ပါသည်။ ဖွဲ့စည်းပုံခွင့်ပြုပြီး နယ်မြေမီးသတ်စခန်း (၇၀) အနက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ နယ်မြေမီးသတ်စခန်း(၁၇)ခုသာ ဆောက်လုပ်ပေးနိုင်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနအနေဖြင့် ဖွဲ့စည်းပုံခွင့်ပြုပြီးသော မီးသတ်စခန်းများတွင် မီးသတ်စခန်းများ ဆောက်လုပ်ခြင်း၊ ဝန်ထမ်းနေအိမ်များ ဆောက်လုပ်ခြင်း၊ မီးသတ်ယာဉ်များ ဖြည့်တင်းခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဖြည့်တင်းဆောင်ရွက်လျက် ရှိပြီး သာယာဝတီမြို့နယ်၊ ငဖြူကလေးနယ်မြေမီးသတ်စခန်း ဆောက်လုပ်ရန်အတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောက်လုပ်သွားမည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ဆက်စပ်မေးခွန်း မေးမြန်းခွင့် ပြုပါရှင်။

ဥက္ကဋ္ဌ။ ။ခွင့်ပြုပါတယ်။

ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ကျွန်မတို့ ငဖြူလေးနယ်မြေမီးသတ်စခန်းသည် နယ်မြေမီးသတ်စခန်း (၇၀)အနက် ငဖြူလေးနယ်မြေမီးသတ်စခန်းဟာ တစ်ခုအပါအဝင် ဖြစ်သလားဆိုတာကို သိချင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ။ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန]။ ။ ဆက်လက်ပြီး ဆက်စပ်မေးခွန်းကို ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းနယ်မြေအတွင်းရှိ ဖွဲ့စည်းပုံခွင့်ပြုပြီး နယ်မြေမီးသတ်စခန်း(၇၀)ခုတွင် ငဖြူလေးနယ်မြေမီးသတ်စခန်းသည် တစ်ခုအပါအဝင်ဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ပထမဦးစွာ ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"စုံစမ်းစစ်ဆေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းမပြုဘဲ နတ်တလင်းမြို့နယ်၊ ဆည်ရေများ လွှတ်ချမှုကြောင့် တောင်သူများ၏ ဆောင်းသီးနှံများ ထိခိုက်ပျက်စီးဆုံးရှုံးမှုအား မည်သို့ အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"ဘုရားကြီးကုန်း- ခအောင်းပင်ရေကာတာပေါ်ရှိ မိုင်တိုင် ၈/၀ နေရာတွင် ရေကာတာ တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း (၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၂၅)ရက်နေ့တွင် နတ်တလင်းမြို့နယ်၊ တောင်ညိုဆည်မှ ဆည်ရေများ လွှတ်ချမှုကြောင့် မိုးညိုမြို့နယ် ကရင်ချောင်းကျေးရွာအုပ်စုရှိ ကွင်းအမှတ် ၁၀၉ W ကွင်းမှ ကုလားပဲစိုက်တောင်သူ(၃၁)ဦး၏ ၉၄.၅၀ ဧက၊ မြောက်လွှတ်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ် ၁၀၉ E ကွင်းနှင့် ၁၂၁ ကွင်းမှ ကုလားပဲစိုက်တောင်သူ (၃၃)ဦး၏ စိုက်ဧက(၁၁၉)ဧက စုစုပေါင်း ၂၁၃.၅၀ဧကသည် ဆည်ရေများ ဝင်ရောက်လာမှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။

လိုအပ်ချက်အရ ဆည်ရေများလွှတ်မည်ဆိုလျှင် ဆည်အောက်တလျှောက်ရှိ တောင်သူများ၏ စိုက်ပျိုးထားသော သီးနှံများ၏ ပျက်စီးဆုံးရှုံးမှုရှိနိုင်/မရှိနိုင် ရှိလာလျှင် လွှတ်မည့်နေရာသို့ မည်သို့မည်ပုံ ဆောင်ရွက်သင့်သည်တို့ကို ထိစပ်မြို့နယ်များရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများ တောင်သူလယ်သမားများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည်ကို မဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုလိုဆုံးရှုံးနစ်နာမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရခြင်းဖြစ်ပါသည်။

တောင်သူများသည် ရာသီဥတုဒဏ်၊ ဖျက်ပိုး၊ ကုန်ကျမှုစရိတ်၊ အချိန်နှင့် ပင်ပန်းကြီးစွာ ဆောင်ရွက်ထားသည်တို့ကို အလေးအနက်ထားသင့်ပါသည်။

ယခုဖြစ်စဉ်သည် သဘာဝဘေးအန္တရာယ်ကြောင့် မဟုတ်ဘဲ လူ့ပယောဂကြောင့်ဖြစ်သဖြင့် တောင်သူများ၏ ထမင်းလုပ် ပါးစပ်နားရောက်ခါနီးမှ ပုတ်ချခံရသလို ဖြစ်နေပါသည်။

သို့ဖြစ်ပါ၍ ပျက်စီးဆုံးရှုံးမှုနှင့်ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မည်သို့အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းအပ်ပါသည်။

ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်ရှိ ဝဲကြီးကျေးရွာအုပ်စု၊ စပယ်မျောင်ကျေးရွာအုပ်စု၊ ဇီးပင်ကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာအုပ်စု၊ ညောင်ဝိုင်းကျေးရွာအုပ်စုအတွင်းရှိ လယ်ဧက(၁၃၀၀) ကျော်ခန့်သည် နှစ်စဉ်လိုလိုစပါးပေါ်ရာသီချိန်တွင် စပါးများကိုရေထဲမှာ ခက်ခက်ခဲခဲရိတ်သိမ်းရသလို လေလွင့်ဆုံးရှုံးမှုများနှင့်လည်း ကြုံတွေ့နေရပါသည်။

ထိုသို့ဖြစ်ရခြင်းမှာ အနောက်ဘက်မှာ ဘုရားကြီးကုန်း၊ ခအောင်းပင်တာသည်လည်းကောင်း၊ အရှေ့ဘက်တွင် ကုန်းအမြင့်တလျှောက်တွင် တည်ဆောက်ထားသော မိုးညို-ရေကင်း ဆက်သွယ်ရေးကားလမ်းမသည်လည်းကောင်း တည်ရှိနေပါသဖြင့် ရေစီးရေလာခက်ခဲပြီး ထွက်ပေါက်ပိတ်နေသလို ဖြစ်နေပါသည်။

တဖန် သဘာဝမိုးရေများ အချိန်ကြာမြင့်စွာ ခိုအောင်းနေပါသဖြင့် ရေဆိုး၊ ရေပုတ်၊ အနှံ့ဆိုးများကို ဖြစ်ပေါ်စေပြီး ကြွက်၊ ခြင်၊ ယင်တို့ကို ပေါက်ပွားပေးရာ၊ ဖန်တီးပေးရာလည်း ရောက်နေပါသည်။ သို့အတွက်ကြောင့် နီးနားဝန်းကျင်ရှိ ပြည်သူများ၏ ကျန်းမာရေးအခြေအနေနှင့် အရွယ်မရောက်မီ ကလေးများ၏ လုံခြုံရေးအတွက်လည်း အမြဲတမ်းသတိချပ်နေရမည့် အခြေအနေဖြစ်နေပါသည်။

အကယ်၍သာ ဘုရားကြီးကုန်း-ခအောင်းပင်ရေကာတာပေါ်ရှိ မိုင်တိုင်အမှတ် ၈/၀နေရာဖြစ်သော ကျားကျွန်းကွေ့မှာ ရေတံခါးတစ်ခုတည်ဆောက်ပေးမည်ဆိုပါက တင်ပြပါအခြေအနေများမှ လွတ်မြောက်သွားမည်ဖြစ်သလို သီးထပ်၊ သီးညှပ်များလည်း စိုက်ပျိုးနိုင်မှာဖြစ်ပြီး တောင်သူများအတွက်လည်း ဝင်ငွေတိုးစေမည်ဖြစ်ပါသည်။

ဖော်ပြပါနေရာသည် ဧရာဝတီမြစ်မနှင့်လည်း (၂.၅)မိုင်ခန့်သာ ကွာဝေးခြင်းကြောင့် အန္တရာယ်လည်း မရှိနိုင်ပါ။

သို့ဖြစ်ပါ၍ ဘုရားကြီးကုန်း-ခအောင်းပင်ရေကာတာပေါ်ရှိ မိုင်တိုင်အမှတ် ၈/၀ နေရာမှာ ရေကာတာ တစ်ခုတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါသည်။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အင်းဝိုင်းကျေးရွာအုပ်စု၊ ရေကြည်ချောင်း ကျေးရွာအနီး ရေကြည်ချောင်းတံတားကြီး၏ လှည်းလမ်းကူးနေရာတွင် ရေတံခါး(၁)ခု အမြန်ဆုံးပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အင်းဝိုင်းကျေးရွာအုပ်စု၊ ရေကြည်ချောင်းကျေးရွာအနီး ရေကြည်ချောင်း (တံတားကြီးချောင်း)၊ ဖက်ပုတ်ချောင်းအနီးဝန်းကျင်ရှိ လယ်မြေများမှာ နှစ်စဉ်ရေကြီးနစ်မြုပ်မှုဒဏ်ခံနေရပါသည်။ ရေကြီးနစ်မြုပ်မှုကြောင့် ရေကျနောက်စိုက်စပါးများကိုသာ စိုက်ပျိုးရပါသည်။

ထို့အပြင် ကွင်းအမှတ် (၁၁၈)ကွင်း၊ (၁၈၁)ကွင်း၊ (၁၇၈)ကွင်း၊ (၁၇၉)ကွင်း၊ (၁၇၈-ခ)ကွင်း၊ (၁၈၀)သုံးဂွတောကွင်း၊ (၂၀၅)(၂၀၆)ရုံးပင်ကွင်း၊ (၂၀၆-က၊ ၂၀၇-ခ)ကွင်း၊ (၂၀၈)ကွင်း၊ (၂၀၉) ကွင်း၊ (၂၀၁)ကွင်း၊ (၁၇၂)ကွင်း၊ (၂၁၉)ကွင်းများမှ တောင်သူများမှာ နွေစပါးကို အဓိကအားထား စိုက်ပျိုးကြရာတွင် အောင်ရေရှိရေးအခက်အခဲများဖြင့် နှစ်စဉ်ကြုံတွေ့နေရပါသည်။

အင်းချောင်းကျေးရွာအုပ်စုအပိုင် ကွင်းအမှတ်(၂၀၇)၊ တံတားကြီးအရှေ့ကွင်းအတွင်း ရေကြည်ချောင်းတံတားကြီး လှည်းလမ်းကူးနင်းကြမ်း (ရေမြုပ်တာ)တစ်ခုရှိပါသည်။ ထိုလှည်းလမ်းကူးနေရာတွင် ရေတံခါးတပ်ဆင်ပေးမည်ဆိုပါက ချောင်းအနီးဝန်းကျင်မှ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုကို တားဆီးကာကွယ်နိုင်ခြင်း၊ ဖော်ပြပါကွင်းအမှတ်များမှ လယ်ယာမြေများတွင် စိုက်ပျိုးမည့် ရေကျနောက်ပေးနိုင်ခြင်း၊ လှည်းလမ်းကူးအဖြစ်လည်း အသုံးပြုနိုင်ခြင်းတို့အတွက် ဒေသခံတောင်သူများအလွန်အကျိုး ဖြစ်ထွန်းမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်တားဆီးနိုင်ရေး၊ ရေကျနောက် စိုက်စပါးနှင့် နွေစပါးစိုက်တောင်သူများအတွက် အောင်ရေလုံလောက်စွာရရှိရေး၊ လှည်းလမ်းကူးအတွက် အသုံးပြုနိုင်ရေးတို့အတွက် ကွင်းအမှတ်(၂၀၇)၊ တံတားကြီးအရှေ့ကွင်းအတွင်း ရေကြည်ချောင်းတံတားကြီး လှည်းလမ်းကူးနေရာတွင် ရေတံခါးတစ်ခုအမြန်ဆုံးပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းပါသည်။

ဥက္ကဋ္ဌ။ ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၃)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။ ဦးဝင်းကို၊ မိုးညှိမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"စုံစမ်းစစ်ဆေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း မပြုဘဲ နတ်တလင်းမြို့နယ်၊ ဆည်ရေများ လွှတ်ချမှုကြောင့် တောင်သူများ၏ ဆောင်းသီးနှံများ ထိခိုက်ပျက်စီးဆုံးရှုံးမှုအား မည်သို့အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် ပတ်သက်၍ မိုးညှိမြို့နယ်၊ ကရင်ချောင်အုပ်စု၊ ကွင်းအမှတ် (၁၀၉-W)၊ ကွင်းအမှတ် (၁၀၉-E)နှင့် ကွင်းအမှတ် (၁၂၁)နေရာများသည် မြစ်မခမြစ်ဝှမ်း၏ သဘာဝရေနေရေထိုင်ဖြစ်သော ခွက်မအင်းနေရာဖြစ်ပါသည်။ အဆိုပါနေရာ၏ အနောက်ဘက်တွင် မြစ်မခမြစ်အနောက်ဘက် ကမ်းပတ်တာတည်ရှိပြီး အရှေ့ဘက်တွင် မြောက်လွတ်ကုန်းတာ တည်ရှိသောကြောင့် တာနှစ်ခုကြားတွင် တည်ရှိသည့်နေရာဖြစ်ပါသည်။ အဆိုပါနေရာများသည် မြေနိမ့်ချိုင့်ဝှမ်းမြစ်မခမြစ်၏ ရေနေရေထိုင်နေရာများဖြစ်ခဲ့ပြီး နှစ်ကာလကြာမြင့်စွာ သဲနုန်းပို့ချမှုကြောင့် မြစ်တစ်ခုလုံးသည် ကိုင်းပြင်မြေအဖြစ် ရောက်ရှိသွားပြီး အနိမ့်ပိုင်းနေရာများသည် ရေစီးဆင်းဝင်ရောက်သည့် နေရာများအဖြစ် ကျန်ရှိနေပါသည်။ မြစ်မခမြစ်သည် သဲကုန်းမြို့နယ်၊ ပေါင်းတည်မြို့နယ်၊ နတ်တလင်းမြို့နယ်၊ ဇီးကုန်းမြို့နယ်၊ ကြို့ပင်ကောက်မြို့နယ် စသည့်မြို့နယ်များမှ စီးဆင်းလာသော သဘာဝမိုးရေများဖြင့် စတင်စီးဆင်းသည့်မြစ်ဖြစ်ပြီး ဧရာဝတီမြစ်မကြီး ရေကြီးချိန်တွင်လည်း မျှဝေစီးဆင်းရ သော မြစ်ဝှမ်းနေရာတစ်ခု ဖြစ်ပါသည်။

နွေကာလအချိန်တွင် ပေါင်းတည်မြို့နယ်ရှိ ဝဲကြီးရေသောက်စနစ်၊ နတ်တလင်းမြို့နယ်ရှိ တောင်ညိုရေသောက်စနစ်တို့မှ နွေစပါးစိမ်ကိန်းချမှတ်၍ ဆောင်ရွက်သည့်အခါတွင် နွေစပါးအသုံး

ပြုပြီးသောရေများသည် သဘာဝရေထွက်လမ်းဖြစ်သော မြစ်မခမြစ်ဝှမ်းအတွင်းသို့ စီးဝင်ရခြင်း ဖြစ်ပါသည်။ ယခုပဲခင်းများ ရေဝင်ရောက်သောနေရာသည် ခွက်မအင်းဟုခေါ်ဆိုသော အနိမ့်ဆုံးအပိုင်း နေရာတွင် တည်ရှိပါသည်။ သာယာဝတီခရိုင်အတွင်း ယခုနှစ် နွေစပါးကာလရာသီအတွက် သက်ဆိုင်ရာ မြို့နယ်အလိုက် နွေစပါးရေပေးဝေမည့် နေ့ရက်များကိုလည်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှူးရုံးများ၏ လစဉ်ပြုလုပ်သော ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည့် အစည်းအဝေးများတွင်လည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးတွင်ပြုလုပ်သော ခရိုင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးများတွင်လည်းကောင်း အသီးသီးတင်ပြဆွေးနွေးခဲ့ပါသည်။

ယခုဖြစ်စဉ်တွင် အဆိုပါနေရာရှိတောင်သူများသည် နှစ်စဉ်နွေစပါးကာလရာသီတွင် အသုံးပြုပြီးသော ဆည်ရေများ ရောက်ရှိလာမည်ကို သိရှိသော်လည်း လွန်ခဲ့သော(၃)နှစ်ခန့်အတွင်း ဝဲကြီးဆည်နှင့် တောင်ညိုဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ (JICA ODA LOAN) ဖြင့် ပြုပြင်လျက်ရှိခြင်းကြောင့် နွေစပါးအချို့တစ်ဝက်ကိုသာ ရေပေးဝေခဲ့သဖြင့် ရေအနည်းငယ်သာရောက်ရှိခဲ့ခြင်းအပေါ် အနိမ့်ပိုင်းနေရာများအထိ စိုက်ပျိုးလာခဲ့ခြင်းကြောင့် နွေစပါးအသုံးပြုပြီးသော ရေများ ရောက်ရှိလာချိန်တွင် စိုက်ခင်းများအတွင်းသို့ ရေဝင်ရောက်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါ သည်။

မြစ်မခမြစ်ဝှမ်းတစ်ခုလုံးသည် နှစ်ပေါင်းများစွာ သဲနုန်းများပို့ချမှုကြောင့် လုံးဝတိမ်ကောလျက်ရှိပြီး နှစ်စဉ်အထက်ပိုင်း မြို့နယ်များဖြစ်သော ပေါင်းတည်မြို့နယ်၊ နတ်တလင်းမြို့နယ်၊ ဇီးကုန်းမြို့နယ်များတွင် ရေကြီးရေလျှံမှုပြဿနာများကြုံတွေ့နေရခြင်း၊ ရေနေရေထိုင်ဇရိယာအတွင်း အချိန်ကြာမြင့်စွာ ရေကြီးနစ်မြုပ်ခြင်းတို့မှ ကင်းလွတ်ရန် မိုးညှိမြို့နယ်၊ နတ်တလင်းမြို့နယ်၊ ဇီးကုန်းမြို့နယ်(၃)ခု အစပ်ရှိ ဗောဓိကုန်းကျေးရွာအနီးရှိ မိကျောင်းတင်ချောင်းအား ငါးကျီကျေးရွာအထိ ရေနုတ်မြောင်းတူးဖော်ရန် **"အချိန်တိုအတွင်း သိသာထင်ရှားစွာ ဆောင်ရွက်သင့်သည့်လုပ်ငန်း ခေါင်းစဉ်စာရင်းတွင်"** ထည့်သွင်းတင်ပြထားပြီးဖြစ်ပြီး ရန်ပုံငွေရရှိပါက အကောင်အထည်ဖော် ဆောင်ရွက်ပြီးချိန်တွင် ယခုကဲ့သို့ ရေဝင်ရောက်မှုများ ပပျောက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယခုမြစ်မခမြစ်ဝှမ်း၏ အနိမ့်ပိုင်းတွင် စိုက်ပျိုးထားသည့်ပဲခင်းများ ရေဝင်ရောက်မှုဖြစ်ပွားမှုအပေါ်တွင် သင်ခန်းစာယူ၍ နောင်နှစ်များတွင် ထိစပ်မြို့နယ်များရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ တောင်သူလယ်သမားများနှင့် အရပ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းပြီးတော့ ညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။

ဦးဝင်းကို၊ မိုးညှိမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဘုရားကြီးကုန်း– ခအောင်းပင်ရေကာတာပေါ်ရှိ မိုင်တိုင် ၈/၀ နေရာတွင် ရေကာတာတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၊ မိုးညှိမြို့နယ်၊ ဇရာဝတီမြစ်အရှေ့ဘက်ခြမ်းရှိ ဘုရားကြီးကုန်းခအောင်းပင်တာ မိုင်တိုင်အမှတ် (၈/၀)နေရာတွင် ရေတံခါးတစ်ခု တည်ဆောက်ပေးရန်

မေးမြန်းလာခြင်းနှင့် ပတ်သက်၍ မိုးညိုမြို့နယ်ရှိ ဝဲကြီးကျေးရွာအုပ်စု၊ စပါးမြောင်ကျေးရွာအုပ်စု၊ သာယာကုန်း ကျေးရွာအုပ်စု၊ ညောင်ဝိုင်းကျေးရွာအုပ်စုအတွင်းရှိ လယ်ကေ (၁၃၀၀)ကျော်ခန့်သည် ဘုရားကြီးကုန်း ခအောင်းပင်တာနှင့် မိုးညိုရေကင်းဆက်သွယ်ရေးတာအတွင်း ရောက်ရှိနေပြီး သဘာဝ မိုးရေများ ရွာသွန်းပါက ရေထွက်ပေါက်မရှိခြင်းကြောင့် သီးနှံများရိတ်သိမ်းသည့် အချိန်အခါတွင် အခက်အခဲများဖြစ်ပေါ်ခြင်း၊ ဒေသတွင်းရေဝပ်ခိုအောင်းနေသဖြင့် ကျန်းမာရေး၊ လူမှုရေးအခြေအနေများ ထိခိုက်လျက်ရှိခြင်းကြောင့် ဘုရားကြီးကုန်းခအောင်းပင်တာ မိုင်တိုင်အမှတ်(၈/၀)နေရာတွင် ရေတံခါး တစ်ခု တည်ဆောက်ရန် သင့်တော်ပါသည်။

ရေတံခါးတည်ဆောက်ရမည့်နေရာသည် မိုးညိုမြို့နယ်ကို ဧရာဝတီမြစ်ရေကြီးခြင်းမှ အဓိက ကာကွယ်ပေးထားသည့် ဘုရားကြီးကုန်းခအောင်းပင်တာပေါ်တွင် တည်ရှိခြင်းကြောင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၏ ဒီဇိုင်းပုံစံများ ရယူဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ပါ၍ ထိုသို့ ဒီဇိုင်းပုံစံများရေးဆွဲရန်အတွက် မြေပြင် (Survey) တိုင်းတာခြင်းလုပ်ငန်းများ မြေခံနိုင်ဝန် ဘူမိဗေဒတိုင်းတာခြင်းလုပ်ငန်းများကို ဦးစွာဆောင်ရွက်ပြီး ရရှိလာသော အချက်အလက်များပေါ်တွင် ဒီဇိုင်းပုံစံများရေးဆွဲ၍ လုပ်ငန်းကုန်ကျငွေခန့်မှန်းခြေအသုံးစရိတ်ကို တွက်ချက်ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်သင့်ပါ သည်။

သို့ဖြစ်ပါ၍ ကနဦးအကြုံတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ရန်ပုံငွေ ကျပ်(၁၅.၀၀)သန်းခန့်ကို ၂၀၂၀-၂၀၂၁ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ (BE) သို့မဟုတ် (RE) တွင် တင်ပြပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။

ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အင်းဝိုင်းကျေးရွာအုပ်စု၊ ရေကြည်ချောင်း ကျေးရွာအနီး ရေကြည်ချောင်းတံတားကြီး၏ လှည်းလမ်းကူးနေရာတွင် ရေတံခါး(၁)ခု အမြန်ဆုံး ပြုလုပ်ပေးရန် အစီအစဉ်ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်၍ ညောင်လေးပင်မြို့နယ်၊ အင်းဝိုင်းကျေးရွာအုပ်စု၊ ရေကြည်ချောင်းကျေးရွာအနီး ရေကြည်ချောင်းတံတားကြီး၏ လှည်းလမ်းကူးနေရာတွင် တောင်သူများမှ နှစ်စဉ်ယာယီ မြေသားတမံဖြင့် ပိတ်ဆို့၍ ရေယူစိုက်ပျိုးလုပ်ကိုင်ကြရာတွင် နှစ်ကြာလာသည်နှင့်အမျှ ပိတ်ဆို့ရန် မြေရှားပါးမှု ပြဿနာကြုံတွေ့ရနိုင်သဖြင့် ရေတံခါးတစ်ခုတည်ဆောက်ပေးရန် တင်ပြခြင်းဖြစ်ပါသည်။ ရဲကို့ချောင်း (ခေါ်) စွန်းငါးနုချောင်းပေါ်ရှိ လှည်းလမ်းကူးနေရာတွင် ရေတံခါးတည်ဆောက်ခြင်းဖြင့် ကွင်း(၁၇) ကွင်းရှိ လယ်မြေကေ (၁၅၀၀)ကျော်အား ရေကျနောက်စိုက် မိုးစပါးစိုက်ပျိုးမှုနှင့် နွေစပါးစိုက်ပျိုးမှု တို့အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

ရေကြည်ချောင်းတံတားကြီး၏ လှည်းလမ်းကူးနေရာတွင် ရေတံခါးဆောက်လုပ်ရန် အစီအစဉ်မှာ ဖြစ်မြောက်နိုင်စွမ်းရှိမည်ဖြစ်သော်လည်း Foundation နှင့်ပတ်သက်သည့် စူးစမ်းလေ့လာမှုများ

ပြုလုပ်၍ အသေးစိတ်ဒီဇိုင်းရေးဆွဲမှုများ ပြုလုပ်ရန်လိုအပ်မည်ဖြစ်ပါသည်။ ထို့အပြင် ရေတံခါးအတွင်း သိုလှောင်ရမည့် ရေအရင်းအမြစ်မှာ မြစ်ကျိုးအင်းများဖြစ်၍ ယင်းအင်းများတွင် ရေလှောင်ခြင်း၊ ရေလျော့ခြင်းများကို စီမံခန့်ခွဲနိုင်ရန်အတွက် တောင်သူလယ်သမားများမှ အစုအဖွဲ့ဖြင့် ယင်းအင်းများ၏ ငါးဖမ်းဆီးသည့် လုပ်ပိုင်ခွင့်ကို ငါးလုပ်ငန်းဦးစီးဌာနထံမှ လေလံဆွဲ၍ ဆောင်ရွက်ရန် လည်း လိုအပ်မည်ဖြစ်ပါသည်။ မိုးစပါးရေကျနောက်စိုက်အောင်ရေရယူရန် လိုအပ်ချိန်ဖြစ်သော နိုဝင်ဘာလ အလယ်မှ ဇန်နဝါရီလအလယ်အတွင်း ရေပြတ်လပ်မှုမရှိစေရန် ရေကြည်ချောင်းအင်းမှ ရေလွှတ် ချိန်အား ညှိနှိုင်း၍ ၎င်းရေလိုအပ်ချိန်တွင် ဆွဲဒလွဲကျေးရွာအနီးရှိ ကွင်းဒလကြီး ချောင်းကျိုးအင်း လျှပ်စစ်မြစ်ရေတင်ခြင်းလုပ်ငန်းမှ ရေချပေးနိုင်ရန်အတွက်လည်း မြို့နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ လှည်းလမ်းကူး နေရာတွင် ရေတံခါးတည်ဆောက်ပေးနိုင်ရန်အတွက် ဒီဇိုင်းရေးဆွဲခြင်း၊ ခန့်မှန်းခြေစာရင်း တွက်ချက် ခြင်းများဆောင်ရွက်ပြီးနောက် (၂၀၁၉-၂၀၂၀)ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေလျာထား စာရင်းတွင် ပါဝင်ခြင်းမရှိပါသဖြင့် (၂၀၂၀-၂၀၂၁)ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ဆက်လက်လျာထားတင်ပြပေးမည်ဖြစ်ပါကြောင်းလေးစားစွာ ဖြေကြားအပ်ပါသည်။

ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးမြန်း ခွင့်ပြုပါ။

ဥက္ကဋ္ဌ။ ။ ခွင့်ပြုပါတယ်။

ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ဝန်ကြီးဖြေသွားတဲ့ထဲမှာ ဆုံးရှုံးတာတွေကို သင်ခန်းစာယူပြီး နောက်နှစ်မဖြစ်အောင် ဆောင်ရွက်မည်ဟု ဖြေကြားသွားပါကြောင်း၊ မိမိတို့ ဖြစ်စေ ချင်တာက မေးခွန်းရဲ့ ခေါင်းစဉ်မှာပါပြီးသားပါ။ တောင်သူတွေက ဆောင်းသီးနှံတွေမှာ ဖျက်ပိုးတွေနဲ့ မြေသားများ လျော့ကျပြီးတော့ သီးနှံတွေ အချိန်မီရင့်မှည့်တဲ့အချိန်ကို ရောက်နိုင်မှ ပျက်စီးတာတို့၊ ဒီလိုမျိုးတွေ ဆောင်းသီးနှံတွေစိုက်ပျိုးတဲ့ တောင်သူတွေဟာ သူတို့စိုက်သလောက် သူတို့လုပ်အား စိုက်ထုတ်သလောက် မအောင်မြင်ပဲနဲ့ ဖြစ်နေတာတွေဟာ အားလုံးသိပြီးသား ဖြစ်ပါတယ်။ ဒါကြောင့် မို့လို ကျွန်တော်တို့က ဘယ်လောက်ပဲစုံစမ်းနေနေ အခြေအနေမကောင်းခဲ့လို့ အခြားနေရာတွေမှာ လည်းပဲ နေ့စဉ်နှင့်အမျှ လုပ်အားတွေစီးဆင်းနေတာ အားလုံးသိပြီးသား ဖြစ်ပါတယ်။ ဒီလိုမျိုး ရှားရှားပါးပါး အောင်မြင်ဖြစ်ထွန်းနေတဲ့ ၈က(၂၁၃)က နည်းတာမဟုတ်ပါဘူး။ ဒီလိုဟာပေါ်မှာ ကျွန်တော်တို့ ဖြစ်စေချင်တာက ရေလွှတ်မယ်ဆိုရင် ကျေးရွာမှာရှိနေတဲ့ တောင်သူတွေကို ကွင်းဆင်းတဲ့ နေရာမှာ ဒီလိုတော့ ရေတော့လွှတ်တော့မယ်။ လွှတ်တော့မယ်ဆိုရင်တော့ ဒီနေရာတွေမှာ မရောက်အောင် အဲ့နေရာမှာဆိုရင်တော့ သမီးလှကျေးရွာနဲ့ ငါးကြီးကြားမှာဆိုရင် စောစောက

ကုလားပဲစိုက်တောင်သူတွေဘက်ကို စီးဆင်းသွားတဲ့ မိချောင်းသေချောင်းရှိသလို မြစ်သာချောင်းဘက်ကို ဆင်းသွားတဲ့ ရဲစွဲချောင်းရှိပါတယ်။ ပြောရလို့ရှိရင် ဒီနေရာကအဆုံပါ။ ဒီလိုချောင်းဆုံနေရာမှာ မိချောင်းသေချောင်းဘက်ကို ရေကိုမရောက်စေဘဲနဲ့ ကျွန်တော်တို့အနားမှာရှိနေတဲ့ ဝါးလက်ဝါးလို ဟာမျိုးတွေနဲ့ ဆည်ပုံစံမျိုးတွေနဲ့ ရိုက်ပြီးတော့ မြစ်သာချောင်းဘက်ကို စီးဆင်းသွားမယ်ဆိုရင် ဘာမှကုန်ကျမှုလည်းမရှိဘူး၊ တောင်သူတွေကိုလည်းအခုလိုမျိုး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မယ်ဆိုလို့ရှိရင် ထိခိုက်ပျက်စီးမှုလည်းမရှိဘူး၊ ဒီလို ပေါ့ပေါ့ပါးပါး လွယ်လွယ်ကူကူ သက်သက်သာသာ လုပ်ရမဲ့ဟာမျိုးတွေကို ဖြစ်ချင်ရာဖြစ်ဆိုတဲ့ ပုံစံမျိုးဖြစ်ခဲ့လို့ အခုလိုမျိုး တောင်သူတွေဟာ မျက်ရည်နဲ့ မျက်ဖတ်နဲ့ ငိုကြီးချက်မတွေဖြစ်ပြီးတော့ သူတို့ရဲ့ မျှော်လင့်ချက် ဒါလေးတွေရတော့မှ စားရမယ်၊ သောက်ရမယ်၊ ချောင်ချိမယ်၊ လှုပ်ရမယ်တန်းမယ်ဆိုတဲ့ သူတို့ရဲ့ အိမ်မက်တွေပါ ပြိုကွဲပျက်စီးသွားတာဖြစ်သွားပါတယ်၊ ဒါကြောင့်မို့လို့ ဘယ်လိုမျိုးဆောင်ရွက်ပေးဖို့ လျော်ကြေး (သို့မဟုတ်) နစ်နာကြေးပေးရန် အစီအစဉ် ရှိ/မရှိ ဆက်စပ်မေးခွန်း မေးမြန်းပါသည်။

ဥက္ကဋ္ဌ။ ။ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ မေးခွန်းအမှတ်စဉ်(၁)နှင့် စပ်လျဉ်းသည့် ဆက်စပ်မေးခွန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။
ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်ပြီးတော့ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နိုင်ငံလုံးမှာ ပဲခူးတိုင်းဒေသကြီးအတွင်း ဒီနှစ်တွေမှာ မတ်ပဲစျေးမကောင်းတာနဲ့ တောင်သူတွေ တော်တော်များဟာ နွေစပါးကိုစိုက်ပျိုးကြတယ်။ အရင်တုန်းက စိုက်ခဲ့တဲ့ နွေစပါးဧကဟာ (၁၇၀,၀၀၀) (၁၈၀,၀၀၀) ဝန်းကျင်က နေပြီးတော့ ဒီနှစ်ဆိုရင် မြေပြင်အမှန်တကယ်စိုက်ပျိုးမှုအရ (၂၉၀,၀၀၀) (၃၀၀,၀၀၀)ကျော်လောက် စိုက်ပျိုးတာ တွေ့ရပါတယ်။ ကျွန်တော်တို့ ပြည်သူလူထုရဲ့ စိုက်ပျိုးရေးဆိုင်ရာ သီးနှံတွေ အခက်အခဲဖြစ်နေတဲ့အပေါ်မှာ မိမိတို့ ဝန်ကြီးဌာနအနေနဲ့ အတတ်နိုင်ဆုံး ဖြေကြားထားတဲ့အထဲမှာလည် ပါဝင်ပါတယ်။ မြို့နယ်ဒေသအုပ်ချုပ်ရေးမှူးအစည်းအဝေးတွေမှာ ရပ်ကျေးတွေမှာ ဥ၀ါနေရာတွေတော့ နွေစပါးစိုက်မယ်၊ ရေချပေးမယ်ဆိုပြီးတော့ အသိပေးတင်ပြပြီးဖြစ်ပါတယ်။ နောက်တစ်ခုက ရေလွှတ်ချတာ မဟုတ်ပါဘူး။ ဆည်ကနေပြီးတော့ လိုအပ်တဲ့ပမာဏကို ထိန်းညှိပြီးလွှတ်ပေးတာပါ။ မြန်မာပြည်မှာရှိတဲ့ ဆည်တွေ၊ မြောင်းတွေဟာ Irrigated ဧရိယာ လိုသလို Control မလုပ်နိုင်တဲ့ အခြေအနေမျိုးရှိပါတယ်။ မြေသားမြောင်းတွေဖြစ်တယ်။ နောက် Water Couse တွေ လယ်ကြားမြောင်းတွေ စနစ်တကျလုပ်ထားတာတွေ မရှိပါဘူး။ ရေကို လိုရင်လိုသလို မလိုရင်မလိုသလို Irrisating လုပ်နိုင်တဲ့ အခြေအနေမျိုးမဟုတ်ပါဘူး။ အားလုံးသိရှိပြီးတဲ့ အတိုင်းပါ။ ဆည်တွေကိုသာ ကျွန်တော်တို့က တည်ဆောက်ခဲ့ပြီး မြောင်းစနစ်များ

ကောင်းကောင်း တည်ဆောက်နိုင်မှု မရှိသေးပါဘူး။ ပဲခူးတိုင်းဒေသကြီးမှာဆိုရင် တောင်နဂင်း မြောက်နဂင်း၊ တောင်ညိုဝဲကြီး ကွန်ကရစ် တိုင်တွေကို Lining စီပြီးတော့ ရေကိုလိုအပ်သလို ထိန်းချုပ်နိုင်တဲ့ ရေတံခါးတွေ အဆင့်မြှင့်တင်ပြီးတော့ လေးနှစ်တာဆောင်ရွက်ပြီးတော့ ဒီနှစ်ဆိုရင် နောက်ဆုံးနှစ်ဖြစ်နေပါပြီ။ ဒါကြောင့် ကျန်တဲ့ဆည် တွေကိုလည်း လွှတ်တော်က ပြည်သူလူထုကို အသိပေးပါတယ်။ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူး ရပ်/ကျေးတွေကို အသိပေးပါတယ်။ ဒီမှာကျွန်တော်တို့ အသိပေးလိုက်တယ်ဆိုရင် သက်ဆိုင်ရာ ရပ်/ကျေးနဲ့ ပြည်သူလူထုမှာ မိမိရဲ့ အကျိုးလိုလားတဲ့အပေါ်မှာ ကျွန်တော်တို့ မိမိလိုလားချက်အပေါ်မှာ မူတည်ပြီးတော့ ပူးပေါင်းပါဝင် ဆောင်ရွက်သင့်ပါတယ်။ အသိပေးလိုက်တယ်ဆိုတော့ ရပ်/ကျေးကနေတစ်ဆင့် ကိုယ့်ရပ်ကွက်၊ ကျေးရွာတွေမှာလည်း ချပြ ဆွေးနွေးပြီးတော့ ပြောကြားသင့်ပါတယ်။ ကျွန်တော်တို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ရေလွှတ်ပေးလိုက်တဲ့နေရာ ဒေသန္တရလိုအပ်ချက်အရ နွေစပါးစိုက်ပျိုးမှု ပြည်သူလူထု တောင်းဆိုချက်အရ ကျွန်တော်တို့ ဆောင်ရွက်ပေးခြင်းဖြစ်ပြီးတော့ တတ်နိုင်သမျှ safty ဖြစ်အောင် ဘက်ပေါင်းစုံကနေပြီးတော့ ဆောင်ရွက်ပါတယ်။ ဒီနေ့ဆိုရင် စိုက်ဧကပေါ်မူတည်ပြီးတော့ (၂)ဆ ဖြစ်တာတွေ့ရပါတယ်၊ လမ်းဘေးဝဲ/ယာမှာ ဒီနေ့စိုက်တာ အရင်တုန်းကနဲ့မတူပါဘူး။ ဧကပေါင်းများစွာ တွေ့ရပါတယ်။ ပြည်သူ့အကျိုးပါ။ ကျွန်တော်တို့ ဒီဖြေကြားတဲ့ အထဲမှာလည်းပါ,ပါတယ်။ ကျွန်တော်တို့ လက်ရှိစိုက်ပျိုးတဲ့မြေဟာ ယခင်တုန်းက မိုးညိုမြို့နယ်ဟာဆိုလို့ရှိရင် မိုးဆိုရင်လည်း သူနဲ့သင့်တော်တဲ့ ဂုန်လျော်တို့ စိုက်ပါတယ်။ သဘာဝဘေးရေဒဏ်/မိုးဒဏ်တို့ အမြဲပ်ခံနိုင်တဲ့ သီးနှံပေါ့။ ပတ်ဝန်းကျင် လိုက်လျောညီထွေဖြစ်တဲ့သီးနှံနဲ့ စိုက်တဲ့ပုံစံဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာတော့ မြစ်ရေကြီးမှုကနေ ကာကွယ်ပေးတဲ့ အခြေအနေဖြစ်တဲ့အတွက်ကြောင့် အချို့နေရာတွေမှာ မြေပြင်တိမ်ကောလာတယ်၊ တိမ်ကောလာတဲ့ အပေါ်မှာ ဧကတွေ တိုးချဲ့ စိုက်မယ်။ ဒီနေ့ကျွန်တော်တို့ နွေစပါးစိုက်ဖို့ ဆောင်ရွက် ပေးဖို့ ချလိုက်တဲ့ ရေတွေဟာ တောင်သူများကနေပြီးတော့ လိုသလောက်ကိုချမလိုဘဲ ဘာလို့ချလဲ၊ မလိုအပ်ဘဲ ဗရမ်းဗတာတွေ ဖြစ်လာတယ်။ ပြည်သူလူထုပူးပေါင်းပါဝင်ဖို့က ဒီထက်ပိုပြီးတော့ လိုပါတယ်။ တစ်ခြားလုပ်ဆောင် ရမယ့် မေးမြန်းတဲ့ မေးခွန်းများမှာလည်း ပါ,ပါတယ်။ ဒါလေးက ဘာမှကုန်ကျ စရိတ်မရှိပဲနဲ့ ဝါးလေးနဲ့ ကာပြီးတော့ တမံလေးတုပ်လို့ရတယ်ဆိုပြီး ပြည်သူလူထု ပူးပေါင်းပါဝင်ဖို့အတွက် ဒါလေးကို ကိုယ်ထူကိုယ်ထ ဆောင်ရွက်မယ်ဆိုရင်ဖြစ်နိုင်မယ့် အနေအထား မျိုးပါ။ ကျွန်တော်တို့ ယခင်တုန်းက ရွာထိပ်မှာရှိတဲ့ တံတားလေး(၃)ပေလောက် (၅)ပေလောက်ရှိတဲ့ တံတားကို ဒေသန္တရအနေအထားဖြင့် ဆောင်ရွက်တဲ့အခြေအနေကို ဒီနှစ်ကျွန်တော်တို့က အစစအရာရာ သစ်သားချောင်းကူးတံတား တင်ပြပြီးတော့ တာဝန်ယူမဲ့ ပုဂ္ဂိုလ်များဟာ ပူးပေါင်းပါဝင်ဖို့ အားနည်း လာတယ်လို့ပဲ ကျွန်တော်တို့က သုံးသပ်လို့ရပါတယ်။ သူတို့ အသုံးချချင်သလို အသုံးချပြီး ကိုယ့်အကျိုး စီးပွားဖြစ်မယ့်ကိစ္စမှာ ဘယ်လိုတာဝန်မျိုးကိုမှ ဘယ်ပြည်သူကိုမှ အနစ်နာခံပြီး ဆောင်ရွက်ခြင်း မဟုတ်ပါဘူး။ ဒါကို ကျွန်တော်တို့ ပြည်သူလူထုရဲ့ လိုအပ်ချက်အရ ဆောင်ရွက်သင့်တာပါ။ ဒီနေရာတွေ လည်းပဲ အင်းတွေကော၊ ချောင်းတွေ ကောပြီးတော့ အရင်ကလည်း ရေဝင်တဲ့ နေရာတွေဖြစ်တဲ့အတွက်

ခုနက လွတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလိုပဲ ကိုယ်ထူကိုယ်ထအနေနဲ့ ကုန်ကျစရိတ်တွေနည်းတဲ့ ကိစ္စတွေပါဝင် လိုက်မယ်ဆိုရင်တော့ အကျိုးစီးပွားဖြစ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အနေနဲ့ကတော့ အားလုံးအသိပေးပြီးတော့ ဆောင်ရွက်ပြီးသားဖြစ်တယ်။ သက်ဆိုင်ရာ မြို့နယ် အုပ်ချုပ်ရေး ခရိုင်အုပ်ချုပ်ရေးတွေမှာလည်း တင်ပြဆောင်ရွက်ပေးပြီးသားဖြစ်တဲ့အတွက် ကျွန်တော်တို့ အနေနဲ့ တတ်နိုင်သမျှ safty ဖြစ်အောင် ဆောင်ရွက်ပြီးသား ဖြစ်တဲ့အတွက် နောင်နှစ်တွေမှာဆိုလို့ရှိရင် ကျွန်တော်တို့ ဒီလိုမျိုး ရေစီးရာမှာ တိုက်ရိုက်ဝန်ဆောင်မှု အဖွဲ့တွေ ဖွဲ့စည်းပြီး ပူးပေါင်းဆောင်ရွက် သင့်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း လျာထားချက်တို့နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တိုင်းဒေသကြီးလွတ်တော်သို့ တင်သွင်းခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း လျာထားချက်တို့နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တိုင်းဒေသကြီးလွတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန]။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပဲခူးတိုင်းဒေသကြီးလွတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးတရားလွတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် ပဲခူတိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းရင်းဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတောင်းခံမှုများကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတွင် ဌာန/အဖွဲ့အစည်း (၂၅)ခုရှိရာ ဖြည့်စွက်တောင်းခံသည့် ဌာနအနေဖြင့် ထပ်မံတင်ပြတောင်းခံခဲ့ပါသည်။

ဖြည့်စွက်ရန်ပုံငွေတောင်းခံရာတွင် ပြည်ထောင်စုမှ လမ်းညွှန်ပေးခဲ့သည့် ညွှန်ကြားချက်များနှင့် အညီ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိစစ်အတည်ပြုပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအနေဖြင့် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတင်ပြတောင်းခံရာတွင် သာမန်အသုံးစရိတ် ငွေကျပ်သန်းပေါင်း ၁,၆၆၇.၄၆၅သန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ငွေကျပ် သန်းပေါင်း ၅၄၉၇.၁၁၁ သန်း ဖြစ်ရာ စုစုပေါင်း ငွေကျပ် ၇,၁၆၄.၅၇၆ သန်းကို တင်ပြတောင်းခံထားခြင်းဖြစ်ပါ တယ်။

၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတင်ပြတောင်းခံသည့် စာရင်းများကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ ၂၅.၁.၂၀၁၉ ရက်နေ့တွင် အသုံးစရိတ်များနှင့် ပတ်သက်၍ အသေးစိတ်စာရင်းများကိုလည်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ကြိုတင်လေ့လာနိုင်ရေးအတွက် တစ်ဦးချင်းစီကို ကြိုတင်ဖြန့်ဝေပေးထားပြီးလည်း ဖြစ်ပါတယ်။

ယခု လွှတ်တော်သို့ တင်ပြသည့် ဖြည့်စွက်ရန်ပုံငွေ ကျပ်သန်းပေါင်း၇,၁၆၄.၅၇၆ သန်းနှင့် ပတ်သက်၍ ဌာနအလိုက် သာမန်၊ ငွေလုံးငွေရင်းတောင်းခံမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

ကျပ်သန်းပေါင်း

စဉ်	ဌာန/အဖွဲ့အစည်း	သာမန်	ငွေလုံး	စုစုပေါင်း
၁။	တိုင်းဒေသကြီးအစိုးရအဖွဲ့	၉၂၉.၆၆၈	၁၁၉၆.၆၉၇	၂၁၂၆.၃၆၅
၂။	တိုင်းဒေသကြီးလွှတ်တော်	၁၆၁.၁၃၄	၃.၅၅၂	၁၆၄.၆၈၆
၃။	တိုင်းဒေသကြီးတရားလွှတ်တော်	၁.၃၇၉		၁.၃၇၉
၄။	ဥပဒေရုံးများ	၀.၉၂၄	၈.၀၇၈	၉.၀၀၂
၅။	စာရင်းရုံးများ	၇.၃၀၀		၇.၃၀၀
၆။	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၅၆.၄၇၇	၄၅၂.၆၁၂	၅၀၉.၀၈၉
၇။	အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန	၉.၁၂၅	၁၉.၆၀၀	၂၈.၇၂၅
၈။	မီးသတ်ဦးစီးဌာန	၁၆.၁၆၈		၁၆.၁၆၈
၉။	စိုက်ပျိုးရေးဦးစီးဌာန		၅၉.၂၀၀	၅၉.၂၀၀
၁၀။	ငါးလုပ်ငန်းဦးစီးဌာန	၄၂.၉၈၆	၄၉.၅၁၀	၉၂.၄၉၆
၁၁။	မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန	၂.၀၉၅		၂.၀၉၅
၁၂။	သမဝါယမဦးစီးဌာန	၁.၆၄၈		၁.၆၄၈
၁၃။	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန	၄.၃၄၈	၃.၉၆၇	၈.၃၁၅
၁၄။	အားကစားနှင့် ကာယပညာဦးစီးဌာန	၁၈.၀၀၀	၇.၉၁၀	၂၅.၉၁၀
၁၅။	စီမံကိန်းရေးဆွဲရေးဦးစီးဌာန	၂၁.၁၆၆		၂၁.၁၆၆
၁၆။	ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန		၃.၄၆၈	၃.၄၆၈
၁၇။	မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန	၂၀.၂၈၅	၅၄၈.၄၈၀	၅၆၈.၇၆၅
၁၈။	လမ်းဦးစီးဌာန	၁၁.၈၉၆	၂၁၃၇.၇၁၀	၂၁၄၉.၆၀၆
၁၉။	စည်ပင်သာယာရေးအဖွဲ့များ	၃၆၂.၈၆၆	၁၀၀၆.၃၂၇	၁၃၆၉.၆၀၆
	စုစုပေါင်း	**၁၆၆၇.၄၆၅**	**၅၄၉၇.၁၁၁**	**၇၁၆၄.၅၇၆**

ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအနေဖြင့် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းမှာ ရငွေတွင် အခွန်ဝေစုထပ်မံရငွေ ကျပ် ၁၅၆.၀၃၇သန်း အပါအဝင် တိုင်းဒေသကြီးရငွေမှာ ကျပ် ၃၈,၄၄၁.၀၃၅ သန်းနှင့် ပြည်ထောင်စုထောက်ပံ့ငွေအပါအဝင် စုစုပေါင်းရငွေမှာ ကျပ် ၁၇၀,၃၆၉.၅၁၀ သန်းဖြစ်ပါတယ်။ သုံးငွေအနေဖြင့် ကျပ် ၁၇၂,၉၀၉.၇၁၆ သန်း ဖြစ်ရာ လိုငွေကျပ် ၂,၅၄၀.၂၀၆ သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လိုငွေကျပ် ၂,၅၄၀.၂၀၆ သန်းကို ပြည်ထောင်စုမှ ထပ်မံထောက်ပံ့မပေးပါက ပြန်လည် လျော့ချပေးရမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးရငွေမှာ မူလခန့်မှန်းခြေငွေစာရင်းရေးဆွဲစဉ်ကထက် ပြုပြင်ပြီးခန့်မှန်းခြေတွင် ထပ်မံရရှိတဲ့ အခွန်ဝေစုရငွေအပါအဝင် ကျပ် ၄,၅၄၃.၉၁၂ သန်း ပိုမိုရရှိထားပါတယ်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများအား ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ဆွေးနွေးအတည်ပြုပေးနိုင်ပါရန်နှင့် အတည်ပြုပေးခဲ့သည့်အတိုင်း ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း အဆိုပြု တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက လွှတ်တော်သို့ တင်သွင်းသည့် ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းလျာထားချက်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရုပ်နားတဲ့အခါ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့ (၁၆:၀၀) နာရီထက် နောက်မကျစေဘဲ အမည်စာရင်း တင်သွင်းကြဖို့ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးအုန်းမြင့်[တိုင်းဒေသကြီးဥပဒေချုပ်]။ ။(ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးထံယနေ့ (၁၆:၀၀) နာရီထက် နောက်မကျစေဘဲ အမည်စာရင်း တင်သွင်းကြဖို့ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)ကို (၁၁:၂၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၉)ရက် (အင်္ဂါနေ့) နံနက်(၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

[သြဘာသံများ]

အခမ်းအနားမှူး။ ။တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

အခမ်းအနားမှူး။ ။တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
ဒုတိယနေ့ မှတ်တမ်း
၁၃၈၀ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်
[၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်]
(အင်္ဂါနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀:၀၀နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

အခမ်းအနားမှူး။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၉.၄၇ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစ တင်ကျင်းပကြောင်း ကြေညာပါတယ်။

အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးညွှန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စားခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြတ်လှိုင်၊ ဗိုလ်မှူးမျိုးဟိန်းနှင့် ဗိုလ်မှူးကျော်ဝင်းထွန်းတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၁၉.၂.၂၀၁၉)

ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၈)ဦး၏ ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၈ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

ဥက္ကဋ္ဌ။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ယခုလွှတ်တော်ကိုယ်စားလှယ် (၂)ဦးက မေးမြန်းသည့်မေးခွန်း(၃)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ပထမဦးစွာ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"လယ်ယာမြေမဟုတ်ကြောင်း ဝန်ခံချက်(၃-ခ)လက်မှတ်များကို (BACK DATE) များဖြင့် အတုပြုလုပ်ပေးနေမှုများအား တွေ့ရှိနေရသောကြောင့် အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ ကြပ်မတ်စစ်ဆေးအရေးယူဆောင်ရွက်ရန် စီစဉ်ထားရှိသည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **"သိမ်းဆည်းခံလယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေးကော်မတီများ၏ လုပ်ဆောင်ထားပြီးသော အခြေအနေများကို ပြည်သူအများသိရှိနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ယူ၍ အစီရင်ခံစာ ထုတ်ပြန်ပေးသွားရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။(၃-ခ)မှာ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေမှာဆိုရင် ပုဒ်မ (၃-ခ)မှာ စိုက်ပျိုးမြေအသေး/အလတ် ထုတ်လုပ်ရေးပါပါတယ်။ အဲ့ဒါမှာ (၃-ခ)မှာ လယ်ယာမြေမဟုတ်ကြောင်း၊ စိုက်ပျိုးမြေမဟုတ်ကြောင်း၊ (၃-ခ) ပြဋ္ဌာန်းချက်နှင့်မဆိုင်ကြောင်း ထုတ်ပေးနေတဲ့ Certificate လက်မှတ်တစ်ခုဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ကတော့ အိမ်ခြေ၊ အိမ်ယာမြေ သို့တည်းမဟုတ် စက်မှုလုပ်ငန်းလုပ်ကိုင်တဲ့ နယ်မြေဖြစ်ကြောင်းကို အသိအမှတ်ပြုပေးတဲ့လက်မှတ်ဖြစ်ပါတယ်။ ဒီလက်မှတ်ကို ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလမှာ ထုတ်ပေးမှုကို ကန့်သတ်ပြီးတော့ ပိတ်သိမ်းပြီးသားဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပေါ်ပေါက်လာပြီးနောက်ပိုင်းမှာ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ဥပဒေပါ လွှမ်းမိုးပြီးတော့ ပယ်ဖျက်ပြီးသားဖြစ်ပါတယ်။ ဒါပေမယ့် ၂၀၀၇ ခုနှစ် စက်တင်ဘာနောက်ပိုင်း ထုတ်ပေးခွင့်မရှိတော့တဲ့ ရက်စွဲနောက်ပိုင်းကနေစပြီးတော့ ယနေ့အချိန်အထိ ၂၀၁၈ခုနှစ် နှစ်ကုန်ပိုင်းထိ ကျွန်တော်တို့ ပြည်မြို့နယ်မှာ အဲ့ဒီအချိန်က ၂၀၀၆၊ ၂၀၀၇ ကတာဝန်ယူခဲ့သော ပြည်ခရိုင်၊ မြေစာရင်းမှူးရဲ့ လက်မှတ်နဲ့ (၃-ခ) လက်မှတ်တွေ အတုထွက်ရှိနေတာကို စိစစ်တွေ့ရှိရတာဖြစ်ပါတယ်။ (၃-ခ) လက်မှတ်တွေကို ဘာကြောင့်အတုပြုလုပ်ကြတာလဲဆိုရင် ပထမတစ်ခုကတော့ ဘဏ်ကိုချေးငွေယူတဲ့အခါမှာ မြေယာပိုင်ဆိုင်မှုတစ်ခုအနေနဲ့ (၃-ခ) လက်မှတ်ကို တင်ပြနိုင်အောင် အတုပြုလုပ်ကြတာကို တွေ့ရပါတယ်။ ဒုတိယတစ်ခုကတော့ လုပ်ငန်းလိုင်စင်တွေပါ။ အဓိကအားဖြင့် ဆီဆိုင်လုပ်ငန်းလိုင်စင်တွေပါ။ ဆီဆိုင်လုပ်ငန်းလိုင်စင်တွေက ၂၀၁၂ လယ်ယာမြေဥပဒေအရ အခြားနည်းသုံးစွဲခွင့်ကို လျှောက်ထားခြင်းကို မလုပ်ဆောင်တော့ပဲနဲ့ ၂၀၀၆၊ ၂၀၀၇ ခုနှစ် Back Date တွေနဲ့ (၃-ခ) လက်မှတ်အတုကို ပြုလုပ်နေတာတွေ့ရှိရပါတယ်။ ဒီလိုတွေ့ရှိရတဲ့အတွက်ကို ကျွန်တော်တို့အနေနဲ့ စစ်ဆေးတွေ့ရှိမှုတွေကို အဆင့်ဆင့်သို့ တင်ပြထားတာ ရှိပါတယ်။ ဒါပေမယ့် ၂၀၁၈ ခုနှစ်၊ နှစ်ကုန်ပိုင်း၊ ၂၀၁၉ခုနှစ် ဇန်နဝါရီလပိုင်းထိ ဒီ(၃-ခ) လက်မှတ်အတုတွေက ဆက်လက်ပြီးတော့ ထွက်ရှိနေတုန်း ဖြစ်ပါတယ်။ ဒါတွေကို အစိုးရ

အနေနဲ့ ဘယ်လိုကြေပ်မတ်ပြီးတော့ ဆောင်ရွက်သွားမယ်၊ ဘယ်လိုအရေးယူဆောင်ရွက်သွားမယ်ဆိုတာကို သိရှိလိုတဲ့အတွက် လွှတ်တော်မှတစ်ဆင့် မေးခွန်းမေးမြန်းခြင်း ဖြစ်ပါတယ်။

ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။၂၀၁၅ခုနှစ်၊ အထွေထွေရွေးကောက်ပွဲမှ ပေါ်ပေါက်လာသော အစိုးရအဖွဲ့၏ ဦးစားပေးလုပ်ငန်းစဉ်ထဲတွင် အသိမ်းဆည်းခံမြေယာများ ပြန်လည်စိစစ်၍ ပြည်သူများလက်ဝယ်ပြန်လည်ပေးနိုင်ရေးမှာ အဓိကလုပ်ငန်းစဉ် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးအတွင်း အဆင့်ဆင့်သော မြေ/စစ်ကော်မတီများ၏ လုပ်ဆောင်ချက်များကို ပြည်သူများ ပွင့်လင်းမြင်သာစွာ သိရှိအကဲဖြတ်နိုင်ရန်နှင့် အစိုးရ၏ဆောင်ရွက်ချက်ကို နားလည်သိရှိနိုင်စေရန် အတွက် မြေ/စစ်ကော်မတီများ၏ လုပ်ဆောင်ချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ယူစုစည်း၍ အစီရင်ခံစာ ထုတ်ပြန်ပေးသွားရန် အစီအစဉ်ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါသည်။

ဥက္ကဋ္ဌ။ ။ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"လယ်ယာမြေမဟုတ်ကြောင်း ဝန်ခံချက်(၃-ခ) လက်မှတ်များကို (BACK DATE) များဖြင့် အတုပြုလုပ်ပေးနေမှုများအား တွေ့ရှိနေရသောကြောင့် အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ ကြပ်မတ်စစ်ဆေးအရေးယူဆောင်ရွက်ရန် စီစဉ်ထားရှိသည်ကို သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်အတွင်း စိုက်ပျိုးမြေများနှင့် ရွာမြေများကို ၂၀၀၆၊ ၂၀၀၇၊ ၂၀၀၈ ခုနှစ် BACK DATE များဖြင့် လယ်ယာမြေမဟုတ်ကြောင်း ဝန်ခံချက်လက်မှတ်(၃-ခ)များကို ဤလယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် လုံး၀(လုံး၀) ပြုလုပ်ဆောင်ရွက်ပေးနေခြင်းမရှိပါကြောင်း၊ ကိုယ်ကျိုးရှာလူတစ်စုမှ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တရား၀င်ထုတ်ယူထားခြင်းမရှိဘဲ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ထုတ်ပေးထားသကဲ့သို့ ထင်ယောင်ထင်မှားပြုလုပ်၍ ဆောင်ရွက်လျက်ရှိနေသည်ဟု ကြားသိရကြောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် ရုံးသို့တင်ပြလာသည့် လယ်ယာမြေမဟုတ်ကြောင်း ဝန်ခံချက်လက်မှတ်များအား ရုံးရှိဦးပိုင်မှတ်ပုံစာရင်း (၁-က)များဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ (၂၀၀၇)ခုနှစ်က ထွက်ရှိထားသောစာများကို မှတ်တမ်းတင်ထားသည့် ထွက်စာမှတ်ပုံတင်စာအုပ်ဖြင့် တိုက်ဆိုင်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်ထိ သံသယဖြစ်ဖွယ် လယ်ယာမြေမဟုတ်ကြောင်း ဝန်ခံချက်လက်မှတ်(၉)စောင် လက်ခံရရှိထားပြီးဖြစ်ပါသည်။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် သံသယဖြစ်ဖွယ် လယ်ယာမြေမဟုတ်ကြောင်း ဝန်ခံချက်လက်မှတ်များ စိစစ်တွေ့ရှိရသည့် (၁၄.၈.၂၀၀၇) ရက်စွဲပါ စာအမှတ်၊ ၂၁၅၅ / မယ (သ)

(၂၄/၂၀၀၇)ဖြင့် လယ်ယာမြေမဟုတ်ကြောင်း ဝန်ခံချက်လက်မှတ် ထုတ်ပေးခြင်းအား တားမြစ်ထား ရှိပြီးဖြစ်ကြောင်းကို အများပြည်သူများသိရှိအောင် ကြေညာခြင်း၊ တရားစွဲဆိုနိုင်ရန်အတွက် ဥပဒေ အကြံဉာဏ်တောင်းခံခြင်းများ ပြုလုပ်လျက်ရှိပါကြောင်းနှင့် အုပ်စုဖြင့်ဖြစ်စေ(သို့)တစ်သီးပုဂ္ဂလဖြစ်စေ၊ စာရွက်စာတမ်းအတု ပြုလုပ်နေမှုများအား စုံစမ်းစစ်ဆေးဖော်ထုတ်၍ ဥပဒေအကြံဉာဏ်ရယူကာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။

ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"သိမ်းဆည်းခံလယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေးကော်မတီများ၏ လုပ်ဆောင်ထားပြီးသော အခြေအနေများကို ပြည်သူအများ သိရှိနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ယူ၍ အစီရင်ခံစာထုတ်ပြန်ပေးသွားရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းသည့်မေးခွန်းနှင့်စပ်လျဉ်းပြီး ပြည်သူများမှ တင်ပြတိုင်ကြားလာသည့် သိမ်းဆည်းမြေကိစ္စရပ်များအပေါ် ဗဟိုလယ်ယာမြေနှင့် အခြား မြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီတွင် ဒုတိယသမ္မတမှ ဥက္ကဋ္ဌအဖြစ်ပါဝင် သည့် ကော်မတီဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု များ ပြန်လည်စိစစ်ရေးကော်မတီတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်များမှ ဥက္ကဋ္ဌ အဖြစ်ပါဝင်သည့် ကော်မတီဖြင့်လည်းကောင်း၊ ခရိုင်/မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတွင် သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးမှူးများမှ ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ကော်မတီဖြင့်လည်းကောင်း ရပ်/ကျေးလယ်ယာမြေနှင့် အခြား မြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတွင် သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူး များမှ ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ကော်မတီဖြင့်လည်းကောင်း ကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး၊ ဗဟို ကော်မတီမှ ချမှတ်ထားရှိသည့် မူဝါဒ(၅၂)ချက်နှင့်အညီ အဆင့်ဆင့်စိစစ်ပြီး မူဝါဒနှင့်အညီ ဗဟို ကော်မတီသို့ တင်ပြဆောင်ရွက်လျှက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေး ကော်မတီအနေဖြင့် သိမ်းဆည်းမြေဆိုင်ရာ တင်ပြတိုင်ကြားသည့်ကိစ္စရပ်များအပေါ် ယခင်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီလက်ထက်က စွန့်လွှတ်မြေများအား သက်ဆိုင်သူများထံ ပြန်လည်လွှဲပြောင်း ပေးအပ်မှုအခြေအနေ၊ ယခုလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီလက်ထက် စွန့်လွှတ်မြေများအား သက်ဆိုင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်မှု အခြေအနေ၊ ယခင် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီလက်ထက်က တိုင်ကြားစာများအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ယခင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီလက်ထက်က အစီရင်ခံစာ အပိုင်းလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ယခု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီလက်ထက်ဗဟိုကော်မတီမှပေးပို့သော တိုင်ကြားစာများအပေါ် ဆောင်ရွက်

ပြီးစီးမှု အခြေအနေ၊ ယခုလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီလက်ထက်မှာ တိုင်းဒေသကြီးသို့ တိုက်ရိုက်တိုင်ကြားစာများအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေစသည်တို့ကို ဇယားများဖြင့် စာရင်းပြုစုလျှက် ဗဟိုကော်မတီသို့ လစဉ်ပေးပို့ ဆောင်ရွက်လျှက်ရှိပါကြောင်းနှင့် တိုင်းဒေသကြီးကော်မတီအနေဖြင့် သိမ်းဆည်းမြေကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဖြေရှင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ Website တွင် ဖော်ပြ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ဥက္ကဋ္ဌကြီးခင်ဗျား- မေးခွန်း(၁)ကို ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။

ဥက္ကဋ္ဌ။ ။ခွင့်ပြုပါတယ်။

ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။လေးစားအပ်ပါသော ဝန်ကြီးခင်ဗျား- ဝန်ကြီး အရေးယူဆောင်ရွက်ရန် စီစဉ်နေသည်ကို သိရတဲ့အတွက် အများကြီးဝမ်းသာပါတယ်။ ကျွန်တော်တို့က အစုအဖွဲ့အလိုက် ရည်ရွယ်ချက်ရှိရှိနဲ့ ပြုလုပ်နေတဲ့ ဥပဒေဖြစ်ပါတယ်။ အဓိကကတော့ ၂၀၁၂ လယ်ယာမြေဥပဒေအရ ဆောင်ရွက်ခြင်းမဟုတ်ဘဲနဲ့ စာရွက်စာတမ်းအတုပြုလုပ်ပြီးတော့ အစိုးရရဲ့ မြေယာဆိုင်ရာ စီမံခန့်ခွဲမှုများကို များစွာအနှောင့်အယှက်ဖြစ်အောင် ပြုလုပ်ခြင်းဖြစ်ပါတယ်။ အထူး အရေးကြီးတဲ့ကိစ္စတစ်ခုအနေနဲ့ အလေးထားပြီးတော့ ဆောင်ရွက်သင့်ကြောင်း ဦးစွာပြောကြားလိုပါတယ်။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တရားဝင်ထုတ်ပေးထားခြင်း မရှိတာတော့ ဟုတ်ပါတယ်။ အတုဖြစ်တဲ့အတွက်ကြောင့် တရားဝင်ထုတ်ပေးထားခြင်းမရှိပါဘူး။ ဒါပေမယ့် လက်ရှိ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများပါဝင်ပတ်သက်မှုမှာတော့ ရှိနေတာကို တွေ့ရှိရပါတယ်။ အဓိကဘယ်အချက်ကို ပြောချင်လဲဆိုရင် ချေးငွေတင်ပြထားပြီးဖြစ်တဲ့ လုပ်ငန်းနဲ့ အညီလျှောက်ထား လာတဲ့ (၃-ခ) လက်မှတ်တစ်စောင်တည်းနဲ့ ပြီးတာတော့မဟုတ်ပါဘူး။ (၃-ခ) လက်မှတ်ကို တရားရုံးမှာ ကျမ်းကျိန်တယ်။ ကျမ်းကျိန်လွှာကို ပြန်ပြီးတော့ Register ပြန်လုပ်ပါတယ်။ Register က ဘယ်မှာပြန်လုပ်ရလဲဆိုတော့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှာဘဲ Register ပြန်လုပ်ပါတယ်။ ဒါကို လက်မှတ်အတုကြီးမှန်း သိရဲ့သားနဲ့ ဘာကြောင့် Register လုပ်ပေးတာလဲ။ သို့တည်းမဟုတ် ဘာကြောင့် စည်းမျဉ်းနဲ့အခုမှ တိုက်ဆိုင်စစ်ဆေးထားလဲ။ အဲ့တော့ ဘာဖြစ်လို့ မှတ်ပုံတင်တုန်းက ဘာကြောင့်တိုက်ဆိုင်စစ်ဆေးဖို့ ပျက်ကွက်ခဲ့တာလဲ။ ကျွန်တော်ပြန်ပြီးတော့ ပါဝင်ပတ်သက်မှုကို သိသာထင်ရှားစေတဲ့အချက်ပါ။ နောက်တစ်ခုက ၁၀၅၊ ၁၀၆ ရေးကူးတာ ချေးငွေတင်ပြမယ်ဆိုရင် (၃-ခ) လက်မှတ်တစ်စောင်တည်းနဲ့ ပေးတာမဟုတ်ဘဲနဲ့ ၁၀၅၊ ၁၀၆ မြေကြီး၊ လယ်ယာမြေနှင့် မြေစာရင်း၊ မြေပုံ(၄)ခုကလည်း လုပ်ငန်းစဉ်ရှိပါတယ်။ ရေးပို့တဲ့အခါမှာ ရေးပို့သည့်

အကြောင်းအရာကို စိုက်ပျိုးမြေဆိုရင် ဘဏ်မှချေးငွေတင်ပြရန်ဆိုတဲ့ တံဆိပ်တုံးရိုက်လို့မရပါဘူး။ ဒါပေမယ့် ကျွန်တော်တို့က နောက်တစ်ခုက မြေအမျိုးအစားမှာပဲ R မြေ၊ Y မြေ၊ G မြေတွေကို ဖျက်ပြီးတော့ B မြေဆိုပြီးတော့ ထည့်ထားတာကို တွေ့ရပါတယ်။ ဒါကတော့ ၁၀၅၊ ၁၀၆မှာ ရေးပို့တာ (၃-ခ) လက်မှတ်တစ်စောင်တည်းနဲ့ ပြီးတာမဟုတ်ပါဘူး။ ၁၀၅၊ ၁၀၆ မူရင်းပါဖို့လိုတယ်။ အဲ့ဒီမူရင်းမှာ ဒီအချက်အလက်တွေကို ပြင်ဆင်ခြင်းများသည်အောက်မှာ မြေတိုင်းစာရေးကစလို့ လက်ထောက် ဦးစီးမှူး၊ ဒုဦးစီး၊ မြို့နယ်ဦးစီးအားလုံးရဲ့ လက်မှတ်တိုတွေ ပါတာဖြစ်ပါတယ်။ အဲ့ဒီအတွက်ကို ဒီဟာက အတွင်းကပါဝင်ပတ်သက်မှုမရှိဘဲနဲ့ လက်မှတ်အတုတစ်စောင်ဟာ လွယ်လင့်တကူနဲ့ ထွက်လာမှာတော့ မဟုတ်ပါဘူး။ အဲ့ဒီအတွက်ကို ဒါကအုပ်စုဖွဲ့ပြီးတော့ အစိုးရရဲ့စီမံခန့်ခွဲမှုကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။ အဲ့ဒီအတွက်ကို တိတိကျကျမြန်မြန်ဆန်ဆန်နဲ့ အရေးတယူဆောင်ရွက်ပေးဖို့လိုအပ်ကြောင်း ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းလိုပါတယ်။ အဲ့ဒီအတွက်ကို ကျွန်တော် အတွင်းမှာရှိတဲ့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဌာနတွင်းမှာရှိတဲ့ ဝန်ထမ်းများကို ဘယ်လိုကြပ်မတ်စစ်ဆေးသွားမယ်ဆိုတာကို ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့်စပ်လျဉ်းသည့် ဆက်စပ်မေးခွန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ ဆက်စပ်မေးမြန်းသည့် ကိစ္စကလည်း အမှန်တကယ် ကျွန်တော်တို့ အောက်ခြေမှာလည်း ဖြစ်နိုင်ပါတယ်။ ခုနက ကျွန်တော်ရှင်းလင်းဖြေကြားထားတဲ့အထဲမှာ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ ပုံစံ (3-B) အတုတွေ ထုတ်ပေးပြီးတော့ ဆောင်ရွက်တဲ့နေရာမှာ အရပ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များဖြစ်လာရင် ဌာနဝန်ထမ်းများလည်း ပါဝင်နိုင်တယ်လို့ သံသယဖြစ်ဖွယ် ရှိနေပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ (3-B)ကို ကျွန်တော်တို့ ထုတ်ပေးနေတယ်။ အတုပြုလုပ်နေတယ်ဆိုရင် စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့၍ စစ်ဆေးပြီးတော့ ဝန်ထမ်းများအတွက်ကလည်း ဒါကို ပါဝင်ပတ်သက်ခဲ့မယ်ဆိုရင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အကြီးကျယ်ဆုံးသော အဂတိလိုက်စားမှုလည်း ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ စုံစမ်းစစ်ဆေးရေးအစုအဖွဲ့တွေဖွဲ့ပြီးတော့ စုံစမ်းစစ်ဆေးပြီး တကယ်ပါဝင်ပတ်သက်တဲ့ ဝန်ထမ်းတွေကိုလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးအရ အရေးယူဆောင်ရွက်သွားမှာဖြစ်သလို ပုဂ္ဂလိက ပါဝင်ပတ်သက်တဲ့ပုဂ္ဂိုလ်များရှိရင်လည်း စာရွက်စာတမ်း အတုပြုလုပ်တဲ့ကိစ္စအပေါ်မှာ ကျွန်တော်တို့

ဥပဒေရဲ့အကြံညဏ်ကိုရယူပြီးတော့ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။ဦးကျော်ဇေယျ မေးခွန်းအမှတ်စဉ်(၁)နှင့်စပ်လျဉ်းသည့် လုပ်ငန်းကိစ္စရပ်များကို သက်ဆိုင်ရာဌာနက စုံစမ်းစစ်ဆေးဖို့ ဒီနေ့ချိန်းထားပါတယ်။ အဲ့ဒါကို ကျွန်တော်က ဒီနေ့ လွတ်တော် အစည်းအဝေးရှိတဲ့အတွက် လွတ်တော်ပြီးမှ ပြန်လည်ချိန်းဆိုပေးဖို့ အကြောင်းပြန်ကြားထားပါတယ်။ အဲ့ဒီအခါကျရင် မပျက်မကွက်သွားရောက်ပြီးတော့ တွေ့ရှိချက်များကို သက်သေခံထွက်ဆိုဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဖြူးမြို့နယ်အတွင်းရှိ ဘာဘူလေးတမံ၏ ကျိုးပေါက်ပျက်စီးနေသောနေရာများကို အချိန်မီပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ ဖြူးမြို့နယ်အတွင်းရှိ ဘာဘူလေးတမံသည် ပြီးခဲ့သည့် မိုးတွင်းကာလရေကြီးစဉ်အခါက (၄)နေရာခန့်ကျိုးပေါက်ခဲ့ပြီး ပတ်ဝန်းကျင်လယ်မြေ များကို ရေလွှမ်းမိုးပြီး ပျက်စီးစေခဲ့ပါသည်။ အဆိုပါတာတမံ၏ ကျိုးပေါက်နေသောနေရာများကို အချိန်မီ မပြုပြင်နိုင်ပါက နောင်လာမည့် စိုက်ပျိုးရေးကာလ လယ်မြေ၈က (၂၀၀)ခန့် ရေလွှမ်းမိုးမည့် အန္တရာယ် ရှိနေပါသည်။ ဘာဘူလေးတမံ၏ ကျိုးပေါက်ပျက်စီးနေသောနေရာများကို အချိန်မီပြန်လည်ပြုပြင် ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို လွတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

ဥက္ကဋ္ဌ။ ။ဦးသက်စိန်မေးမြန်းသည့်မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။ ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဖြူးမြို့နယ်အတွင်းရှိ ဘာဘူလေးတမံ၏ ကျိုးပေါက်ပျက်စီးနေသော နေရာများကို အချိန်မီပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ဖြူးမြို့နယ်ရှိ ဘာဘူလေးတမံသည် တောင်ငူခရိုင်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းထားသော ဘာဘူတမံနှင့်ဆက်စပ်၍ လက်ထောက်ညွှန်ကြားရေးမှူး(၃)ရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၅)၊ တောင်ငူမြို့မှ (၂၀၁၂-၂၀၁၃) ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းဒေသကြီးများအတွင်း ရေကြီးနစ်မြုပ်မှု လျော့ပါးစေရေးအတွက် ဆောင်ရွက်သောလုပ်ငန်းများ ငွေစာရင်းခေါင်းစဉ်ဖြင့် ဆောင်ရွက်ခဲ့သော စစ်တောင်းမြစ်

ရေဘေးကာကွယ်ရေးတာနှင့် ရေနုတ်မြောင်းတူးဖော်ခြင်း (ဘာဘူတာမှဖြူးချောင်းအထိ) လုပ်ငန်း ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းတွင် ဘာဘူတာမှကျောက်ကြီးချောင်းအထိ ရေကာတာတည်ဆောက် ခြင်းလုပ်ငန်း၊ ကျောက်ကြီးချောင်းပိတ်တံမံတည်ဆောက်ခြင်း၊ ကျောက်ကြီးချောင်းမှ ဖြူးချောင်းအထိ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများ ပါဝင်ပါသည်။ တာတမံနှင့်ရေနုတ်မြောင်းသည် ဖြူးမြို့နယ်၊ အမဲခေါင်ကျေးရွာအုပ်စုရှိ စိုက်ပျိုးဧက (၁၃၀၀)ခန့်နှင့် သစ်ချောက်ခင်ကျေးရွာအုပ်စုရှိ စိုက်ပျိုးဧက (၁၀၀၀)ကျော်ခန့်တို့အား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ဘာဘူလေးတာတမံသည် (၂၀၁၈)ခုနှစ် မိုးရာသီစစ်တောင်းမြစ်ရေကြီးစဉ်က

- ပျမ်းမျှ အကျယ်(၈၅)ပေ၊ ပျမ်းမျှအနက် (၇)ပေရှိ (၁)ပေါက်
- ပျမ်းမျှ အကျယ်(၂၅)ပေ၊ ပျမ်းမျှအနက် (၆)ပေခန့် (၁)ပေါက်
- ပျမ်းမျှ အကျယ်(၂၀)ပေ၊ ပျမ်းမျှအနက် (၆)ပေ (၁)ပေါက်
- ပျမ်းမျှ အကျယ်(၅)ပေ၊ ပျမ်းမျှအနက် (၅)ပေခန့် (၁)ပေါက် စုစုပေါင်း (၄)နေရာခန့် ကျိုးပေါက် ခဲ့ပါသည်။

အထက်ဖော်ပြပါ စစ်တောင်းမြစ်ရေဘေးကာကွယ်ရေးတာနှင့် ရေနုတ်မြောင်းတူးဖော်ခြင်း (ဘာဘူတာမှ ဖြူးချောင်းအထိ)လုပ်ငန်းများမှာ လက်ထောက်ညွှန်ကြားရေးမှူး(၃)ရုံး၊ ဆည်မြောင်း နှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၅)၊ တောင်ငူမြို့မှဆောင်ရွက်ခဲ့သော လုပ်ငန်း များဖြစ်ပြီး တောင်ငူခရိုင်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ထိန်းသိမ်းရေး)သို့ လုပ်ငန်း လွှဲပြောင်းပေးထားခြင်းမရှိသေးပါ။ ဘာဘူလေးတာ(သို့) စစ်တောင်းမြစ်ရေဘေးကာကွယ် ရေးတာ(ဘာဘူတာမှကျောက်ကြီးချောင်းထိ) တာတမံသည် (၂၀၁၉)ခုနှစ် မိုးရာသီမတိုင်မီ ဆောင်ရွက် သင့်သော လုပ်ငန်းဖြစ်သော်လည်း ကျိုးပေါက်များပြင်ဆင်ရေးအတွက် (၂၀၁၈-၂၀၁၉)ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားသတ်မှတ်ထားခြင်း မရှိခဲ့ပါ။

သို့ဖြစ်ပါ၍ တာတမံကျိုးပေါက်ခြင်းများအပြင် ရေကျော်ခဲ့သောအပိုင်းများ ပြန်လည်ပြုပြင်ရန်နှင့် ရေထုတ်ပေါက်များ တည်ဆောက်ပေးနိုင်ရန်အတွက် ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်တွင် (ငွေလုံးငွေရင်း) ဖြင့်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ (ဒုတိယဦးစားပေး)တွင် ရန်ပုံငွေထည့်သွင်း တင်ပြထား ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

ဥက္ကဋ္ဌ။ ။ခွင့်ပြုပါတယ်။

ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ဝန်ကြီးဖြေတဲ့အထဲမှာ ဘာဘူလေးတမံဟာလယ်မြေကော(၁၃၀၀)တောင် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ရန် ဆောင်ရွက်ထားတဲ့အကြောင်းဖြေကြားသွားတာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့နှစ်က သဘာဝဘေးအန္တရာယ်ကြောင့် လေးနေရာကျိုးပေါက်တဲ့တာဟာ လာမယ့်စိုက်ပျိုးရာသီမှာ လယ်ကော(၂၀၀၀)ခန့် ရေကြီးနစ်မြုပ်မှုဖြစ်နိုင်တဲ့အကြောင်းကို သိသာထင်ရှားပါတယ်။ ဒီမှာလည်း ကျွန်တော်တို့ လျာထားပေးတာက ၂၀၁၉-၂၀၂၀ (ဒုတိယဦးစားပေး)အနေနဲ့ လျာထားပေးတာကို တွေ့ရှိရပါတယ်။ ဒါဆိုရင် ကျွန်တော်တို့က ဒီကြားကာလ(၁)နှစ်(၂)နှစ်အတွင်းမှာ လယ်မြေကော (၂၀၀၀)ရေကြီးနစ်မြုပ်မှုကို ကျွန်တော်တို့က လက်ပိုက်ကြည့်နေရသလို ဖြစ်မလား။ ကျွန်တော်တို့ သက်ဆိုင်ရာဌာနကို မေးတဲ့အခါမှာလည်း ကုန်ကျစရိတ်ကမများပါဘူး။ ကျွန်တော်တို့ သိရသလောက်ကတော့ (၂၀၀)နဲ့(၃၀၀)ကြားမှာဘဲ ရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဘာဘူလေးတမံကျိုးပေါက်တဲ့နေရာကို ပြုပြင်တဲ့နေရာမှာ အခြားနည်းလမ်းများ အရေးပေါ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းကိုမေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။ဦးသက်စိန်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။ကျွန်တော်တို့ ခုနကဖြေကြားထားတဲ့အပေါ်မှာတော့ ဒီတာဟာ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လွှဲပြောင်းထားတဲ့တာ မဟုတ်ကြောင်းကိုလည်း ရှင်းလင်းဖော်ပြထားပါတယ်။ ဒုတိယတစ်ချက်ကတော့ စီမံခန့်ခွဲခွင့်အရ ပြည်ထောင်စုကနေ စီမံခန့်ခွဲတယ်လို့ ဖော်ပြထားပါတယ်။ သို့ပေမယ့်လည်း တိုင်းဒေသကြီးအနေနဲ့ ၂၀၁၉-၂၀၂၀မှာ ဒုတိယဦးစားပေးအနေနဲ့ တင်ပြထားတယ်လို့ ကျွန်တော်ဖြေကြားတဲ့အထဲမှာပါပါတယ်။ သို့ပေမယ့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ရဲ့ ဆက်စပ်မေးခွန်းအပေါ်မှာ ကွင်းဆင်းစိစစ်ပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှာ သဘာဝဘေးရန်ပုံငွေမှနေပြီးတော့ ထောက်ပံ့ပေးလို့ရမလား။ ဒါကဘဏ္ဍာငွေအပေါ်လည်းမူတည်ပါတယ်။ သဘာဝဘေးရန်ပုံငွေရှိခဲ့မယ်ဆိုရင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်လည်းရခဲ့မယ်ဆိုရင် ကျွန်တော်တို့ ကွင်းဆင်းစစ်ဆေးချက်အပေါ်မှာ အရေးကြီးရင်ကြီးသလိုတော့ ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ ဆက်စပ်မေးခွန်းကို သဘာဝဘေးရန်ပုံငွေကို တင်ပြပေးမှာဖြစ်ပြီးတော့ ကုန်ကျစရိတ်အနေနဲ့လည်းပဲ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ သဘာဝဘေးအန္တရာယ် ရန်ပုံငွေကလည်း ထောက်ပံ့ပေးနိုင်မယ်ဆိုရင်တော့ ဆောင်ရွက်ပေးနိုင်ဖို့အတွက် ကျွန်တော့်အနေနဲ့ တင်ပြပေးသွားမှာဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ယခု လွှတ်တော်ကိုယ်စားလှယ် (၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့်မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ပထမဦးစွာ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုအန္တရာယ်မှကာကွယ်နိုင်ရေး ကမ်းထိန်းနံရံတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ တနော်ကျွန်း ကျေးရွာအုပ်စုသည် အိမ်ခြေ(၉၀၀)ကျော်တည်ရှိပြီး စစ်တောင်းမြစ်ကမ်းဘေးတွင် တည်ရှိသော ရွာကြီးတစ်ရွာဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈တွင် စစ်တောင်းမြစ် ဒီရေတိုက်စားမှုကြောင့် တနော်ကျွန်းကျေးရွာ မိုးကြိုးကုန်းရပ်ကွက်ရှိ အိမ်ခြေ(၆၄)အိမ် ကမ်းပါးပြိုကျသည့်အန္တရာယ်ကို ရင်ဆိုင်ကြရပါသည်။ ကမ်းပါးပြိုကျသည့်အရှည် (၂၆၀၀)ခန့်ရှိပြီး ၎င်းကို ကမ်းထိန်းလုပ်ငန်းဆောင်ရွက်ပေးမည်ဆိုပါက အန္တရာယ်ရှိသော အိမ်ခြေ(၆၄)အိမ်ရှိ ပြည်သူများနှင့် တနော်ကျွန်းကျေးရွာအတွင်း ရေစီးထိုးကမ်းပါးပြိုကျမှုကို ကာကွယ်နိုင်ပါသည်။ ထို့ကြောင့် အရှည်ပေ(၂၆၀၀)ရှိသော ကမ်းပါးပြိုကျမှု အန္တရာယ်နှင့် ကြုံတွေ့နေရသော တနော်ကျွန်းကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများအား ကမ်းထိန်းနံရံတည်ဆောက်ပေးပါရန် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း အုတ်၊ သဲ၊ ကျောက်၊ ဂဝံ၊ မြေနီထုတ်လုပ်ရောင်းချရန် လျှောက်ထားမှုများအား အမြန်ဆုံးစိစစ်ပြီး စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီသူများအား ထုတ်လုပ်ခွင့် အမြန်ဆုံးချပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အတော်များများတွင် နိုင်ငံတော်၏ သဘာဝသယံဇာတများကို အသုံးပြုပြီး အုတ်ဖုတ်ခြင်း၊ မြေနီတူးဖော်ရောင်းချခြင်း၊ ဂဝံ၊ ကျောက်ကြီး၊ ကျောက်စရစ်၊ သဲထုတ်လုပ်သောလုပ်ငန်းလုပ်ကိုင်သူများကို ယခင်က လုပ်ထုံးလုပ်နည်းစည်းကမ်းချက်များအတိုင်း မဆောင်ရွက်ခဲ့ဘဲ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးများ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့မှုများအား

ယခုအခါတွင် စည်းကမ်းတကျထုတ်ပြန်သော ဥပဒေများနှင့်အညီ ထုတ်လုပ်ရောင်းချရန် ညွှန်ကြားပြီး အုတ်၊ သဲ၊ ကျောက်၊ ကျောက်စရစ်၊ ဂဝံ၊ မြေနီ၊ ကျောက်ကြီး ထုတ်လုပ်မှုများကို တားမြစ်ထားပါသည်။

ယခုအခါ ပွင့်လင်းရာသီကို ရောက်ရှိလာပြီး ဒေသခံပြည်သူတို့၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို စတင်ရမည့်အချိန်လည်း ရောက်ရှိသလို တိုင်းဒေသကြီးအစိုးရ၏ ဘတ်ဂျက်လုပ်ငန်းများလည်း စတင်လုပ်ကိုင်ရမည့်အချိန်သို့လည်း ရောက်ရှိနေပြီး ဖြစ်ပါသည်။

သို့ပါသော်လည်း စီးပွားရေးလုပ်ငန်းရှင်များမှ ထုတ်လုပ်ရောင်းချခွင့် လျှောက်ထားသော လုပ်ငန်းများမှလည်း ထုတ်လုပ်ခွင့်မရရှိသေးဘဲအချိန်မှာ စောင့်ဆိုင်းနေကြသလို အချို့မှာ ထုတ်လုပ်ခွင့်ကို မစောင့်ဆိုင်းတော့ပါလျှက် တိုင်းအစိုးရသို့လျှောက်ထားပြီးလျှင် မိမိတို့၏တာဝန်ကျပြီဟု ယူဆပြီး သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် အဆင်ပြေစေရန်အတွက် စီစဉ်ဆောင်ရွက်ပြီး ခွင့်ပြုမိန့်မရသေးဘဲ ထုတ်လုပ်ရောင်းချနေပါသည်။

သို့အတွက် နိုင်ငံတော်မှ ကောက်ခံရရှိမည့်အခွန်များ လျော့နည်းဆုံးရှုံးရသလို တရားမဝင်ခိုးထုတ်သူအနည်းစုမှာ ဈေးကြီးကြီးဖြင့် ရောင်းချနေကြောင်း တွေ့ရပါသည်။ ဒေသခံပြည်သူတို့မှလည်း ခက်ခက်ခဲခဲဝယ်ယူသုံးစွဲရသည့်အပြင် ဈေးကြီးပေးသုံးနေရသကဲ့သို့ တိုင်းဒေသကြီးမှ ညှိနှိုင်းရေးဆွဲထားသော ဒေသပေါက်ကုန်ဈေးနှုန်း သတ်မှတ်တန်ဘိုးထက်ပိုများကာအစိုးရ၏ တည်ဆောက်ပြုပြင်လုပ်ငန်း ဘတ်ဂျက်လျာထားချက်များကို ထိခိုက်နိုင်ပါသည်။

သို့ပါ၍ သဘာဝသယံဇာတများဖြစ်သော အုတ်၊ သဲ၊ ဂဝံ၊ ဂဝံမြေနီ၊ သဲ၊ ကျောက်စရစ်၊ ကျောက်ကြီးထုတ်လုပ်ခွင့်ပြုပါရန် လျှောက်ထားခြင်းများကို အမြန်ဆုံးထုတ်လုပ်ခွင့်ရရှိစေရန် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ထုတ်လုပ်ရောင်းချခွင့်များကို အမြန်ဆုံးထုတ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းအပ်ပါသည်။

ဥက္ကဋ္ဌ။ ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]။ ။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုအန္တရာယ်မှ ကာကွယ်နိုင်ရေး ကမ်းထိန်းနံရံတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ တနော်ကျွန်းကျေးရွာအုပ်စုတွင် ရေတိုက်စားခံရမှုနှင့်ပတ်သက်၍ ရေမြစ်/ဖြိုးဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာစစ်ဆေးခဲ့ပါသည်။ ကွင်းဆင်းတိုင်းတာချက်အရ ရေစီးကြောင်းသည် တနော်ကျွန်းရွာသို့ ဦးတည်စီးဆင်းနေခြင်း၊ ဒီရေသက်ရောက်မှုဒဏ်ကို ခံစားရခြင်းကြောင့်

လည်းကောင်း အဆိုပါကျေးရွာအနီးတွင် မြစ်ပြင်ကျဉ်းမြောင်းနေမှုကြောင့် မြစ်၏သဘောအရ လိုအပ်သော မျှခြေတစ်ခုရရှိရန်အတွက် တနော်ကျွန်းရွာဘက်တွင် ရေတိုက်စားမှုများ ဖြစ်ပေါ်နေကြောင်း စိစစ်တွေ့ရှိရပါသည်။ ကမ်းပြိုမှုဖြစ်ပေါ်နေသော အလျားမှာပေ(၂၄၀၀)ကျော်ခန့်ရှိပါသည်။ တနော်ကျွန်း ကျေးရွာအုပ်စု၊ ရေတိုက်စားကမ်းပြိုကာကွယ်ရေးနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ်ရန်ပုံငွေတွင် ပါဝင်ခြင်းမရှိပါသဖြင့် (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်ရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]။ ။ ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း အုတ်၊ သဲ၊ ကျောက်၊ ဂဝံ၊ မြေနီထုတ်လုပ်ရောင်းချရန် လျှောက်ထားမှုများအား အမြန်ဆုံးစိစစ်ပြီး စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီသူများအား ထုတ်လုပ်ခွင့်အမြန်ဆုံးချပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်/ခရိုင်များတွင် အုတ်/သဲ/ ကျောက် လိုင်စင်လျှောက်ထားမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ပတ်ဝန်းကျင်အလားလေးရပ်၏ ကန့်ကွက်ရန်မရှိကြောင်း သက်ဆိုင်ရာ ဌာနများ၏ ထောက်ခံချက်များဖြင့် Cabinet မှ ခွင့်ပြုလိုက်သော SOP များနှင့်အညီ အမှုတွဲတည်ဆောက်၍ မြို့နယ်/ခရိုင်မှ တင်ပြလာသည့် အမှုတွဲများအား တိုင်းဒေသကြီး မြစ်သဲ၊ ကျောက်၊ အုတ် ထုတ်လုပ်ခြင်းလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီသို့တင်ပြ၍ ကော်မတီဥက္ကဋ္ဌမှစိစစ်ပြီး ခွင့်ပြုချက်ရရှိပါက လုပ်ငန်းလိုင်စင်များ ထုတ်ပေးဆောင်ရွက်လျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်၊ ဇန်နဝါရီလအထိ ခရိုင်များမှ ခါတ်သတ္တု(မြစ်သဲ/ကျောက်စရစ်၊ ဂဝံ၊ အုတ်၊ မြေနီ၊ ကျောက်ကြီး) လိုင်စင်ထုတ်လုပ်ခွင့်တင်ပြမှု (၇၁၀)မှုရှိရာ အခုလက်ရှိ ပြီးခဲ့တဲ့စနေအထိ(၃၅၈)မှုအား လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်ပြီး တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးကြပ်ရေးကော်မတီအဆင့်ဆင့်သို့တင်ပြ၍ ခွင့်ပြုချထားပေးခဲ့ပြီး ဖြစ်ပါသည်။

ကျန်ရှိအမှုတွဲများအား (၁၁.၂.၂၀၁၉)ရက်နေ့တွင် တိုင်းကြီးကြပ်ကော်မတီမှ ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်များအရ ကျင်းအရေအတွက်ထပ်မံတိုးမြှင့်ခြင်းရှိ/ မရှိ၊ တိုင်စာ ရှိ/ မရှိ လျှောက်ထားလုပ်ကွက်ထပ်မှုရှိ/မရှိနေရာများအား ခရိုင်များမှ ပြန်လည်စိစစ်ပြီးတင်ပြရန် ဆုံးဖြတ်ခဲ့ပြီး ခရိုင်များမှ ပြန်လည်တင်ပြလာပါက လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်၍ ပြည့်စုံမှုရှိပါက တိုင်းဒေသကြီး မြစ်သဲ၊ ကျောက်၊ အုတ်ထုတ်လုပ်ခြင်းလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီသို့ တင်ပြ ပြီး

စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီသူများအား ထုတ်လုပ်ခွင့်အမြန်ဆုံးခွင့်ပြု ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ ဥက္ကဋ္ဌကြီးရှင့်။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

ဥက္ကဋ္ဌ။ ။ ခွင့်ပြုပါတယ်။

ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။သက်ဆိုင်ရာဝန်ကြီးက ဖြေကြားတဲ့ထဲမှာ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးရန်ပုံငွေမှာ ပါဝင်ခြင်းမရှိလို့ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးရန်ပုံငွေ တင်ပြတောင်းခံပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသွားတဲ့အတွက် လာမယ့်ဘတ်ဂျက်မှာမပါဘူး။ သို့သော်လည်း ဒေသခံပြည်သူတွေကိုယ်စား ကျေးဇူးတင်ပါတယ်။ လတ်တလောဖြစ်နေတာက တနော်ကျွန်းကျေးရွာရဲ့ ကမ်းပါးအဟိုက်ကြီးက အဲ့ဒီထဲကို ပြိုကျလို့ရှိရင် စစ်တောင်းမြစ်ဟာ ရေတက်ရေကျရှိပါတယ်။ ရေစီးတိုးလာတာနဲ့ မိုးရာသီ ဒီအဟိုက်ကြီးထဲကို ဒီရေတွေတက်လာတဲ့ရေတွေဟာ ထိုးကျသွားရင် အဲ့ဒီဒေသခံပြည်သူတွေကအကုန်လုံး တနော်ကျွန်းတစ်ရွာလုံး ရေစီးထိုးကျတဲ့ ရေကြီးနစ်မြုပ်မှု အန္တရာယ်လည်း ရင်ဆိုင်ရမယ့် အခြေအနေရှိလာပါတယ်။ ကျွန်မအပါအဝင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာန ဆိုင်ရာများ၊ မြစ်/ချောင်းဖြိုးတို့လည်း အကုန်လုံးသိပါတယ်။ ဝန်ကြီးရဲ့ဖြေကြားချက်ထဲမှာလည်း ကွင်းဆင်းတိုင်းတာချက်အရ ရေစီးကြောင်းက တနော်ကျွန်းရွာကို ဦးတည်နေတာကို စိစစ်တွေ့ရှိရတယ်ဆိုတာကိုလည်း ပြောကြားထားတဲ့အတွက် တကယ်လို့ လာမယ့်မိုးရာသီမှာ အဲ့ဒီလိုမျိုး ဖြစ်ခဲ့မယ်ဆိုရင် မိုးရာသီစစ်တောင်းမြစ်က ရေတက်တဲ့အခါမှာ ဒီရေတိုက်ပြီးတော့ ဖြစ်စဉ်တွေဖြစ်နေတာပါ။ မိုးရာသီကျရင်လည်း ဒီလိုမျိုးပဲဖြစ်မှာပါ။ အဲ့ဒီအခါကျရင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ သဘာဝဘေးအန္တရာယ်ကနေ ကြိုတင်ကာကွယ်ဖို့ တနော်ကျွန်းကျေးရွာရဲ့ ဒေသခံပြည်သူလူထုရဲ့ သဘာဝဘေးအန္တရာယ် စိုးရိမ်ပူပန်နေတာကို လတ်တလောကြိုတင်စီမံပေးမယ့် အစီအစဉ် ဘယ်လိုများ ဒေသခံပြည်သူတွေရဲ့ကိုယ်စား ဆောင်ရွက်ပေးမလဲဆိုတာ သိချင်ပါတယ်။ ဒါလေးကို ဖြစ်လာခဲ့တဲ့အခါကျရင် ဆောင်ရွက်ပေးဖို့လည်း အစီအစဉ်ကြိုတင်စီမံထားပေးဖို့ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ဒေါ်ရီရီထိုက်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ် ပါတယ်။

ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]။ ။စစ်တောင်းမြစ်တစ်လျှောက်ရော ဒေသခံပြည်သူတွေ ခံစားနေရတဲ့ဒုက္ခ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်တဲ့ ကမ်းပြိုကာကွယ်ရေးတွေဟာ ပုံမှန်အားဖြင့် နှစ်တိုင်းနှစ်တိုင်း ကျွန်တော်တို့ ပြဋ္ဌာန်းရပါတယ်။ ဒါပေမယ့်လည်း တကယ်တမ်း မြစ်ချောင်းကမ်းထိန်းနံရံ ပြုလုပ်တဲ့အခါမှာလည်း မြစ်ကြောင်းရဲ့အတွင်း အထဲကမြစ်ကိုပြန်သရတဲ့အခြေအနေပါ။ ကမ်းပြိုတဲ့အလုပ်တွေအကုန်လုံးကို တိုင်းဒေသကြီးဘတ်ဂျက်နဲ့ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် စီမံခန့်ခွဲမှုရှိတဲ့ သဘာဝဘေးရန်ပုံငွေရှိပါတယ်။ သဘာဝဘေးရန်ပုံငွေကို ကျွန်တော်တို့ကတင်တောင်းပြီး ယာယီအနေနဲ့ ဆောင်ရွက်လို့ရပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရမယ် ဆိုရင် သဘာဝဘေးနဲ့ပတ်သက်တဲ့ အများအကျိုးကိုတင်တောင်းတာဖြစ်ပါတယ်။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ကြီးနဲ့ ညှိနှိုင်းပြီးတော့ သဘာဝဘေးအန္တရာယ်ရန်ပုံငွေကို စီမံခန့်ခွဲခွင့်ရှိ/မရှိ ဝန်ကြီးဌာနတစ်ခုတည်းဖြစ်တဲ့ သစ်တောဌာနနဲ့ညှိနှိုင်းပြီးတော့ သစ်တောဌာနက တိုင်းဒေသကြီးရန်ပုံငွေ ကမ်းထိန်းနံရံကို ကျွန်တော်တို့က ကျောက်စရစ်တွေနဲ့ တကယ်တမ်းစနစ်တကျလုပ်မယ်ဆိုရင် တံတား(၃)စင်းကုန်ကျစရိတ်နဲ့တူမှာဖြစ်ပြီး တစ်ပေကို(၄)သိန်းနဲ့(၅)သိန်းကျမှာပါ။ တကယ်ကျောက်စီမယ်ဆိုရင် တစ်ပေကို (၈)သိန်းနဲ့ (၁၁)သိန်းကျမှာပါ။ အဲ့ဒီအတွက်ကြောင့် ကျွန်တော်တို့ သဘာဝဘေးနဲ့ပတ်သက်လို့ ဝန်ကြီးချုပ်ရဲ့ စီမံခန့်ခွဲမှုရှိတဲ့ သဘာဝဘေးကို အဆင့်ဆင့် တင်ပြ အစီရင်ခံရမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ယခု လွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုသည် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့်မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဖြူးမြို့နယ်၊ ဇေယျဝတီမြို့တွင် ရန်ကုန်-မန္တလေး အဆန်အမှတ်(၃)နှင့် အစုန်အမှတ်(၄) အမြန်ရထားများ ဆိုက်ကပ်နားပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ဖြူးမြို့နယ်၊ ဇေယျဝတီမြို့သည် စက်ရုံ၊ အလုပ်ရုံများရှိ၍ လူနေထူထပ်သော မြို့တစ်မြို့ဖြစ်ပါသည်။ အဆိုပါဇေယျဝတီမြို့တွင် ယခုအချိန် အထိ ရန်ကုန်-မန္တလေးအမြန်ရထားများ ဆိုက်ရောက်ရပ်နားမှုမရှိပါသဖြင့် ရန်ကုန်-မန္တလေးအဆန် အမှတ်(၃)နှင့် အစုန်အမှတ်(၄)အမြန်ရထားများ ဆိုက်ကပ်ရပ်နားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းအပ်ပါသည်။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"လက်ပံတန်းမြို့နယ်၊ မီးရထားနယ်မြေဝန်းအတွင်း ငှားရမ်းထားသော အဆောက်အဦများမှ ငှားရမ်းခ အဖြစ် ၂၀၁၇-၂၀၁၈ဘတ်ဂျက်နှစ်၌ ငွေမည်မျှရပါသနည်း(ပါ)အချက်(၄)ချက်နှင့်စပ်လျဉ်း၍ သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မီးရထားနယ်မြေဝန်းအတွင်း

- ငှားရမ်းထားသော အဆောက်အဦများမှ ငှားရမ်းခအဖြစ် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်နှစ်၌ စုစုပေါင်းငွေမည်မျှရပါသနည်း။
- မည်သူတို့အား ငှားရမ်းထားပါသနည်း။
- မည်ကဲ့သို့ စီမံခန့်ခွဲထားပါသနည်း။ (သို့မဟုတ်) မည်ကဲ့သို့ စာချုပ်စာတမ်းနှင့် ငှားရမ်းထားပါသနည်း။
- ကျန်သည့်မြေနေရာများကိုလည်း ပြည်သူများမှ ငှားရမ်းလိုပါက မည်ကဲ့သို့ လုပ်ဆောင်ရမည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းအပ်ပါသည်။

ဥက္ကဋ္ဌ။ ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။ ။ ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဖြူးမြို့နယ်၊ ဧရယျဝတီမြို့တွင် ရန်ကုန်-မန္တလေး အဆန်အမှတ်(၃) နှင့် အစုန်အမှတ်(၄) အမြန်ရထားများ ဆိုက်ကပ်နားပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ဧရယျဝတီဘူတာတွင် လက်ရှိအမှတ်(၁)အဆန်၊ (၂)အစုန်၊ (၁၉)အဆန်၊ (၂၀)အစုန်၊ (၃၁) အဆန်၊ (၃၂)အစုန် ရထား(၆)စီးရပ်တန့်ပြီး တစ်လလျှင် ခရီးသည်ဦးရေ ပျမ်းမျှ(၁၄၉၅)ဦးနှင့် ဝင်ငွေ(၁,၈၇၃,၂၆၃)ကျပ် ရရှိပြီး တစ်ရက်လျှင် ခရီးသည်(၅၀)ဦးနှင့် ဝင်ငွေ (၆၂၄၄၂)ကျပ်ရရှိသော ဘူတာဖြစ်ပါသည်။

ရန်ကုန်-မန္တလေးကားလမ်းနှင့် ရထားလမ်းမကြီးအတွင်း တည်ရှိသော မြို့နယ်ခွဲဘူတာဖြစ် ပြီး မြို့နယ်အဆင့်ဘူတာဖြစ်သော ဖြူးဘူတာနှင့် (၄)မိုင်ခန့်သာကွာဝေးပြီး ဖြူးဘူတာတွင် အမှတ်(၁) အဆန်၊ (၂)အစုန်၊ (၃)အဆန်၊ (၄)အစုန်၊ (၉)အဆန်၊ (၁၀)အစုန်၊ (၁၁)အဆန်၊ (၁၂)အစုန်၊ (၁၇) အဆန်၊ (၁၆)အစုန်၊ (၁၉)အဆန်၊ (၂၀)အစုန်၊ (၃၁)အဆန်၊ (၃၂)အစုန် ရထားများရပ်တန့်သဖြင့် ဧရယျဝတီဘူတာမှ ဆိုင်ကယ်ဖြင့်သွားရောက်စီးနင်းနိုင်ပါသည်။

လက်ရှိအခြေအနေအရ အမှတ်(၃)အဆန်၊ (၄)အစုန်ရထားသည် ဖြူးဘူတာတွင် ရပ်တန့်သဖြင့် ဧရယျဝတီဘူတာတွင် ထပ်မံရပ်တန့်မည်ဆိုပါက ရပ်တန့်ဘူတာများ ပိုမိုများပြားခြင်းကြောင့် ခရီးဝေး

သွားလာသူများအတွက် အချိန်ကြာမြင့်နိုင်ခြင်း၊ အမှတ်(၁၉)အဆန်၊ (၂၀)အစုနှစ်ရထား ရပ်တန့်သော်လည်း ခရီးသည်စီးနင်းမှုမရှိခြင်း၊ ခရီးဝေးသွားလိုပါကလည်း အနီးဆုံးဖြူးဘူတာသို့ သွားရောက်စီးနင်းနိုင်ခြင်းတို့ကြောင့် ယခုရထားရပ်တန့်ရန် ကိုက်ညီမှုမရှိပါ။ သို့ပါသောကြောင့် မန္တလေးအဆန်အမှတ်(၃)နှင့် အစုန်အမှတ်(၄)အမြန်ရထားများ စိတ်ကြိုက်ရပ်နားပေးရန် လတ်တလောအစီအစဉ်မရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။ ။ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"လက်ပံတန်းမြို့နယ်၊ မီးရထားနယ်မြေဝန်းအတွင်း ငှားရမ်းထားသော အဆောက်အဦများမှ ငှားရမ်းခအဖြစ် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်နှစ်၌ ငွေမည်မျှရပါသနည်း (ပါ)အချက်(၄)ချက်နှင့်စပ်လျဉ်း၍ သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)၏ ခွင့်ပြုချက်ဖြင့် မြန်မာ့မီးရထား၊ လက်ပံတန်းဘူတာ၌ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်နှစ်တွင် မြေငှားဆိုင်ခန်းပေါင်း(၇၉)ဆိုင်ရှိပြီး စုစုပေါင်း(၁)နှစ်ဝင်ငွေ (၁၅,၄၃၉,၈၀၀/-)ကျပ် ရရှိပါသည်။

လက်ပံတန်းဘူတာတွင် မြန်မာ့မီးရထားမှ ပုဂ္ဂလိကလုပ်ငန်းရှင်(၇၉)ဦးသို့ ငှားရမ်းဆောင်ရွက်ထားရှိမှု အမည်စာရင်းအား ပူးတွဲဇယားဖြင့်တင်ပြအပ်ပါသည်။

(မြေငှား)ဆိုင်ခန်းများကို (၁)နှစ်သက်တမ်း စာချုပ်ချုပ်ဆိုထားပြီး သက်တမ်းကာလ ကုန်ဆုံးပါက ကာလဒေသပေါက်ဈေးနှင့်အညီ ငှားရမ်းခရရှိစေရေးအတွက် လက်ရှိငှားရမ်းခ၏ (၅%) (သို့) (၁၀%) တိုးမြှင့်ကောက်ခံပြီး မြန်မာ့မီးရထားနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတို့မှ နှစ်ဦးနှစ်ဖက်ခွင့်ပြုမှတ်တမ်း စာချုပ်ပါစည်းကမ်းချက်များအတိုင်း သဘောတူလက်မှတ်ရေးထိုးကာ ငှားရမ်းထားခြင်းဖြစ်ပါသည်။

ငှားရမ်းခများကို (၃)လ(၁)ကြိမ် ကောက်ခံရာ၌ သက်ဆိုင်ရာများမှစစ်ဆေးပြီး ငွေစာရင်းထားရှိဘဏ္ဍာရေးဌာနသို့ ပေးပို့အပ်နှံပြီး (၁)လကြိုတင်ကောက်ခံခြင်း၊ သတ်မှတ်ရက် ကုန်ဆုံးသည်အထိ ပေးသွင်းခြင်းမရှိပါက ဝင်ငွေအလေအလွင့်မရှိစေရေးနှင့် ကြွေးကျန်မဖြစ်ပေါ်စေရေးတို့အတွက် ယာယီပိတ်သိမ်းစာထုတ်၍ စောင့်ဆိုင်းကာလ(၁)လအတွင်း ဒဏ်ကြေးငွေနှင့်အတူ ပေးသွင်းစေခြင်း၊ ဒဏ်ကြေးကောက်ခံရာတွင် (၁)ရက်လျှင် (၁)လငှားရမ်းခ၏ (၃%)ဖြင့် တွက်ချက်၍ ကျော်လွန်သည့်ရက်အလိုက် ကောက်ခံခြင်းနှင့် စောင့်ဆိုင်းကာလ(၁)လကျော်လွန်ပါက အပြီးပိတ်သိမ်းခြင်းများဆောင်ရွက်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး၏လမ်းညွှန်မှုအရ MIC မြေငှားဆိုင်အသစ်များ ထပ်မံတိုးချဲ့ငှားရမ်းမှု ရပ်ဆိုင်းထားပါသဖြင့် (မြေငှား)ဆိုင်ခန်းအသစ် လျှောက်ထားခြင်းအပေါ် ခွင့်မပြုသေးပါကြောင်း၊ (မြေငှား)ဆိုင်ခန်းအသစ်များအား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ခွင့်ပြုချက်ရရှိပါက မိမိလျှောက်ထားလိုသည့်နေရာအား မြေပုံနှင့်တကွ လျှောက်ထားရန်၊ ၎င်းနေရာသည် မြန်မာ့မီးရထားပိုင်မြေဖြစ်ခြင်း၊ ရထားသွားလာရေးလုပ်ငန်းနှင့်

လွတ်ကင်းမှုရှိ/မရှိ၊ စီမံကိန်းဧရိယာနှင့် လွတ်ကင်းမှုရှိ၊မရှိတို့အား တိုင်းအရာရှိများမှ ကွင်းဆင်း စစ်ဆေးပြီး လွတ်ကင်းမှုရှိပါက ရုံးချုပ်အဆင့်ဆင့်သို့ ခွင့်ပြုချက်တောင်းခံပြီး ခွင့်ပြုချက်ရရှိပါက ခွင့်ပြုပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

ဥက္ကဋ္ဌ။ ။ခွင့်ပြုပါတယ်။

ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ ဝန်ကြီးဖြေကြားတဲ့ထဲမှာ စာချုပ်စာတမ်းနဲ့ တစ်နှစ်တစ်ခါစာချုပ်တယ်ဆိုတာ ဆိုင်ခန်း(၇၉)ခန်းကို ငှားရမ်းတာလို့ ဖြေကြားထားပါတယ်။ တကယ်လို့ အဲ့ဒီ(၇၉)ခန်းထဲမှာ မပါတဲ့ဆိုင်ခန်းတွေ ငှားထားတဲ့ဆိုင်ခန်းတွေ ရှိလို့ရှိရင် ဥပဒေနဲ့အညီ အရေးယူဖို့အစီအစဉ်ရှိ/မရှိနှင့် နောက်တစ်ခုက သူတို့ငှားထားတဲ့ဆိုင်ခန်းတွေက အတိုင်းအတာနဲ့ မြေပြင်မှာနဲ့က တစ်ချို့ဆိုင်ခန်းတွေဆို (၃)ပေနှုန်းလောက်ပဲရှိတယ်။ ကျန်တဲ့လက်ရှိမြေနဲ့က အရမ်းကွာဟနေတယ်။ ဈေးနှုန်းကလည်း အရမ်းချိုသာနေတဲ့အတွက် အဲဒါတွေကို တိုင်းတာစစ်ဆေးပြီး စာချုပ်စာတမ်းများနဲ့အညီ ကိုက်ညီအောင် ဝန်ကြီးအနေနဲ့ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါသည်။

ဥက္ကဋ္ဌ။ ။ဦးမျိုးအောင်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- လက်ပံတန်းမြို့နယ်အမှတ်(၂)မှ ဦးမျိုးအောင်မေးမြန်းသည့် ဆက်စပ်မေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားရမယ်ဆိုရင် တစ်ခုကတော့ စာချုပ်သက်တမ်းအပါ ဆိုင်ခန်းအကျယ် အဝန်းအတိုင်း ပေးထားတဲ့အကျယ်အဝန်းအတိုင်းမဟုတ်ဘဲနဲ့ ပိုလျှံနေတယ်ဆိုရင် အရေးယူဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းထားတာဖြစ်ပါတယ်။ ထို့ကြောင့် ကျွန်တော်တို့ တကယ်တမ်းသတ်မှတ်ပေးထားတဲ့ ဧရိယာထက်ကျော်လွန်ပြီးတော့ ပိုပြီးတော့ဆောက်လုပ်ထားရင် ပိုပြီးတော့ ဆိုင်ခန်းနေရာတွေ ယူထားတယ်ဆိုရင် စာချုပ်ပါစည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်ပေးဖို့ ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးဌာနဆီကို ဆက်လက်ပြီး ပေးပို့တင်ပြသွားမှာ ဖြစ်ပါတယ်။ တစ်ဖန်ကျွန်တော်ပေးထားတဲ့စာရင်း တိုက်(၇၉)ခန်းအပြင် မြေပြင်အခြေအနေအရ ၇၉ ထက်ကျော်ပြီးတော့ မဆိုင်တဲ့နေရာတွေမှာ တရားဝင်မဟုတ်ဘဲနဲ့ ငှားရမ်းတာမျိုးတွေ တွေ့ရှိပါက ပြည်ထောင်စု

ဝန်ကြီးဌာနကို ဆက်လက်ပြီးဥပဒေနဲ့အညီ ပေးပို့ဆောင်ရွက်မှာဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ အစီရင်ခံစာကို ရေးရာကော်မတီအတွင်းရေးမှူး ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအတွင်းရေးမှူး ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။(ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ အစီရင်ခံစာအား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့(၁၆:၀၀)နာရီထက် နောက်မကျစေဘဲ အမည်စာရင်း တင်သွင်းကြဖို့ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး အသေးစားငွေချေးလုပ်ငန်း(ဥပဒေကြမ်း)နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး အသေးစားငွေချေးလုပ်ငန်း (ဥပဒေကြမ်း)နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးညွန့်ရွှေ[စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]။ ။(ပဲခူးတိုင်းဒေသကြီး အသေးစားငွေချေးလုပ်ငန်း(ဥပဒေကြမ်း)အား နောက်ဆက်တွဲဖြင့်ဖော်ပြပါမည်။)

ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား-၂ ဥပဒေပြုစာရင်းပါ ဥပဒေများ လွှတ်တော်တွင်အတည်ပြုပြဋ္ဌာန်းပြီးနောက် ဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းထားသောရက်အတွင်း နည်းဥပဒေများထွက်ရှိအောင် ဆောင်ရွက်ပေးရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း" အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား-၂ ဥပဒေပြုစာရင်းပါဥပဒေများ လွှတ်တော်တွင်အတည်ပြုပြဋ္ဌာန်းပြီးနောက် ဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းထားသောရက်အတွင်း နည်းဥပဒေများထွက်ရှိအောင် ဆောင်ရွက်ပေးရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ကျွန်တော့်ရဲ့အဆိုကတော့ **"ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား-၂ ဥပဒေပြု စာရင်းပါဥပဒေများ လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းပြီးနောက် ဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းထားသောရက်အတွင်း နည်းဥပဒေများထွက်ရှိအောင် ဆောင်ရွက်ပေးရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား-၂တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းအရ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အသီးသီးသည် မိမိတို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် လိုအပ်သောဥပဒေများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အသီးသီးက ပြဋ္ဌာန်းလျက်ရှိပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး လွှတ်တော်တွင်လည်း ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေနှင့် ရေချိုငါးလုပ်ငန်းဥပဒေများကို အသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ထို့အပြင် ယစ်မျိုးခွန်ဥပဒေပြင်ဆင်သည့် ဥပဒေအားလည်း အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သလို ပဲခူးတိုင်းဒေသကြီး၏ မြေယာခွန်ဥပဒေကိုလည်း အတည်ပြုပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဥပဒေတစ်ခုအား ရေးဆွဲပြဋ္ဌာန်းရာတွင် ခေတ်စနစ်အခြေအနေကိုလိုက်ပြီးတော့ ရေးဆွဲပြဋ္ဌာန်းရပါတယ်။ တစ်ချို့ဥပဒေ ပုဒ်မများဟာ ဥပဒေအသက်ဝင်သည့်နေ့ကစလို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါတယ်။ တစ်ချို့ပုဒ်မများသည် ၎င်းဥပဒေများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ထပ်မံရေးဆွဲ

ပြဋ္ဌာန်းရန်လိုအပ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၉၊ ပုဒ်မခွဲ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဥပဒေတစ်ရပ် ပြဋ္ဌာန်းသည့်အခါ ပုဒ်မခွဲငယ် (၁) ၌ ဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများ ထုတ်ပြန်နိုင်သည်ဟု ပြဋ္ဌာန်းပါရှိပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်က ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၂၇) ရက် ရက်စွဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သော ပဲခူးတိုင်းဒေသကြီး စည်ပင် သာယာရေးဥပဒေကို ပုဒ်မ ၉၈ (က) နှင့် ၂၀၁၈ခုနှစ် မေလ ၉ ရက်နေ့ ရက်စွဲဖြင့် အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်သော ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၉၄ (က) အရ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများသို့ လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏သဘောတူညီ ချက်ဖြင့် ဥပဒေအတည်ပြုသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ထုတ်ပြန်ရမည်ဟု အတိအလင်းရေးဆွဲ အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ သို့သော်လည်း သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများသည် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေအတွက် စည်ပင်သာယာရေးကော်မတီဝင်များ ရွေးချယ်ခြင်း ဆိုင်ရာ နည်းဥပဒေတစ်ခုမှလွဲပြီး အခြားသောစည်ပင်သာယာရေးဥပဒေ အခန်းများအတွက် နည်းဥပဒေများ ရေးဆွဲအတည်ပြုနိုင်မှုမရှိခြင်း၊ ရေချိုငါးလုပ်ငန်းအတွက် နည်းဥပဒေများ ရေးဆွဲ အတည်ပြုနိုင်မှုမရှိခြင်းများကို တွေ့ရှိနေရပါတယ်။ သို့ဖြစ်ပါ၍ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သော ဥပဒေ များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းထားသောရက်အတွင်း နည်းဥပဒေများထွက်ရှိအောင် ဆောင်ရွက်ပေးရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း" အဆိုကို တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ အဆိုရှင်၏အဆိုကိုထောက်ခံမည့်သူရှိပါက ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပါတယ်။

ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ ကျောက်တံခါးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလင်းလင်းကျော်တင်သွင်းတဲ့ **"ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား-၂ ဥပဒေပြု စာရင်းပါဥပဒေများ လွှတ်တော်တွင်အတည်ပြု ပြဋ္ဌာန်းပြီးနောက် ဥပဒေပါ သတ်မှတ်ပြဋ္ဌာန်း ထားသောရက်အတွင်း နည်းဥပဒေများထွက်ရှိအောင် ဆောင်ရွက်ပေးရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်အနေဖြင့် လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်တင်သွင်းတဲ့အဆိုကို ပဲခူးတိုင်းဒေသကြီး လွှတ်တော်အနေဖြင့် လက်ခံဆွေးနွေးသင့်ပါကြောင်း ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ဥပဒေတစ်ခုရေးဆွဲပြဋ္ဌာန်းရာမှာ တစ်ချို့ဥပဒေပုဒ်မများဟာ ဥပဒေ အတည်ပြုတဲ့နေ့က စလို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သော်လည်း တစ်ချို့ဥပဒေပုဒ်မများဟာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ ထပ်မံရေးဆွဲပြဋ္ဌာန်းရန် လိုအပ်ပါတယ်။ ဥပဒေတစ်ခု ပြဋ္ဌာန်းရေးဆွဲလိုက်တာနဲ့အညီ လိုအပ်တဲ့နည်းဥပဒေများ မြန်မြန်ဆန်ဆန် ပြဋ္ဌာန်းပေးနိုင်မှသာ ဥပဒေများ အသက်ဝင်ပြီးတော့ ပြည်သူတွေရဲ့အကျိုးစီးပွားကို အမှန်တကယ် အကျိုးပြုနိုင်မှာဖြစ်တဲ့အတွက် ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးလင်းလင်းကျော်၏အဆိုဖြစ်တဲ့ **"ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား-၂ ဥပဒေပြုစာရင်းပါ ဥပဒေများ လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းပြီးနောက် ဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းထားသောရက်အတွင်း နည်းဥပဒေများ ထွက်ရှိအောင် ဆောင်ရွက်ပေးရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဦးလင်းလင်းကျော် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၂)ဦးဖြစ်တဲ့ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)နှင့် ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)တို့က ထောက်ခံသွားပါတယ်။ အဆိုမှာ **"ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၈၈၊ ဇယား-၂ ဥပဒေပြု စာရင်းပါဥပဒေများ လွှတ်တော်တွင် အတည်ပြု ပြဋ္ဌာန်းပြီးနောက် ဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းထားသောရက်အတွင်း နည်းဥပဒေများ ထွက်ရှိအောင် ဆောင်ရွက်ပေးရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုဖြစ်ပါတယ်။ ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ဆန္ဒကို ရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါ သလားခင်ဗျား။

ဥက္ကဋ္ဌ။ ။အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့လွှတ်တော်ကိုယ်စားလှယ်များ မရှိသည့်အတွက် ဦးလင်းလင်းကျော်၏အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာပါတယ်။ ဦးလင်းလင်းကျော်တင်သွင်းသည့်အဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါလွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးထံ ယနေ့(၁၆:၀၀)နာရီထက်နောက်မကျစေဘဲ အမည်စာရင်းပေးသွင်းကြရန် ဖြစ်ပါတယ်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး(တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို (၁၁:၅၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၉ခုနှစ် ဖေဖော်ဝါရီလ (၂၀)ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

[ဩဘာသံများ]

အခမ်းအနားမှူး။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
တတိယနေ့ မှတ်တမ်း
၁၃၈၀ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်
၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်
(ဗုဒ္ဓဟူးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)ကို နံနက် (၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၃ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၂.၈၉ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ၄(ခ)အရ ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့) အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွား ပါမယ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါ တယ်။

ဦးညွှန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ ကျောက်တံခါးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဇင် [ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းနိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ မိုးညှိမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြတ်လှိုင်၊ ဗိုလ်မှူးမျိုးဟိန်းနှင့် ဗိုလ်မှူးကျော်ဝင်းထွန်းတို့သည် ကိုယ်တိုင် ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် (၂၀.၂.၂၀၁၉)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့ (၁၃)ဦး၏ ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၇၆)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ (၁၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။ (သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။)

ဥက္ကဋ္ဌ။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခုလွှတ်တော်ကိုယ်စားလှယ် (၃)ဦးက မေးမြန်းသည့် မေးခွန်း(၄)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာနဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ ပထမဦးစွာ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ညောင်လေးပင်မြို့နယ်၊ ဇီးကုန်းကြီးကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက် ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ရေရှိရေးစီမံကိန်းဖြင့် ဆောင်ရွက်သည့် ရေတွင်း၊ ရေကန်များမှရေများသည် အများပြည်သူများသောက်သုံးရန် သင့်/မသင့်ကို ကျန်းမာရေး ဌာန FDA တို့မှ စစ်ဆေးခြင်း ရှိ/ မရှိနှင့် မရှိသေးပါက နောင်တွင်စစ်ဆေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။.

ဦးအောင်နိုင်ဦး၊ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ဇီးကုန်းကြီးကျေးရွာအုပ်စု၊ ဇီးကုန်းကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို (၁၉၈၀) ခုနှစ်မှစတင်ဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပါသည်။ ဇီးကုန်းကြီးကျေးရွာသည် ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံနှင့် (၉)မိုင်ခန့်ကွာဝေးပါသည်။ ထို့အပြင် အဆိုပါကျေးလက်ကျန်းမာရေးဌာန (ခွဲ)သို့ မှီခိုနေရသည့် ကျေးရွာများမှာ အလွန်များပြားပါသည်။

ဇီးကုန်းကြီးကျေးရွာအုပ်စုတွင် ရွာခွဲ(၄)ရွာ၊ ကြံဘိုကျေးရွာအုပ်စုတွင် ရွာခွဲ(၅)ရွာ၊ ကြာပန်းကျေးရွာအုပ်စုတွင် ရွာခွဲ(၄)ရွာနှင့် ဝါးပတောကျေးရွာအုပ်စုတွင် ရွာခွဲ(၄)ရွာရှိပြီး ကြာပန်းကျေးရွာအုပ်စုနှင့် ဝါးပတောကျေးရွာအုပ်စုရှိ ကျေးရွာများသည် မြို့နယ်အစွန်အဖျားတွင်ရှိသော ကျေးရွာများဖြစ်ပြီး မြို့နယ်ဆေးရုံနှင့် (၁၅)မိုင်ခန့်ဝေးကွာပါသည်။

ယခုအခါ တိုးတက်လာသော အိမ်ထောင်စုများ၊ လူဦးရေများကြောင့် ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ပေးရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ တစ်နယ်လုံးရှိ ကျေးရွာအုပ်စုပေါင်းများစွာမှ ပြည်သူများအဓိကမှီခိုအားထားနေရသည့် ဇီးကုန်းကြီးကျေးရွာတွင် လက်ရှိဖွင့်လှစ်ထားသည့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းပါသည်။

ဦးအောင်နိုင်ဦး၊ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စီမံကိန်းများတွင် သောက်သုံးရေရှားပါးသည့်ဒေသများ၌ ကျေးလက်ရေရရှိရေး အစရှိသည့် ရေတွင်းရေကန်များ တူးဖော်ပေးခြင်းများ ဆောင်ရွက်နေပါသည်။ အဆိုပါ လုပ်ငန်းများမှာ အင်မတန်လျော်ကန်ပြီး ရေရှားပါးသည့်ဒေသများ၊ ကျေးရွာများအတွက် အမှန်တကယ် ဆောင်ရွက်ပေးသင့်သည့် လုပ်ငန်းများလည်း ဖြစ်ပါသည်။

သို့သော် သေချာတွက်ချက်ဆန်းစစ်ပြီးမှ လုပ်ဆောင်သင့်ပါသည်။ မိမိမြို့နယ်အတွင်း တူးဖော်ထားသည့် ရေကန်များမှာ သောက်ရေအဖြစ်သုံးမရဘဲ သုံးရေချိုးရေအဖြစ်သာအသုံးဝင်ပါသည်။ လက်တူးတွင်းများ၊ တွင်းတိမ်များ (ငွေများချ၍ လုပ်သောတွင်းများ) အားလုံးလိုလို သောက်ရေသာမက သုံးရေပင် သုံးမရသလိုဖြစ်နေပါသည်။ တွင်းနက်၊ စက်ရေတွင်းများမှာလည်း တချို့သောက်သုံး၍ရပြီး တချို့သောက်ရေမရဘဲ သုံးရေအတွက်သာရသည်များရှိပါသည်။ အဆိုပါတွင်းများမှ ရေများသည် အများပြည်သူများ သောက်သုံးရာတွင် ကျန်းမာရေးနှင့် ညီညွတ်မှုရှိ၊ မရှိ စစ်ဆေးမှုများမရှိခြင်းသည်လည်း အလွန်အန္တရာယ်များသည့်ကိစ္စဖြစ်ပါသည်။

စီမံကိန်းရည်ရွယ်ချက်မှာ အလွန်ကောင်းမွန်ပြီး သောက်သုံးရေ(ရေချို)ရှားပါးသည့် ကျေးလက်ဒေသများအတွက် မဖြစ်မနေအကောင်အထည်ဖော်သင့်သည့် လုပ်ငန်းဖြစ်သော်လည်း ဘတ်ဂျက်ငွေကုန်သလောက် ပြည်သူများအတွက် အကျိုးရှိ၊မရှိ၊ သုံးစွဲ၍ရ၊မရ စိစစ်ကြပ်မတ်ရန် လိုအပ်သလို ရရှိလာသည့် ရေများမှာလည်း ကျန်းမာရေးညီညွတ်မှုရှိ၊ မရှိ၊ သောက်ရေ၊ သုံးရေအဖြစ် သုံးစွဲရန်သင့်၊ မသင့် စစ်ဆေးပြီး ကျေးရွာနေပြည်သူများအား တရားဝင်အသိပေးထားသင့်ပါသည်။

သို့ဖြစ်ပါ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ရေရရှိရေးစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ရေတွင်း၊ရေကန်များမှရေများသည် အများပြည်သူများသောက်သုံးရန်၊ သုံးစွဲရန်သင့်၊ မသင့်ကို ကျန်းမာရေးဌာန၊ FDAတို့မှ စစ်ဆေးခြင်းရှိ၊ မရှိနှင့် မရှိသေးပါကနောင်တွင် စစ်ဆေးရန် ရှိ၊ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းပါသည်။

ဥက္ကဋ္ဌ။ ။ဦးအောင်နိုင်ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးကဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါ်ညွန့်ညွန့်ဌေး(ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန)။ ။ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ညောင်လေးပင်မြို့နယ်၊ ဇီးကုန်းကြီးကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ညောင်လေးပင်မြို့နယ်၊ ပန်းတင်ကျေးလက်ကျန်းမာရေးဌာနအောက်ရှိ ဌာနခွဲတစ်ခုဖြစ်သော ဇီးကုန်းကြီးကျေးလက် ကျန်းမာရေးဌာနခွဲသည် ညောင်လေးပင်မြို့နယ်နှင့် (၅)မိုင်ခန့်သာကွာဝေးပြီး ရာသီမရွေးသွားလာနိုင်၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် သားဖွားဆရာမ (၁)ဦး၊ ကျန်းမာရေးကြီးကြပ်-၂(၁)ဦးဖြင့် ကျေးရွာပေါင်း (၅)ရွာ၊ အိမ်ထောင်စုပေါင်း (၁၁၆၂)၊ လူဦးရေ (၄၈၄၀)ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါသည်။ အရေးပေါ်လူနာများအား မြို့နယ်ဆေးရုံသို့ နာရီဝက်အတွင်း ညွှန်းပို့နိုင်သော လူနာတင်ယာဉ်များလည်း စီစဉ်ထားရှိပါသည်။ သို့ဖြစ်ပါ၍ ဇီးကုန်းကြီးကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်

ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ရန် လက်ရှိအခြေအနေအရ သင့်တော်မှုမရှိသေးပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

ဒေါ်ညွှန့်ညွှန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။ ။ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ရေရှိရေးစီမံကိန်းဖြင့် ဆောင်ရွက်သည့် ရေတွင်း၊ ရေကန်များမှရေများသည် အများပြည်သူများသောက်သုံးရန်သင့်/မသင့်ကို ကျန်းမာရေးဌာန FDAတို့မှ စစ်ဆေးခြင်း ရှိ/ မရှိနှင့် မရှိသေးပါက နောင်တွင်စစ်ဆေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ရေရှိရေးစီမံကိန်း၏ အကောင်အထည်ဖော်ဆောင်ရွက်သည့် ရေတွင်း၊ ရေကန်များမှရေများသည် အများ ပြည်သူများသောက်သုံးရန်၊ သုံးစွဲရန်သင့်၊ မသင့်ကို စစ်ဆေးပေးခြင်းမရှိပါကြောင်းနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ယခုအချိန်ထိ သောက်ရေသန့်စက်ရုံများမှ သောက်ရေသန့်အဖြစ် အမှတ်တံဆိပ်ကပ်၍ ဈေးကွက်တွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော သောက်ရေသန့်များ (Bottled Drinking Water) ကိုသာ အများပြည်သူသောက်သုံးရန်သင့်၊ မသင့် စစ်ဆေးပေးလျက်ရှိပါသည်။

ကျန်းမာရေးဌာနအနေဖြင့် သက်ဆိုင်ရာနယ်မြေခံ ကျန်းမာရေးဌာန/ဌာနခွဲများမှ ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်သည့်အခါ ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများကို တစ်ပါတည်း ဆောင်ရွက်ကြပါသည်။ ရေကောင်းရေသန့်ရရှိသုံးစွဲရေးကို ပညာပေးဆောင်ရွက်ပြီး မည်သည့်ရေအရင်းအမြစ်က ရရှိသောရေများသည် သောက်သုံးရန်မသင့်ကြောင်း၊ သုံးစွဲရန်သာသင့်ကြောင်း အကြံပြုခြင်းများသာ ဆောင်ရွက်နိုင်ပြီး လိုက်နာဆောင်ရွက်ခြင်းသည် သုံးစွဲသူပြည်သူများအပေါ်တွင်သာ မူတည်ပါသည်။ ရေသန့်စင်မှုရှိ၊ မရှိ စစ်ဆေးခြင်းကို လိုအပ်သည့်အချိန်မှသာ ရေနမူနာယူ၍ ရန်ကုန်မြို့၊ အမျိုးသားကျန်းမာရေးဌာနသို့ ပေးပို့စစ်ဆေးပေးပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

ဦးအောင်နိုင်ဦး၊ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ဥက္ကဋ္ဌကြီးခင်ဗျား-ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

ဥက္ကဋ္ဌ။ ။ခွင့်ပြုပါတယ်။

ဦးအောင်နိုင်ဦး၊ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ ။ မေးခွန်းနံပါတ်(၁)အနေနဲ့ ဇီးကုန်းကြီးကျေးရွာဆိုတာက အလယ်ဗဟိုချက်မကျတဲ့ ကျေးရွာဖြစ်တဲ့အတွက်ကြောင့်မို့လို့ သူ့ကို ရည်ညွှန်းပြီးတော့ ရွာမှာရှိတဲ့ခဏာတစ်ဖြုတ် ဌာနအဖြစ်အဆင့်တိုးမြှင့်ပေးဖို့ တောင်းခံခြင်းဖြစ်ပါတယ်။

ဒီမှာဖြေထားတာကတော့ ကျေးရွာပေါင်း(၅) ရွာ၊ အိမ်ထောင်စုပေါင်း (၁၁၆၂)၊ လူဦးရေ (၄၈၄၀) လို့ ဖြေထားပါတယ်။ အဲ့ဒါက ဇီးကုန်းကြီးကျေးရွာနှင့် သူ့ပတ်ဝန်းကျင်ကရွာကို ရည်ညွှန်းခြင်းဖြစ်ပါတယ်။ ဇီးကုန်းကြီးရွာရဲ့အနောက်ဘက်မှာ ကြာပန်းကျေးရွာ ရှိပါတယ်။ သူ့အရှေ့ဘက်မှာ ကြာဖြူကျေးရွာ ရှိပါတယ်။ တောင်ဘက်မှာ ဝမ်းဘဲကျေးရွာရှိပါတယ်။ ကျေးရွာအုပ်စုအများကြီးကနေပြီးတော့ ကျေးရွာခွဲအများကြီးရှိပါတယ်။ အဲ့ဒီကျေးရွာခွဲများမှ ပြည်သူတွေက ခုနကပြောသလို ဒီဇီးကုန်းကြီး ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲကိုလာပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေခံယူရတယ်။ အဲ့ဒီရွာခွဲတွေက ကျွန်တော်တို့ ကြာပန်းကျေးရွာအုပ်စုမှာရှိတဲ့ ရွာတွေဆို ကျောက်တံခါးနယ်စပ်နဲ့တောင် ဆက်စပ်နေပါတယ်။ ညောင်လေးပင်မြို့နဲ့ဆေးရုံနဲ့ဆိုလို့ရှိရင် ဆယ့်လေး ငါးမိုင်လောက်ကိုဝေးပါတယ်။ အဲ့ဒီလူတွေအဆင်ပြေအောင်ဆိုပြီး ဒီအလယ်ချက်ဖြစ်တဲ့ ဇီးကုန်းကြီးကျေးရွာမှာ ကျွန်တော်တို့က ဌာနခွဲအဖြစ် အဆင့်တိုးမြှင့်ပေးဖို့ တင်ပြတောင်းခံရခြင်း ဖြစ်ပါတယ်။ အဲ့တော့ဒီဟာကို ထည့်သွင်းစဉ်းစားပြီးတော့ ဇီးကုန်းကြီးကျေးရွာအုပ်စု တစ်ခုတည်းကို မစဉ်းစားဘဲ သူ့ထက်ပိုပြီးတော့ အခြားဝေးလံနေတဲ့နေရာတွေက ကျေးရွာတွေကပြည်သူတွေအတွက်ပါ ထည့်သွင်းစဉ်းစားပြီးတော့ ဒါကို အဆင့်တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းအပ်ပါတယ်။ နောက်တစ်ခုက ဝန်ကြီးဖြေသွားတဲ့အခါမှာ ကျေးလက်ကျန်းမာရေးဌာနဦးစီးဌာနရဲ့ ကျေးလက်ရေရှရှိရေး စီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်သည့် ရေတွင်း၊ ရေကန်များမှ ရေများကို စစ်ဆေးခြင်းမရှိဘူးလို့ဖြေထားတာ ပထမတစ်ပိုင်းမှာ ရှင်းလင်းစွာသိရပါတယ်။ တကယ်လို့ အဲ့လိုမျိုး မရှိဘူးလို့ဆိုလို့ရှိရင် နောက်ပိုင်းမှာချိတ်ဆက်ပြီးတော့ စီမံဆောင်ရွက်ပေးနိုင်မလားဆိုပြီးတော့ နောင်တွင်စစ်ဆေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေရာမှာ ရေတွင်း၊ရေကန်များမှရေရရှိရေး ဆောင်ရွက်နေမှုကရေတွေဟာ ကျွန်တော်တို့တွေ ကွင်းဆင်းတဲ့အခါမှာ တစ်ချို့လက်တူးတွင်းမှရေတွေက သောက်ရေမပြောနဲ့ သုံးရေတောင်မှ လက်ဆေးလို့တောင်မှ အဆင်မပြေတာ အများကြီးတွေ့ရပါတယ်။ တွင်းနက်တွေ စက်ရေတွင်းတွေမှာ ဆိုလို့ရှိရင် တစ်ချို့တွေ သောက်လို့ရတယ်။ တစ်ချို့တွေ သောက်လို့မရဘူး။ ဒါတွေက ခုနပြောသလိုပေါ့ ကျန်းမာရေးနဲ့ ညီညွတ်မှုရှိ/မရှိဆိုတာ အရေးကြီးပါတယ်။ ကျေးလက်ဒေသဦးစီးဌာနကတော့ ရေတွေကို သူတို့ဌာနကိုစစ်ဆေးပြီးတော့ စမ်းသပ်ခိုင်းတယ်လို့ပြောတယ်။ သို့သော်လည်း တစ်ချို့ ကျေးရွာတွေမှာ သောက်သုံးလို့မရလို့ ပစ်ထားတာတွေရှိပါတယ်။ တစ်ချို့ကတော့မသိဘဲနဲ့ သောက်သုံးနေတာရှိပါတယ်။ အဲ့လိုမသိဘဲ သောက်သုံးနေတာကတော့ ပြည်သူတွေရဲ့ကျန်းမာရေးအတွက် အင်မတန်စိုးရိမ်ရပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးဖြေသွားတဲ့အထဲမှာ စစ်ဆေးခြင်းမရှိဘူးဆိုတာ သိရသော်လည်း နောင်မှာဌာနချင်းချိတ်ဆက်ပြီးတော့ စစ်ဆေးရန်အစီအစဉ်ရှိ/မရှိဆိုတာကို ဆက်စပ်မေးခွန်းအနေဖြင့် မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။ဦးအောင်နိုင်ဦး မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နဲ့ အမှတ်စဉ်(၂) တို့နှင့် စပ်လျဉ်းသည့် ဆက်စပ်မေးခွန်းများကို လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါ်ညွှန့်ညွှန့်ဌေး(ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန)။ ။ဦးအောင်နိုင်ဦးရဲ့ ပထမမေးခွန်းနဲ့ ပတ်သက် ပြီးတော့ ဇီးကုန်းကြီးကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခုတည်းကို ဖြေလိုက်တာပါ။ အဲ့တော့ အဲဒီနေရာဒေသမှာရှိတဲ့ ကျေးရွာပေါင်းမှာရှိတဲ့အခြေအနေတွေကို ကျန်းမားရေးဌာနကို ကျွန်မ ကွင်းဆင်းပြီးစစ်ဆေးကြည့်ရှုခိုင်းပါ့မယ်။ ပြီးတဲ့အခါမှာ ကြည့်ရှုပြီးတဲ့အခြေအနေပေါ်မှာ ညှိနှိုင်း ပြီးတော့ ဇီးကုန်းကြီးကျေးလက်ကျန်းမာရေးဌာနခွဲအပြင် နောက်ထပ်ရွာများအတွက်ကို ကျေးလက် ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးဖို့ ဆက်လက်ပြီးတော့ ကျေးလက်ကျန်းမာရေးဌာနနဲ့ ပူးပေါင်းပြီးတော့ ဆက်လက်ဆောင်ရွက်ပေးပါ့ မယ်လို့ ဖြေကြားအပ်ပါတယ်ရှင်။

ဒေါ်ညွှန့်ညွှန့်ဌေး(ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန)။ ။ ဒုတိယမေးခွန်းက နောင်မှာ ဆက်လက်ပြီးတော့ ရေစစ်ဆေးခြင်းလုပ်ငန်းတွေကို လုပ်ဆောင်ခြင်းရှိ/မရှိဆိုတာကတော့ လောလော ဆယ်အားဖြင့် သူတို့မှာ ကျန်းမာရေးဝန်ကြီးဌာနကနေပြီးတော့ ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းအရ စစ်ဆေးနိုင်ခြင်းမရှိသော်လည်း အဲ့ဒီရေမသန့်တဲ့ နေရာဒေသကရေကို သက်ဆိုင်ရာကျန်းမာရေးဌာနက နေတစ်ဆင့် တိုင်းကျန်းမာရေးဌာနကို တင်ပြပြီးတော့မှ စစ်ဆေးဖို့တောင်းဆိုမယ်ဆိုလို့ရှိရင် အဲ့ဒီ ရေနမူနာယူလာပြီးတော့ ရန်ကုန်မြို့မှာရှိတဲ့ အမျိုးသားကျန်းမာရေးဌာနကို ပေးပို့ပြီးတော့ စစ်ဆေး နိုင်လို့ရပါကြောင်း ဆက်လက်ပြီး ဖြေကြားအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ဦးမောင်မောင်လွင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူးမြို့တွင် သူနာပြုသင်တန်းကျောင်းတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ / မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးမောင်မောင်လွင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ပဲခူးတိုင်းဒေသကြီးတွင် ခရိုင်(၄)ခုရှိပြီး၊ တောင်ငူခရိုင်တောင်ငူမြို့နှင့်၊ ပြည်ခရိုင်ပြည်မြို့တို့တွင် သူနာပြုသင်တန်းနှင့် သားဖွား သင်တန်းကျောင်းများရှိပါသည်။ ပဲခူးခရိုင် ပဲခူးမြို့သည် တိုင်းမြို့တော်ဖြစ်သော်ငြားလည်း သားဖွား သင်တန်းကျောင်းသာရှိပါသည်။ ယခုအခါ ပဲခူးခရိုင်အတွင်း သူနာပြုသင်တန်းတက်ရောက်ခွင့် ရသူများဟာ ဝေးလံသောတောင်ငူမြို့နှင့် ပြည်မြို့ရှိ သူနာပြုသင်တန်းကျောင်းများသို့ သွားရောက် သင်တန်းတက်နေရပါသည်။ ထို့ကြောင့် တိုင်းမြို့တော်ဖြစ်သော ပဲခူးမြို့တွင် သူနာပြုသင်တန်းကျောင်း တစ်ကျောင်း ဖွင့်လှစ်နိုင်ပါက ပဲခူးခရိုင်မှသင်တန်းသူများသည် ကုန်ကျစရိတ်သက်သာစွာဖြင့် သင်တန်း

တက်ရောက်နိုင်မည်ဖြစ်ပြီး တိုင်းမြို့တော်အဂ်ိန့်နှင့်လည်း အလွန်လျော်ကန်မှာဖြစ်သည့်အတွက် ပဲခူးမြို့တွင် သူနာပြုသင်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းပါသည်။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပန်းတောင်းမြို့နယ်၊ ရွှေဘုံသာအုပ်စု၊ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့အား အမြန်ဆုံးပြန်လည် ရွေးချယ်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ရွှေဘုံသာအုပ်စု၊ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့မှာလွန်ခဲ့သော (၃၁.၁၂.၂၀၁၄) ရက်နေ့တွင် ရွေးချယ်တင်မြှောက်ဖွဲ့စည်းခဲ့ပြီး ယခုအခါ (၃၁.၁၂.၂၀၁၈)ရက်နေ့တွင် (၄)နှစ်ပြည့်ခဲ့ပြီဖြစ်ပါသည်။ ယခင်ကဲ့သို့ အချိုးကျရွေးချယ်ခြင်းမဟုတ်ဘဲ အများပြည်သူပါဝင်ယှဉ်ပြိုင်စေပြီး ပွင့်လင်းမြင်သာစွာ အမြန်ဆုံးပြန်လည်ရွေးချယ်ပေးရန် လိုအပ်နေပါသဖြင့် ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့အား အမြန်ဆုံးပြန်လည်ရွေးချယ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းပါသည်။

ဥက္ကဋ္ဌ။ ။ယခုကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးဌာနဝန်ကြီးက ပြန်လည် ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါ်ညွန့်ညွန့်ဌေး၊ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန။ ။ဦးမောင်မောင်လွင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ **"ပဲခူးမြို့တွင် သူနာပြုသင်တန်းကျောင်းတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ / မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးမြို့တွင် သူနာပြုသင်တန်းကျောင်းအတွက် မြေနေရာအမည်ပေါက်ရရှိပါကသားဖွားသင်တန်းကျောင်းနှင့်တွဲဖက်၍ သူနာပြုသားဖွားသင်တန်းကျောင်း တိုးချဲ့ဖွင့်လှစ်ရန် လျာထားချက် အစီအစဉ်ရှိပါသည်။ လက်ရှိသားဖွားသင်တန်းကျောင်း၏ မြေနေရာမှာ (၀.၈၄၃)ဧကက (၁၈က) မပြည့်သော မြေနေရာသာရှိသဖြင့် သူနာပြုသင်တန်းကျောင်း တိုးချဲ့ဖွင့်လှစ်ရန်မြေနေရာ (၅)ဧက လိုအပ်ပါသည်။ (၇.၅.၂၀၁၈)ရက်နေ့တွင်ကျင်းပသည့် ဝန်ကြီးချုပ်တက်ရောက်သော ကလိကျေးရွာ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး (၆)ထပ်တိုးချဲ့လူနာဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းတည်ဆောက်ရေး ကြီးကြပ်မှုကော်မတီအစည်းအဝေးတွင် အထွေထွေသဘောတူညီချက်နံပါတ်(၄)အရ သူနာပြု-သားဖွား သင်တန်းကျောင်းအတွက် မြေနေရာအား ကလိဆေးရုံကြီးအတွင်း (၃ဧက-၅ဧက)အထိ မြေနေရာ ပေးနိုင်ရေးအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် ချမှတ်ခဲ့ကြောင်း (၁၁.၅.၂၀၁၈)နေ့စွဲပါ စာအမှတ်၊ ၁၉၂၃/ပခတ-ကုသရေး/ဆဦ/၂၀၁၈အရ သိရှိခဲ့ရပါသည်။

သားဖွားသင်တန်းကျောင်း၏ (၂၈.၁၂.၂၀၁၈)ရက်စွဲပါစာအမှတ်၊ ၅၆၃/ပခ/သဖတ/၂၀၁၈ ဖြင့် မြို့နယ်စီမံကိန်းရုံးနှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊(၁၆.၁.၂၀၁၉) ရက်စွဲပါ စာအမှတ်၊၂၁/ပခ/သဖတ/၂၀၁၉ဖြင့် ပဲခူးခရိုင်စီမံကိန်းရုံးသို့လည်းကောင်း၊ (၁၈.၁.၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ၂၆/ပခ/သဖတ/၂၀၁၉ဖြင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော် ရုံးချုပ်သို့လည်းကောင်း (၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ်အတွက် သူနာပြုသင်တန်းကျောင်း အဆောက်အဦများ ဆောက်လုပ်ရန်လျာထားမှုများအား ကြိုတင်ရေးဆွဲတင်ပြထားပြီးဖြစ်ကြောင်း လေးစားစွာ ဖြေကြား အပ်ပါသည်။

ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ **"ပန်းတောင်းမြို့နယ်၊ ရွှေဘုံသာအုပ်စု၊ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့အား အမြန်ဆုံးပြန်လည် ရွေးချယ်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး ဂေါပက အဖွဲ့သည် (၃၁.၁၂.၂၀၁၄)ရက်နေ့တွင် ရွေးချယ်ခဲ့သည်မှာမှန်သော်လည်း ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁-၄-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၅ / ၁၅-၁ / ဦးဖဖြင့် ရွှေဘုံသာမုနိ စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့သစ်မှ ၆ပြီလ တတိယပတ်အတွင်း ဩဝါဒခံယူပွဲပြုလုပ်ပြီး လုပ်ငန်းတာဝန်များလွှဲပြောင်းလက်ခံ၍ ရွှေဘုံသာမုနိ စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ တာဝန်များကိုဆက်လက်ဆောင်ရွက်သွားရန် ညွှန်ကြားခဲ့ပါသည်။ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့၏ (၁၈.၁၁.၂၀၁၇)ရက်စွဲပါစာအမှတ်၊ ဝ၇၄/ရဘသ (ထွေ)စာအရ ဂေါပကအဖွဲ့သည် (၁.၅.၂၀၁၅)မှစ၍ ဩဝါဒခံယူပွဲပြုလုပ်ပြီး လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်ခဲ့သဖြင့် ဂေါပက သက်တမ်း(၄)နှစ်သည် (၁.၅.၂၀၁၉)ရက်နေ့မှသာ သက်တမ်း ကုန်ဆုံးမည် ဖြစ်ပါသည်။

ပန်းတောင်းမြို့နယ်၊ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၃.၇.၂၀၁၈)ရက်စွဲပါ ရုံးအမိန့်စာအမှတ်၊ ၂၁၁/၂၀၁၈ဖြင့် ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး ဘုရား/ စေတီ ဂေါကအဖွဲ့များ ကြီးကြပ်ရေးကော်မတီတွင် ပါဝင်သည့် တန်ခိုးကြီးဘုရား(၁)ဆူဖြစ်ပါ သည်။

ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုက်ရိုက်ကြီးကြပ် ကွပ်ကဲသော တန်ခိုးကြီးဘုရားစေတီတစ်ဆူဖြစ်သည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုညွှန်ကြား ချက်တစ်စုံတစ်ရာရရှိမှသာ ဂေါပကအဖွဲ့အဟောင်း/အသစ် ရွေးချယ်ဖွဲ့စည်းခြင်းအား ဆောင်ရွက်သွား မည်ဖြစ်ပါသည်။

ဂေါပကအဖွဲ့သက်တမ်းပြည့်ပါက ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး၏ ဩဝါဒစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြလမ်းညွှန်မှုတောင်းခံပြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့မှ ထုတ်ပြန်ထားသော ညွှန်ကြားလွှာ(၃၆)နှင့်အညီ စိစစ်ရွေးချယ် ရေးကို ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ လွတ်တော်ဥက္ကဋ္ဌကြီးရှင့်-ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

ဥက္ကဋ္ဌ။ ။ ခွင့်ပြုပါတယ်။

ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ သက်ဆိုင်ရာဝန်ကြီးက ပြန်လည် ဖြေကြားတဲ့အခါမှာ ၂၀၁၄ခုနှစ်၊ ၁၂ လပိုင်းကဖွဲ့စည်းခဲ့တာမှန်ပေမဲ့ ဩဝါဒခံယူခိုင်းတာက ၁.၅.၂၀၁၅မှာ ဩဝါဒခံယူခိုင်းတာဖြစ်တဲ့အတွက် ၂၀၁၉ခုနှစ် ၅လပိုင်းကျမှ အပြည့်ဖြစ်တာ ဖြေကြားသွားတာပါပါတယ်။ အဲ့တော့ ဖွဲ့စည်းပြီးတာနဲ့ ဩဝါဒခံယူလိုက်တာက (၅)လလောက်ကြာပါတယ်။ အခုတစ်ခါ (၅)လပိုင်း ကြာမှစပြီး ဖွဲ့စည်းမယ်ဆိုရင် ဩဝါဒခံယူလိုက်တာက (၁၀)လပိုင်းကျမှဆိုရင် စတာဝန်ထမ်းဆောင်တာက (၁)နှစ်လောက်ဖြစ်သွားမယ့်ပုံစံမျိုးရှိနေပါတယ်။ အဲ့တော့ အခုဖြေကြားတဲ့အထဲမှာပါတာက ဖြေထားတာ ဘယ်လိုဖြစ်နေလဲဆိုတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသည့် တန်ခိုးကြီး ဘုရားစေတီတစ်ဆူဖြစ်တဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်တစ်စုံတစ်ရာရရှိမှသာ ဂေါပကအဖွဲ့ အဟောင်းအသစ်ရွေးချယ်ဖွဲ့စည်းခြင်းအား ဆောင်ရွက်သွားမည်ဆိုတော့ အစိုးရအဖွဲ့ကမည္ဆန်ကြားရင် လက်ရှိ ဂေါပကနဲ့ဆက်သွားမယ်ဆိုပြီး အဖြေကြီးက အဲ့လိုမျိုးကြီးဖြစ်နေပါတယ်။ အဲ့တော့ ဒေသခံတွေကလည်း လက်ခံခြင်းမရှိတဲ့ ဂေါပကအဖွဲ့ဖြစ်တဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံကွပ်ကဲလို့ရတဲ့ ဘုရားတစ်ဆူဖြစ်တဲ့အတွက် အခုအချိန်ကတည်းက ဖွဲ့စည်းဖို့အတွက်ကို ပြင်ဆင်ရတာ မျိုးရှိပါတယ်။ (၅)လပိုင်း မတိုင်ခင်ကတည်းကပြင်ဆင်မှ ယခုအချိန်ပြင်ဆင်မှ (၅)လပိုင်းဆိုတဲ့အချိန်မှာ တစ်ခါတည်း အလွဲအပြောင်းလုပ်နိုင်မှာဖြစ်တဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲလို့ရတဲ့အတွက် ရွှေဘုံသာစေတီတော်မြတ်ကြီးရဲ့ ဂေါပကပြန်လည်ဖွဲ့စည်းခြင်းကို သက်ဆိုင်ရာဝန်ကြီးက တိုင်းဒေသကြီး အစိုးရအဖွဲ့ကို တင်ပြပြီးတော့ ဂေါပကအဟောင်းကနေ အသစ်ရွေးချယ်နိုင်ဖို့အတွက်ကို အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးနိုင်ဖို့ အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ။ပန်းတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် ဆက်စပ်မေးခွန်းကို လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါ်ညွန့်ညွန့်ဌေး(ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန)။ ။ လွတ်တော်ကိုယ်စားလှယ်ကြီးပြောသွားတဲ့ အနေအထားအရ မှန်ပါတယ်။ တိုင်းဒေသကြီအစိုးရအဖွဲ့က ကြီးကြပ်ကွပ်ကဲတယ်ဆိုတဲ့အတွက် အဆင့်ဆင့်တင်ပြပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို စောင့်ပြီးတော့

ဖွဲ့စည်းရေးကို ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ဒါကြောင့်မို့လို့ အမြန်ဆုံးဖွဲ့စည်းနိုင်အောင် ကျွန်မ အနေနဲ့ အစိုးရအဖွဲ့ကို တင်ပြပြီးတော့ ဖွဲ့စည်းနိုင်ရေးဆောင်ရွက်ပေးမယ်ဖြစ်ကြောင်း ပြန်လည် ဖြေကြားအပ်တယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခုလွှတ်တော်ကိုယ်စားလှယ် (၄)ဦးကမေးမြန်းသည့် မေးခွန်း(၅)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများ ဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ဦးမောင်မောင်လွင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူး တိုင်းဒေသကြီးအတွင်းရှိ သစ်တောမြေများနှင့်ပတ်သက်၍ ကြိုးဝိုင်းသစ်တောဧရိယာ(ပါ) အချက် (၅)ချက်"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးမောင်မောင်လွင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ သစ်တောမြေများနှင့်ပတ်သက်၍

- ကြိုးဝိုင်းသစ်တောဧရိယာ
- ကြိုးပြင်သစ်တောဧရိယာ
- သစ်တောပယ်ဖျက်ဧရိယာ
- ၂၀၁၈Mini ဘတ်ဂျက် သစ်တောစိုက်ဧက
- ၂၀၁၈-၂၀၁၉ သစ်တောစိုက်ဧကများအားသိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို

မေးမြန်းအပ်ပါသည်။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူး တိုင်းဒေသကြီးအတွင်း မြစ်ကမ်းဘေးတွင် လိုင်စင်မရှိဘဲ စုပုံထားသည်များအား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ရန် အစီအစဉ် ရှိ / မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်ကမ်း ဘေးများတွင် လိုင်စင်မရှိဘဲ စုပုံထားသည်များကို တွေ့ရှိရပါသည်။ ဥပမာ-ပန်းတောင်း မြို့နယ်သည် ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိသောမြို့ဖြစ်ပါသည်။ မြစ်ကမ်းဘေးတွင် စုပုံလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုချက်ရရှိရမည်ဖြစ်ပါသည်။

ခွင့်ပြုချက်မရှိဘဲ စုပုံထားသည်များကို ပန်းတောင်းမြို့နယ်အတွင်းတွင်တွေ့ရှိရသလို အခြားမြို့နယ်များတွင်လည်း တွေ့ရှိနေရပါသည်။ ခွင့်ပြုချက်မရှိဘဲစုပုံပါက တရားစွဲဆိုအရေးယူရန် ၂၀၀၆ခုနှစ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေတွင် ဖော်ပြပါရှိပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်ကမ်းဘေးတွင် လိုင်စင်မရှိဘဲ စုပုံထားသည်များအား ဥပဒေနှင့်အညီအရေးယူပေးရန် အစီအစဉ်ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းပါသည်။

ဥက္ကဋ္ဌ။ ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား သယံဇာတ၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာစောညိုဝင်း(ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန)။ ။ဦးမောင်မောင်လွင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သစ်တောမြေများနှင့်ပတ်သက်၍ ကြိုးဝိုင်းသစ်တော ဧရိယာ(ပါ) အချက် (၅)ချက်"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနနယ်မြေအတွင်း ကြိုးဝိုင်းတော (၁၀၄)ခု၊ ၃၀၆၁၉၃၉ ဧက (၄၇၈၄.၂၈ စတုရန်းမိုင်)၊ ကြိုးပြင် ကာကွယ်တော(၈)ခု၊ ၆၄၁၃၀၆ဧက (၁၀၀၂.၀၅ စတုရန်းမိုင်) သဘာဝနယ်မြေ(၂)ခု၊ ၂၀၀၇၇၇ဧက (၃၁၃.၇၂ စတုရန်းမိုင်)၊ စုစုပေါင်းသစ်တောနယ်မြေ ၃၉၀၄၀၂၆ဧက၊ (၆၁၀၀.၀၄ စတုရန်းမိုင်)ရှိပါသည်။ သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေ(သို့မဟုတ်) ကြိုးပြင်ကာကွယ်တောမြေ ၅၄၃၇၅၅ဧက (၈၄၉.၆၂ စတုရန်းမိုင်) ရှိပါသည်။

၂၀၁၃ခုနှစ် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သစ်တောမြေများအတွင်း ကြိုးဝိုင်းကျူးကျော်စာရင်းကောက်ယူမှုအရ အိမ်ခြေ(၅၀)နှင့်အထက် ပြည်ထဲရေးအမည်ပေါက်နှင့် အမည်မပေါက်ကျေးရွာများ၊ အိမ်ခြေ(၅၀)နှင့် အောက်ပြည်ထဲရေးအမည်ပေါက်နှင့် အမည်မပေါက်ကျေးရွာများတွင်နေထိုင်သည့် ဒေသခံပြည်သူတို့၏ ရွာမြေ၊ လယ်မြေ၊ သာသနာမြေ/အများပိုင်မြေ၊ စုစုပေါင်းသစ်တောမြေ ၃၀၅၇၅.၃၉၂ဧက (၄၇.၇၇ စတုရန်းမိုင်)ကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်စွန့်လွှတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

၂၀၁၈ခုနှစ် Mini ဘတ်ဂျက်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း စီးပွားရေး(ကျွန်း)စိုက်ခင်း ၄၃၆၀ ဧက၊ ရေဝေရေလဲစိုက်ခင်း ၅၀ဧက၊ ကျေးရွာသုံးထင်းစိုက်ခင်း ၆၅၀ ဧကနှင့် ပုဂ္ဂလိကကျွန်း နှင့် သစ်မာစိုက်ခင်း ၁၀၃၉၈ဧက၊ စုစုပေါင်း ၁၅၄၅၈ဧက (၂၄.၁၅၃ စတုရန်းမိုင်) တည်ထောင် စိုက်ပျိုးခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း စီးပွားရေး (ကျွန်း)စိုက်ခင်း ၄၄၁၀ ဧက၊ ရေဝေရေလဲစိုက်ခင်း ၅၀ဧက၊ ကျေးရွာသုံးထင်းစိုက်ခင်း ၅၀၀ ဧကနှင့် ပုဂ္ဂလိကကျွန်းနှင့် သစ်မာစိုက်ခင်း ၉၈၁၁ဧက၊ စုစုပေါင်း ၁၄၇၇၁ဧက (၂၃.၀၇၆၉ စတုရန်းမိုင်) တည်ထောင် စိုက်ပျိုးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်ကမ်းဘေးတွင် လိုင်စင်မရှိဘဲ စုပုံထားသည်များအား ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ / မရှိ”**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်/ချောင်းကမ်းဘေးများတွင် ထုတ်လုပ်ထားသော မြစ်/သဲ ကျောက်များ တရားမဝင်စုပုံထားရှိမှုနှင့်ပတ်သက်၍ နိုင်ငံတော်မှ ၂၀၀၆ခုနှစ်တွင် ထုတ်ပြန်ထားရှိသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေပုဒ်မ (၂၇)အရ အရေးယူဆောင်ရွက်မှုများရှိပါသည်။ သာဓကအားဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဒိုက်ဦးမြို့နယ်တွင် (၉)မှု၊ ကျောက်တံခါးမြို့နယ်တွင် (၆)မှု၊ ပဲခူးမြို့နယ်တွင် (၈)မှု၊ လက်ပံတန်းမြို့နယ်တွင်(၁)မှု စုစုပေါင်း(၂၄)မှုတို့ဖြစ်ပါသည်။ ၂၀၁၈ခုနှစ် (စက်တင်ဘာလမှ ဧပြီလ) Mini ဘတ်ဂျက်မှာ တောင်ငူမြို့နယ်တွင် (၂)မှု၊ ပဲခူးမြို့နယ်တွင် (၁၉)မှု၊ ညောင်လေးပင်မြို့နယ်တွင် (၃)မှု စုစုပေါင်း(၂၄)မှုတို့အား အရေးယူဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ညောင်လေးပင်မြို့နယ်တွင် (၁)မှု၊ ဖြူးမြို့နယ်တွင် (၁)မှုနှင့် ပဲခူးမြို့နယ်တွင် (၆)မှု စုစုပေါင်း(၈)မှုတို့အား စုပုံခွင့်လျှောက်ထားခြင်းမရှိပါသဖြင့် သက်ဆိုင်ရာနယ်မြေရဲစခန်းများတွင် အရေးယူဆောင်ရွက်လျက်ရှိပါသည်။ ပန်းတောင်းမြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင် စုပုံခွင့်လျှောက်ထားလာမှု လုပ်ငန်းရှင်(၁၁)ဦး အနက်မှ (၇)ဦးအား ဤဦးစီးဌာနအနေဖြင့် စုပုံခွင့် ခွင့်ပြုပေးခဲ့ပြီး ကျန်(၄)ဦးအား စိစစ်ဆောင်ရွက်လျက်ရှိပါသည်။ (၁၂.၂.၂၀၁၉)ရက်နေ့တွင် ဤဦးစီးဌာနမှ စုပုံလျှောက်ထားရန် အကြောင်းကြားစာများကို လုပ်ငန်းရှင်(၁၅)ဦးအား ဖြန့်ဝေအသိပေး ဆောင်ရွက်လျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်၊ သဲ၊ ကျောက်၊ အုတ်အစရှိသည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်မှုနှင့်ပတ်သက်၍တရားဝင်စနစ်တကျရှိစေရေးအတွက်ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးမှ ဦးဆောင်သော မြစ်သဲ၊ ကျောက်၊ အုတ်ထုတ်လုပ်မှုကြီးကြပ်ရေးတိုင်းကော်မတီကို ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။ အဆိုပါကော်မတီမှ မြစ်သဲ၊ ကျောက်၊ အုတ်အစရှိသော တည်ဆောက်ရေးလုပ်ငန်းသုံး ထုတ်လုပ်မှုနှင့် ပတ်သက်၍ (SOP)များကို ရေးဆွဲကာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူပြီး သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများမှတစ်ဆင့် လုပ်ငန်းရှင်များ လက်ဝယ်သို့ ဖြန့်ဝေခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် သဲ၊ ကျောက်စသော ပစ္စည်းများစုပုံခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာန အသီးသီးစုပေါင်း၍ (SOP)တစ်ရပ်ကိုလည်း ရေးဆွဲလျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

တိုင်းဒေသကြီးအတွင်း မြစ်သဲ၊ ကျောက်၊ အုတ်ထုတ်လုပ်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌမှလည်း (၄.၁၂.၂၀၁၈)ရက်နေ့တွင် ကျင်းပသော အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၈)တွင် သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများအနေဖြင့် မိမိမြို့နယ်အတွင်း စုပုံမှုစာရင်းများ ကောက်ယူရန်

လမ်းညွှန်ထားပြီးဖြစ်ပါသည်။ ဤဦးစီးဌာနများအနေဖြင့် မိမိမြို့နယ်အတွင်း စုပုံမှုစာရင်းများ ကောက်ယူရန် လမ်းညွှန်ထားပြီးဖြစ်ပါသည်။ ဤဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဦးစီးဌာန(ရုံးချုပ်)၏ ညွှန်ကြားချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၏ တင်ပြမှုများကို ပဲခူးတိုင်းဒေသကြီးရုံးနှင့် ပြည်မြို့နယ်ရုံးတို့ရှိ ဝန်ထမ်းများနှင့် မိခင်ဌာန၏ လုပ်ငန်းတာဝန်များအပြင် သဲ၊ ကျောက်ထုတ်လုပ်ခြင်း၊ စုပုံခြင်းတို့နှင့် ပတ်သက်သည့်ကိစ္စရပ်များကိုလည်း စနစ်တကျရှိစေရေး ကြိုးပမ်းဆောင်ရွက်လျှက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်မေးမြန်းထားသော ပန်းတောင်းမြို့နယ်၊ ဇရာဝတီမြစ်ကမ်း ဘေးရှိ စုပုံထားရှိမှုနှင့်ပတ်သက်၍ တရားမဝင်စုပုံထားရှိမှုများကို ကွင်းဆင်းစစ်ဆေးလျက်ရှိပြီး လာရောက် လျှောက်ထားခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဦးမောင်မောင်လွင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ ဥက္ကဋ္ဌကြီးခင်ဗျား-ဆက်စပ် မေးခွန်း မေးမြန်းခွင့်ပြုပါ။

ဥက္ကဋ္ဌ။ ။ခွင့်ပြုပါတယ်။

ဦးမောင်မောင်လွင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ ကျွန်တော်တို့ ၂၀၁၈ မိနီဘတ်ဂျက်မှာ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ကျွန်းကဘယ်လောက်စိုက်တယ် ရေဝေတွေက ဘယ်လောက်စိုက်တယ် ဒါကောင်းပါတယ်။ ဒါတွေက ကျွန်တော်တို့နိုင်ငံတော်ရဲ့ ဘတ်ဂျက်နဲ့ ပြည်သူရဲ့ ငွေတွေကို သို့သော်အဲ့ဒီစိုက်တဲ့စိုက်ပျိုးမှု စိုက်ခင်းတွေဟာဘယ်လောက်ဖြစ်ထွန်းမှု ဘယ်လောက်တိတိ ကျကျ စိုက်တယ်/မစိုက်ဘူး။ ဘယ်လောက်ဖြစ်ထွန်းမှု ရှိတယ်/မရှိဘူးဆိုတာ ဝန်ကြီးက ဘယ်လို အနီးကပ်ကြီးကြပ်သွားမလဲဆိုတာ ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ ။ဦးမောင်မောင်လွင် မေးမြန်းသည့်ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]။ ။လွတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ၂၀၁၈ ခုနှစ် မိုနီဘတ်ဂျက် ကြီးကြပ်မှုများကို စနစ်တကျဖြစ်အောင် ၂၀၁၈ ခုနှစ်မိုနီဘတ်ဂျက်အတွင်းမှာ စီးပွားရေး ကျွန်းစိုက်ခင်း တွေ (၄၄၁၀) ဧက စိုက်ပါတယ်။ တောင်ငူခရိုင် တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်းနှင့် ဖြူးမြို့နယ်မှာ (၁၀၀၀) ဧက၊ ပဲခူးခရိုင်အတွင်းမှာရှိတဲ့ ပဲခူး၊ ဒိုက်ဦးနှင့် ကျောက်တံခါးမြို့နယ်မှာ (၁၁၅၀) ဧက၊ သာယာဝတီခရိုင်မှာ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်နှင့် နတ်တလင်း မြို့နယ်တို့မှာ (၁၁၈၀) ဧက၊ ပြည်ခရိုင်၊ ပေါက်ခေါင်းနှင့် ပန်းတောင်းမြို့နယ်မှာ (၁၀၅၀) ဧက စိုက်ပျိုး ထားမှုရှိပါတယ်။ အဲ့ဒီစိုက်ပျိုးမှုများကို ကျွန်တော်တို့သက်ဆိုင်ရာအဆင့်ဆင့် အစိုးရ အဖွဲ့ဝင်က ဦးဆောင်ပြီး အောက်ခြေထိမြို့နယ်ဦးစီး၊ တောအုပ်၊ တောခေါင်းအထိ အဆင့်ဆင့်ကြီးကြပ် စိုက်ပျိုးတာ ဖြစ်ပါတယ်။ ရေဝေရေလဲစိုက်ခင်း ဧက (၅၀) ကျော် ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် ရဲနက်ကြိုးဝိုင်း အကွက်အမှတ်၊ ၈၂ မှာ ၊ ပျဉ်းကတိုး၊ မဟော်ကနီ၊ နဂါးနီ ၊ သစ်လွန်းတို့ကို တည်ထောင်စိုက်ပျိုးတာ ဖြစ်ပါတယ်။ ဒါကိုလည်း အစိုးရအဖွဲ့ဝင်များလည်း ကြည့်ရှုစိုက်ပျိုးတာ ဖြစ်ပါတယ်။ ကျေးရွာတွင်းစိုက်ခင်း ဧက (၆၅၀)ကို ပဲခူးခရိုင် ဒိုက်ဦးမှာ မာန်ဂျက်ရှား၊ ယူကလစ်၊ အော်ရေးရှား၊ သစ်လွန်း၊ ဧက (၅၀) ၊ ပြည်ခရိုင် ပေါင်းတည်၊ သဲကုန်း၊ ရွှေတောင်၊ ပြည်၊ ပေါက်ခေါင်းနဲ့ ဝေါမြို့နယ်မှာ ယူကလစ်အဖြူကို ဧက (၆၀၀)ကျော် တည်ထောင်စိုက်ပျိုးပါတယ်။ ဒါပေမယ့် သက်ဆိုင်ရာ အဖွဲ့အစည်းများနဲ့ စနစ်တကျကြီးကြပ်စိုက်ပျိုးတာ ဖြစ်ပါတယ်။

ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ဥက္ကဋ္ဌကြီးရှင်-ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

ဥက္ကဋ္ဌ။ ။ခွင့်ပြုပါတယ်။

ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ သက်ဆိုင်ရာဝန်ကြီးအနေနဲ့ ကျွန်မမေးတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ တရားမဝင်စုပုံထားတာတွေကို ကွင်းဆင်းစစ်ဆေးပြီးတော့ အထောက်အထားမရှိ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမယ်လို့ ဖြေကြားတဲ့အတွက် အထူးပင် ကျေးဇူးတင်ရှိပါတယ်။ ဒီဖြေကြားတဲ့အချက်ထဲမှာမှ ၂၀၁၇-၂၀၁၈ ၂၀၁၈မိုနီဘတ်ဂျက်တွေမှာ အရေးယူ ဆောင်ရွက်တဲ့အခါမှာ ပဲခူးခရိုင်၊ သာယာဝတီခရိုင်၊ တောင်ငူခရိုင်တွေမှာတော့ စစ်ဆေးအရေးယူတဲ့ အမှုတွေတွေ့ပြီးတော့ ပြည်ခရိုင်ထဲမှာရှိတဲ့ မြို့နယ်တွေမှာဆိုလို့ရှိရင် တရားမဝင်စုပုံထားတာနဲ့ ပတ်သက်ပြီး တစ်ခုမှအရေးယူဆောင်ရွက်ထားတာမရှိတာကို ဒီဖြေကြားချက်ထဲမှာ စိစစ်တွေ့ရှိ ရပါတယ်။ ကျွန်မတို့မြို့နယ်မှာမြစ်သဲ၊ကျောက်စလစ်နဲ့ပတ်သက်ပြီး ကြီးကြပ်မှုကောင်းမတီဆိုပြီး ဖွဲ့စည်းထားတာ ရှိပါတယ်။ အဲ့ဒီထဲမှာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးလုံးပါရှိပါတယ်။

၁၂လပိုင်းမှာဆိုရင် ကျွန်မတို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၂)ယောက်လုံးနှင့် ရေအရင်း အမြစ်နဲ့ မြစ်၊ချောင်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တက်ရောက်တဲ့ ဦးစီးအရာရှိမဟုတ်ပေမဲ့ တာဝန်ရှိသူ(၁)ဦးရယ် မြို့နယ် ရဲတပ်ဖွဲ့ဝင်နဲ့(၄)ဦးဟာ စုပုံထားတာနဲ့ပတ်သက်ပြီးတော့ လိုင်စင်မရှိဘဲ စုပုံထားတာဆိုပြီးတော့ အဓိက မြစ်၊ သဲ၊ ကျောက်နဲ့ ပတ်သက်ပြီးတော့ ကွင်းဆင်းစိစစ်ပါတယ်။ အဲ့ဒီလို ကွင်းဆင်းစိစစ်တဲ့အခါမှာ ယခင် ၂၀၁၇-၂၀၁၈ မှာ လုပ်ငန်းလိုင်စင်လျှောက်ထားတယ် လုပ်ငန်း လိုင်စင်လည်းရတယ်။ စုပုံခွင့်လိုင်စင်လည်း လျှောက်ထားတယ် စုလည်းစုခဲ့တဲ့ လုပ်ငန်းရှင် တစ်ယောက်က မိနီဘတ်ဂျက်မှာ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း မရှိတာကိုတွေ့ရပါတယ်။ မိနီဘတ်ဂျက်မှာ လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းမရှိဘဲနဲ့ ယခင်စုပုံထားတဲ့ ၂၀၁၇-၂၀၁၈ နေရာမှာဘဲ စုပုံထားတာကို တွေ့ရှိရပါတယ်။ ကျွန်မတို့ သွားရောက်စစ်ဆေးတဲ့အခါမှာ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်ကာလကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်စုပုံထားတဲ့ လိုင်စင်ကိုလည်း အဲ့ဒီလုပ်ငန်းရှင်ဟာ လျှောက်ထားခြင်းမရှိသေးပါဘူး။ ကျွန်မတို့ သွားပြီးကြည့်တဲ့အချိန်မှာ အဲ့ဒီအခါမှာ သက်ဆိုင်ရာဌာနအနေနဲ့ မိနီဘတ်ဂျက်မှာလည်း အခွန်ကျောင်ထားတာကိုတွေ့တယ်။ ဒီ ၂၀၁၈- ၂၀၁၉ ဘတ်ဂျက်မှာလည်း စုပုံခြင်းလိုင်စင် လျှောက်ထားတာ မရှိတာကိုတွေ့တယ်။ သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်လည်းပါတယ်။ သက်ဆိုင်ရာရေအရင်းအမြစ်နဲ့ မြစ်ချောင်း များဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာနမှ တာဝန်ရှိသူလည်းပါတယ်။ ဒါပေမဲ့ သူတို့ကအရေးယူဆောင်ရွက်ခြင်း မရှိတာကို တွေ့ရပါတယ်။ အဲ့ဒီတော့ ဥပဒေမှာ ၂၀၁၆ ခုနှစ်မှာပါပြီးသား။ ဦးစီးဌာနက ခွင့်ပြုချက် မရှိဘဲနဲ့ မြစ်ကမ်းဘေးတွေမှာ စုပုံလို့မရဘူး။ ဦးစီးဌာနက ခွင့်ပြုချက်မရှိဘဲနဲ့စုပုံထားရင် အရေးယူလို့ ရတယ်ဆိုတာ ဖော်ပြ ထားပြီးသား ဖြစ်ပါတယ်။ ဒါပေမဲ့ ကိုယ်စားလှယ်တွေစိစစ်တဲ့အခါမှာ ကိုယ်တိုင်လိုင်စင်လည်းမရှိဘူး။ စုပုံထားတာတွေလည်းတွေ့တယ်။ အရေးယူဆောင်ရွက်ထားခြင်းမရှိတာကိုလည်းတွေ့တယ်။ မိနီ ဘတ်ဂျက်မှာ အခွန်ကျောင်တာတွေကိုတွေ့ပါလျှက်နဲ့ ကျွန်မတို့ ပြည်ခရိုင်ထဲမှာ အရေးယူထားတာ မရှိဘူးဆိုတာလည်း တွေ့ရပါတယ်။ အဲ့ဒီတော့ ဌာနတွေအနေနဲ့ ကြီးကြပ်မှုအလွန် လျော့ရဲနေတာ တွေ့ရပါတယ်။ အဲ့ဒီအတွက် အဲ့ဒီလုပ်ငန်းရှင်ဟာ ကျွန်မတို့ စိစစ်ပြီးနောက်ရက်ကျမှ လိုင်စင်ကို လျှောက်တယ်။ ကျွန်မတို့က တစ်ခါမှသွားရောက် စိစစ်ခြင်းမရှိဘူးဆိုရင် အဲ့ဒီလုပ်ငန်းရှင်ဟာထပ်ပြီး တော့ အခွန်ကျောင်တာမျိုးကိုတွေ့ရှိရမလားမသိနိုင်မယ့် ၎င်းအခြေအနေမျိုးကိုတွေ့ရှိရမှာ ဖြစ်ပါတယ်။ ဝန်ကြီးအနေနဲ့ ကျွန်မတို့ပြောတဲ့ ခုနကၡင်းလုပ်ငန်းရှင်ကော ပြီးခဲ့တဲ့မိနီဘတ်ဂျက်မှာ ပြန်ပြီးတော့ စိစစ်လို့ရပါတယ်။ လုပ်ငန်းရှင်များကလည်း ၂၀၁၇-၂၀၁၈ မှာ စုပုံလို့ရပြီးတော့ လုပ်တယ်ဆိုလို့ရှိရင် မိနီမှာလည်း သူတို့ဆက်ပြီးလုပ်မှာဘဲ။ ကျွန်မတို့ပြည်ခရိုင်အတွင်း မိနီမှာလိုင်စင်မယူဘဲနဲ့ စုပုံထားခဲ့တဲ့ လုပ်ငန်းရှင်တွေ မရှိခဲ့ပါဘူး။ အဲ့ဒါနဲ့ပတ်သက်ပြီးတော့ စိစစ်အရေးယူပေးရန် အစီအစဉ်ရှိ/မရှိနဲ့ ကျွန်မတို့ မြေပြင်မှာကွင်းဆင်းပြီး တွေ့နေပါလျက်နဲ့ ချက်ချင်းအရေးယူဆောင်ရွက်မှုမရှိတာဟာ ဥပဒေ မှာပါတဲ့ဟာကို အရေးယူဆောင်ရွက်ဖို့မရှိတဲ့ ဦးစီးဌာနကိုကော မည်သို့ကြီးကြပ်ကွပ်ကဲဆောင်ရွက်

သွားမယ်ဆိုတဲ့အကြောင်းကိုလည်း သိချင်တဲ့အတွက် ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့် ဆက်စပ် မေးခွန်းကို သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာစောညိုဝင်း(ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန)။ ။လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်ပြီးတော့ ဖြေကြားပါ့မယ်။ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ၂၀၀၆ ခုနှစ် ထုတ်ပြန်တဲ့ ရေအရင်းအမြစ်နဲ့ မြစ်၊ချောင်းများ ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၂၇အရ စုပုံလို့ရပါတယ်။ ဒါပေမယ့် ပွင့်ပွင့်လင်းလင်းပြောရရင် ခေတ်အဆက်ဆက်မှာ ထုတ်လုပ်မှုနဲ့စုပုံလို့ရတယ်။ ဒီဘက် ပြောင်းလဲလာတဲ့ခေတ် ၂၀၁၆-၂၀၁၇ ဘတ်ဂျက်မှာ ဥပဒေအရကြီးကြပ်ပါတယ်။ (၂၀၁၇-၂၀၁၈) ဘတ်ဂျက်နောက်ပိုင်းမှ သယံဇာတကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းပြီးအစိုးရအဖွဲ့က ဦးဆောင်တာ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကပဲ ကြီးကြပ်တာဖြစ်ပါတယ်။ ကျွန်တော်တို့ ကြီးကြပ်တဲ့အဖွဲ့က ပိုပြီးစနစ်တကျ ဖြစ်စေဖို့ SOP ကိုပြုစုပါတယ်။ ဒီစုပုံမှုတွေ တွေ့လို့ရှိရင် ရှုပ်ထွေးမှုတွေရှိပါတယ်။ ဧရိယာသတ်မှတ်မှုတွေရှိပါတယ်။ မြစ်ကမ်းဘေး ပေ၁၅၀ အတွင်းမှာ စုပုံရမည်ဖြစ်ပြီး အခွဲဒီထက်ကျော်သွားရင် စည်ပင်သာယာနယ်နိမိတ်ဖြစ်တယ်။ မြေလွတ်မြေရိုင်းမှ ဖြစ်မှာပါ။ သက်ဆိုင်ရာက ကွဲကွဲပြားပြားသိမှ ဖြစ်မှာပါ။ SOP မပြီးသေးတဲ့အတွက် မြစ်ကမ်းဘေးတစ်ခုတည်းကို ကြည့်လို့မရပါဘူး။ သက်ဆိုင်ရာမြို့နယ်မှာရှိတဲ့ နယ်နိမိတ်အတွင်း ထိစပ်နေတဲ့ အားလုံးမှာရှိတဲ့ SOP ကို ပြုစု နေတာဖြစ်ပါတယ်။ SOP မထွက်နိုင်သေးသော်လည်း မြစ်ကမ်းဘေးစုပုံတာတွေ့ရင် ပေ (၁၅၀) အတွင်း ရှိတဲ့အတွက်ကြောင့် အရေးယူဖို့ဘဲဖြစ်ပါတယ်။ ပန်းတောင်းမြို့နယ်မှာရှိတဲ့ ကိစ္စနဲ့ပတ်သက်ပြီး စစ်ဆေးမှုကို ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။. အရေးယူဆောင်ရွက်မှုကို ချက်ချင်းဖော်ဆောင် ပေးတယ်ဆိုတာက လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အချိန်မှာ ချက်ချင်းဖုန်းဆက်ပေးရင် ချက်ချင်းသွားစစ်ဆေးပေးပါ့မယ်၊ သက်ဆိုင်ရာက ပုံတာကိုမသိလိုက်တဲ့အတွက် ချက်ချင်းအရေးယူ ဆောင်ရွက်ခြင်းမရှိတာဖြစ်ပါကြောင်း ပြန်လည် ရှင်းလင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ဧရာဝတီမြစ်အတွင်းရှိ မြစ်သဲ၊ ကျောက် ထုတ်လုပ်ရန်အတွက်လုပ်ပိုင်ခွင့် ချထားပေးနေမှုများကို စနစ်တကျ လုပ်ကွက်များကန့်သတ်၍ ဈေးပြိုင်လေလံစနစ်ဖြင့် လုပ်ကွက်သတ်မှတ်ချထားပေးသည့် ပုံစံပြောင်းလဲကျင့်သုံးပေးရန် အစီအစဉ် ရှိ / မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) " ပြည်မြို့နယ်အတွင်း BOT စနစ်ဖြင့်ဆောင်ရွက်ရန် တင်ပြထားသော Night Market, Public Toilet ခေတ်မီအဝေးပြေးကားဂိတ်နှင့် အမှိုက်သိမ်းဝန်ဆောင်မှု လုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန် မူဝါဒချမှတ်လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ / မရှိ" နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ဧရာဝတီမြစ်အတွင်းရှိ မြစ်သဲ၊ ကျောက် ထုတ်လုပ်ရန်အတွက် လုပ်ပိုင်ခွင့်ချထားပေးနေမှုများကို စနစ်တကျလုပ်ကွက်များကန့်သတ်၍ ဈေးပြိုင်လေလံစနစ်ဖြင့် လုပ်ကွက်သတ်မှတ်ချထားပေးသည့် ပုံစံပြောင်းလဲကျင့်သုံးပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းပါသည်။

ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ ပဲခူးတိုင်း(အနောက်ခြမ်း)၏ မြို့တော်ဖြစ်သော ပြည်မြို့ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်နှင့် သန့်ရှင်းသောခရီးသွားမြို့တော်ဖြစ်ရေး ရည်ရွယ်၍ ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာ အစိုးရဘတ်ဂျက်ဖြင့် ကဏ္ဍာတိုင်းလုပ်ဆောင်ရန် မလုံလောက်သော ကြောင့် ရင်းနှီးမြှုပ်နှံသူများကိုရှာဖွေ၍ B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံသူများက လုပ်လိုသောလုပ်ငန်းများကို တင်ပြထားမှုများရှိပြီး မြို့သန့်ရှင်းသာယာလှပရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အထောက်အကူပြုသော တင်ပြမှုများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြထားပြီးဖြစ်ပါသည်။ လုပ်ငန်းတစ်ခုချင်းအလိုက် SOP ရေးဆွဲ၍ အမြန်ဆုံးအကောင်အထည်ဖော်ပေးရန် လိုအပ်သောကြောင့် မေးမြန်းရခြင်း ဖြစ်ပါသည်။

ဥက္ကဋ္ဌ။ ။ဦးကျော်ဇေယျ မေးမြန်းသည့် မေးခွန်း(၂)ခုအား သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာစောညိုဝင်း၊ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။ ။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဧရာဝတီမြစ်အတွင်းရှိ မြစ်သဲ၊ ကျောက်ထုတ်လုပ်ရန်အတွက်လုပ်ပိုင်ခွင့် ချထားပေးနေမှုများကို စနစ်တကျ လုပ်ကွက်များ ကန့်သတ်၍ ဈေးပြိုင်လေလံစနစ်ဖြင့် လုပ်ကွက်သတ်မှတ်ချထားပေးသည့် ပုံစံပြောင်းလဲ**

ကျင့်သုံးပေးရန် အစီအစဉ် ရှိ / မရှိ” နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်/ခရိုင်များတွင် အုတ်၊ သဲ၊ ကျောက်လိုင်စင်လျှောက်ထားမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ပတ်ဝန်းကျင်အလားလေးရပ်၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ သက်ဆိုင်ရာ ဌာနများ၏ ထောက်ခံချက်များဖြင့် Cabinet မှ ခွင့်ပြုလိုက်သော SOP များနှင့်အညီ အမှုတွဲ တည်ဆောက်၍ မြို့နယ်/ခရိုင်မှ တင်ပြလာသည့်အမှုတွဲများအား တိုင်းဒေသကြီး မြစ်သဲ၊ ကျောက်၊ အုတ်ထုတ်လုပ်ခြင်း လုပ်ငန်းများကြီးကြပ်ရေးကော်မတီသို့တင်ပြ၍ ကော်မတီဥက္ကဋ္ဌမှ စိစစ်ပြီး ခွင့်ပြုချက်ရရှိပါက လုပ်ငန်းလိုင်စင်များ ထုတ်ပေးဆောင်ရွက်လျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းမြစ်သဲ၊ကျောက်လုပ်ငန်းရှင်များမှ သက်ဆိုင်ရာလုပ်ကွက်အလိုက် မြစ်သဲ၊ ကျောက်ထုတ်လုပ်ခွင့်ရရှိရေးတင်ပြလာမှုများနှင့် စပ်လျဉ်း၍ ခွင့်ပြုချထားပေးရာတွင် မြို့နယ် မြစ်သဲ၊ ကျောက်၊ အုတ်ထုတ်လုပ်ခြင်းလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီအဖွဲ့မှ အစည်းအဝေးကျင်းပ ပြုလုပ်ပြီး လျှောက်ထားသည့်လုပ်ငန်းရှင်သည် အမှန်တကယ် ဓါတ်သတ္တုခွန်ပေးဆောင်နိုင်သူ ဟုတ်/ မဟုတ်၊ လုပ်ငန်းဆောင်ရွက်မည့်လုပ်ကွက်များ၏ အနီးပတ်ဝန်းကျင်နေထိုင်သူများနှင့် အဆင် ပြေမှုရှိ/ မရှိ၊ လုပ်ငန်းအား အမှန်တကယ်လုပ်ကိုင်နိုင်သူဟုတ်၊မဟုတ်၊ လုပ်ငန်းဆောင်ရွက်ရန်အတွက် စက်ပစ္စည်းအစုံအလင်ရှိ/ မရှိ စသည့်အချက်အလက်များကို အကြေအလည် စစ်ဆေးဆောင်ရွက်လျက် ရှိပါသည်။

လုပ်ငန်းလုပ်ကွက်များအား အပြိုင်တင်ပြလျှောက်ထားမှုများ ပေါ်ပေါက်လာပါက အဆင့်ဆင့်သော မြစ်သဲ၊ ကျောက်၊ အုတ်ထုတ်လုပ်ခြင်းလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီများ၏ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ခွင့်ပြုချထားနိုင်ရေး ဆောင်ရွက်လျှက်ရှိပါကြောင်းနှင့် မြစ်သဲ၊ ကျောက် ထုတ်လုပ်ရန်အတွက် လုပ်ပိုင်ခွင့်ချထားပေးနေမှုများကို စနစ်တကျလုပ်ကွက်များကန့်သတ်၍ ဈေးပြိုင် လေလံစနစ်ဖြင့် လုပ်ကွက်သတ်မှတ်ချထားပေးရန်အတွက် တိုင်းဒေသကြီးမြစ်သဲ၊ ကျောက်၊ အုတ် ထုတ်လုပ်ခြင်းလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီအစည်းအဝေးတွင် မှာကြားချက်အရ ဓါတ်သတ္တု လျှောက်ထားမှုလုပ်ကွက်များနှင့်ပတ်သက်၍ မြေပြင်အခြေအနေနှင့် ချထားပေးနိုင်သည့် မြေနေရာများ ပြုစု၍ တင်ပြရန် ခရိုင်များသို့ ညွှန်ကြားအကြောင်းကြားထားပြီး ဖြစ်ပါသည်။

လေလံစနစ်နှင့်ပတ်သက်၍ လုပ်ကွက်ချထားရန် ကော်မတီအဆင့်ဆင့်တွင် ဆွေးနွေးပြီး သက်ဆိုင်ရာလုပ်ငန်းရှင်များ ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ အစိုးရအဖွဲ့တို့ဖြင့် ကျယ်ကျယ် ပြန့်ပြန့်ဆွေးနွေးပြီးမှ လုပ်ဆောင်ရမည့်ကိစ္စဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဒေါက်တာစောညိုဝင်း(ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန)။ ။ဦးကျော်ဇေယျ(ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**“ ပြည်မြို့နယ်အတွင်း BOT စနစ်ဖြင့်ဆောင်ရွက်ရန် တင်ပြထားသော Night Market, Public Toilet ခေတ်မီအဝေးပြေးကားဝင်းနှင့် အမှိုက်သိမ်းဝန်ဆောင်မှုလုပ်ငန်းများကို အမြန်ဆုံးအကောင်အထည်ဖော်**

နိုင်ရန် မူဝါဒချမှတ် လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ / မရှိ" နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်အား စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် B.O.T စနစ်ဖြင့် ဆောင်ရွက်လိုသည့် ကုမ္ပဏီ(၃)ခုမှတင်ပြလာသော အောက်ဖော်ပြပါလုပ်ငန်း(၃)ခုကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တိုင်းဒေသကြီးစည်ပင်သာယာရေး အဖွဲ့မှ (၁၂.၁၁.၂၀၁၈) ရက်စွဲပါစာအမှတ်၊ စ၅၂၀/ဆ-၇/ပခစ (၀၃၀)ဖြင့် တင်ပြခဲ့ပြီး ဖြစ်ပါသည်-

- KHITAYAR PAN SHWE PYI Co,Ltd မှ အဆင့်မြင့်ရေချိုးခန်း၊ အိမ်သာများ အသစ်ပြန်လည်တည်ဆောက်လိုကြောင်းတင်ပြချက်၊
- Tri Tip ကုမ္ပဏီမှ ပြည်မြို့၊ ကမ်းနားလမ်းတောင်ဘက်တွင် အဆင့်မြင့်ညစျေး တည်ဆောက်ခြင်း၊
- ကောင်းသစ်ဟိန်းကုမ္ပဏီမှ ဇီးအုပ်တွင် ဖော်ဆောင်မည့် ပြည်မြို့၊ အနာဂတ်မြို့ပြ စီးပွားရေးဇုန်တွင် ခရီးသည်တင်အဝေးပြေးကားဝင်း တည်ဆောက်ခြင်း။

KHITAYAR PAN SHWE PYI Co,Ltd မှ B.O.T စနစ်ဖြင့် (၅)နှစ်သက်တမ်းအတွင်း မြို့မစျေး၊ အောင်မင်္ဂလာစျေး၊ မြို့သစ်စျေး၊ ခေတ္တရာဇရောပန်းခြံတို့၌ Public Toilet များ ဆောင်ရွက်မည့် အဆိုပြုစီမံချက်နှင့် ကောင်းသစ်ဟိန်းကုမ္ပဏီတို့မှ အဝေးပြေးကားဝင်း တည်ဆောက်ခြင်း အဆိုပြုစီမံချက်တင်ပြလာခြင်းအပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရဖွဲ့သို့ တိုင်းဒေသကြီးစည်ပင်သာယာရေး အဖွဲ့မှ (၆.၂.၂၀၁၉)ရက်စွဲပါ စာအမှတ်၊ ၅၉၉/ဆ-၇/ပခစ(၀၃၀)ဖြင့် တင်ပြခဲ့ပြီး ဖြစ်ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏Cabinet ခွင့်ပြုချက်ရရှိပါက တင်ပြပါလုပ်ငန်း(၃)ခုကို တင်ဒါစနစ်ဖြင့် ခေါ်ယူအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အမှိုက်သိမ်းစနစ်အား ပုဂ္ဂလိကသို့ တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ စိစစ်တင်ပြခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၁၆.၁.၂၀၁၉)ရက်စွဲပါစာအမှတ်၊ ၈/၂-၂၀/ဦး ၆ (၀၅၂၉)အရ တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန် ညွှန်ကြားလာပါသဖြင့် (၃၀.၁.၂၀၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်သော ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီအစည်းအဝေးအမှတ်စဉ်(၁/၂၀၁၉)၏ ဆုံးဖြတ်ချက်အပိုဒ် ၁၇၊ ပိုဒ်ခွဲ(ငဝ)အရ အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းအား ပုဂ္ဂလိကသို့ တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရာတွင် ပြည်မြို့ကို စံပြမြို့အဖြစ် ရွေးချယ်သတ်မှတ်ဆောင်ရွက်ရန် အမှိုက်သိမ်းဆည်းခကောက်ခံမည့်နှုန်းထား၊ တင်ဒါ ဆောင်ရွက်မည့် အစီအစဉ်၊ တင်ဒါအောင်ကုမ္ပဏီမှ အဖွဲ့ပိုင်ယာဉ်ယန္တရားများ ငှားရမ်းလိုပါက ပြင်ဆင်ထိန်းသိမ်းရေးကိစ္စနှင့်ပတ်သက်၍ သတ်မှတ်ရမည့် စည်းကမ်းချက်များ၊ မူဝါဒများပါဝင်သော အသေးစိတ်စီမံချက်ကို ပြန်လည်တင်ပြရန် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၏ (၅.၂.၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၅၆၁/ခ-၄/ပခစ(၀၁၀)ဖြင့် တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ အစည်းအဝေးမှတ်တမ်းအား သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသို့ ဖြန့်ဝေပေးပို့အကြောင်းကြားပြီးဖြစ်၍ ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြေပြင်တွင် အမှန်ဆောင်ရွက်နိုင်မည့် အသေးစိတ်စီမံချက်အား

ပြန်လည်ရေးဆွဲ တင်ပြလာပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ Cabinet သို့ တင်ပြအတည်ပြုချက်ရယူပြီး တင်ဒါစနစ်ဖြင့် ခေါ်ယူအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးမြို့နယ်အတွင်း တရားမဝင်မြစ်သဲစုပ်ယူသူများကို မည်သို့အရေးယူဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ပဲခူးမြို့နယ် အထက်ဇိုင်းဂနိုင်းကြီးအုပ်စု၊ အုတ်ဖိုကျေးရွာအုပ်စု၊ အဝိုင်းကျေးရွာအုပ်စု၊ ရွှေလှေကျေးရွာများတွင် တရားမဝင်မြစ်သဲမှုတ်ယူသူများကြောင့် ကျေးရွာသူ၊ ကျေးရွာသားများနှင့် ပဋိပက္ခဖြစ်ပေါ်နေခြင်း၊ ကမ်းပါးပြိုခြင်း၊ နေအိမ်များ ရွှေ့ပြောင်းရခြင်းများဖြစ်ပေါ်နေပြီး လမ်းနယ်များ၊ ရထားလမ်းကူးတံတားများနှင့် နီးကပ်သော နေရာများတွင် သဲထုတ်နေ၍ အလွန်အန္တရာယ်ကြီးမားနေခြင်းစသော ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေရပါသည်။ အလွန်အကျွံသဲထုတ်ယူမှုကြောင့် နိုင်ငံတော်၏ရသင့်သော အခွန်ဘဏ္ဍာလည်းမရ၊ ပြည်သူအများအပြားလည်း ဆုံးရှုံးမှုများ ဖြစ်ပေါ်နေရပါသည်။

ဝမ်းဘဲအင်းကျေးရွာအုပ်စု၊ ထန်းသုံးပင်ရပ်၊ သပြေရိုးကျေးရွာအုပ်စုနှင့် ဘုရားကလေးကျေးရွာအုပ်စုတို့ကို ဆက်သွယ်သောချောင်းနဘေးတစ်ဝိုက်နှင့် လယ်မြေများပေါ်တွင် လက်ကျုံးသဲထုတ်သူများ၊ စက်ဖြင့် သဲထုတ်သူများမှာပွဲတော်ကြီးသဖွယ်စည်ကားနေပြီး၊ ကျေးရွာအုပ်ချုပ်ရေးအပိုင်းမှာ တာဝန်ရှိသူများပင် ပါဝင်ပတ်သက်နေပြီး မြေနေရာရောင်းစားခြင်း၊ အခကြေးငွေတောင်းခံခြင်းများ ရှိနေပါသည်။ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာလည်းမရ၊ စိုက်ပျိုးမြေများ၊ သယံဇာတများလည်း ဆုံးရှုံးဖြစ်ပေါ်နေမှုများစိစစ်၍ ဆောင်ရွက်ပေးစေလိုပါကြောင်းနှင့် လမ်း၊ တံတားများ နီးကပ်စွာ ဆောင်ရွက်နေခြင်း၊ လယ်မြေများပေါ်တွင် သဲများတောင်ကြီးသဖွယ် စုပုံထားခြင်းများကို တွေ့မြင်နေရပါသည်။ တာဝန်ရှိသူများက လျစ်လျူရှု/ထားသကဲ့ သို့ဖြစ်နေပါသည်။ တိုင်ကြားသော်လည်း အရေးယူမှုအားနည်းနေ၍ ထပ်တိုး ကျူးလွန်သူများပြားနေခြင်းသည် အစိုးရသစ်၊ ပြည်သူ့အစိုးရအား စိန်ခေါ်နေသကဲ့သို့ ဖြစ်ပေါ်နေပါ၍ မည်သို့အရေးယူ ဆောင်ရွက်ပေးနိုင်မည်၊ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းပါသည်။

ဥက္ကဋ္ဌ။ ။ဦးညွန့်ရွှေ မေးမြန်းသည့် မေးခွန်းအား သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာစောညိုဝင်း(ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန)။ ။ဦးညွှန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးမြို့နယ်အတွင်း တရားမဝင် မြစ်သဲစုပ်ယူသူများကို မည်သို့အရေးယူဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်း၍ ပဲခူးမြို့နယ်အတွင်း ၂၀၁၈ခုနှစ် (စက်တင်ဘာလမှ ဇွန်လ) Mini ဘတ်ဂျက်နှင့် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တရားမဝင် သဲထုတ်နေမှုများအား ဖမ်းဆီးအရေးယူလျက်ရှိပါသည်။ ပဲခူးမြို့နယ်တွင်(၄)မှအား သက်ဆိုင်ရာနယ်မြေ ရဲစခန်းများတွင် ပုဒ်မ(၂၆)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပါသည်။ အထက်ဇိုင်းဂနိုင်းကြီးအုပ်စု၊ အုတ်ဖိုကျေးရွာအုပ်စု၊ အဝိုင်းကျေးရွာအုပ်စု၊ ရွှေလှေကျေးရွာများတွင် ဤဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း တရားဝင် လုပ်ကွက်ချထားပေးမှုအနေဖြင့် ရွှေလှေကျေးရွာအုပ်စုအတွင်း(၃)ကွက်နှင့် အထက်ဇိုင်းဂနိုင်းကြီးကျေးရွာအနီး (၁)ကွက် စုစုပေါင်း (၄)ကွက်အား ခွင့်ပြုထားရှိပါသည်။

ဝမ်းဘဲအင်းကျေးရွာအုပ်စု၊ ထန်းသုံးပင်ရပ်၊ သပြေရိုးကျေးရွာအုပ်စုနှင့် ဘုရားလေးကျေးရွာအုပ်စုများတွင် မြစ်သဲထုတ်လုပ်မှုနှင့်ပတ်သက်၍ ဤဦးစီးဌာနသဘောထားမှတ်ချက်ထုတ်ပြန်မှုများအရ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်း ဘုရားလေးကျေးရွာအုပ်စုတွင်(၁၀)နေရာ၊ ဝမ်းဘဲအင်းကျေးရွာအုပ်စုတွင် (၄)နေရာတို့၌ ခွင့်ပြုသင့်ကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပြီး ဖြစ်ပါသည်။

လက်ကျုံးသဲထုတ်လုပ်ခြင်းလျှောက်ထားလာမှုများအား ယခင်တရားဝင်ခွင့်ပြုထားခြင်းမရှိသော်လည်း ယခုအခါ ခွင့်ပြုပေးမည်ဖြစ်ကြောင်း မြစ်သဲ၊ ကျောက်၊ အုတ်ထုတ်လုပ်ခြင်းကြီးကြပ်မှု ကော်မတီအစည်းအဝေးတွင် တရားဝင်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်လုပ်ခွင့်ပြုနိုင်ရေး (SOP) များရေးဆွဲသွားရန် ညှိနှိုင်းခဲ့ပါသည်။ SOP ထွက်ရှိလာပါက ပိုမိုကောင်းမွန်သော စနစ်ကျမှုများတွေ့ရှိမည်ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်သဲ၊ ကျောက်၊ အုတ် အစရှိသော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်မှုတွင် စနစ်တကျရှိစေရေးအတွက် တိုင်းဒေသကြီးမြစ်သဲ၊ ကျောက်၊ အုတ်ထုတ်လုပ်မှုကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းထားရှိကာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် လုပ်ထုံးလုပ်နည်း SOP ကိုလည်းရေးဆွဲကာ သက်ဆိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့လည်း ပေးပို့ ဖြန့်ဝေကာထုတ်လုပ်မှုများအား (SOP)များနှင့်အညီ ကြီးကြပ်နိုင်ရေးအတွက် ခရိုင်အဆင့်ကော်မတီများသို့လည်း ညွှန်ကြားထားရှိပြီးဖြစ်ပါသည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှလည်း ဤဦးစီးဌာနအပါအဝင် သက်ဆိုင်ရာဌာနများပါဝင်သောအဖွဲ့ဖြင့်ကွင်းဆင်းကာ တရားမဝင်ထုတ်လုပ်ခြင်း၊ စုပုံခြင်းများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသကဲ့သို့ ဆက်လက်၍လည်း အထက်တင်ပြပါနေရာများအပါအဝင် တိုင်းဒေသကြီးအတွင်းရှိ မြစ်သဲ၊ ကျောက်၊ အုတ်ထုတ်လုပ်ခြင်းနှင့် စုပုံခြင်းများကို စည်းကမ်းချက် (SOP) များနှင့်အညီ စနစ်တကျဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဦးညွှန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးမြန်း ခွင့်ပြုပါ။

ဥက္ကဋ္ဌ။ ။ခွင့်ပြုပါတယ်။

ဦးညွှန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ကျွန်တော်တို့ ပဲခူးမြို့နယ်၏ အထက်ဇိုင်းဂနိုင်းကြီးကျေးရွာအုပ်စုနဲ့ အခုလက်ရှိပဋိပက္ခဖြစ်နေတဲ့ အုတ်ဖိုကျေးရွာအုပ်စုရှိပါတယ်။ အထက်ဇိုင်းဂနိုင်းကြီး ကျေးရွာအုပ်စုကနေပြီး ပဲခူးမြစ်ရဲ့တစ်ဖက်တစ်ခြမ်းစီ အရှေ့ဖက်ခြမ်းနဲ့ အနောက်ဖက်ခြမ်းစီမှာရှိပါတယ်။ အဲ့ဒီမှာအထက်ဇိုင်းဂနိုင်းကြီးအုပ်စုက ပိုက်ချပြီးစက်ကြီးတွေနဲ့သဲဖော်လိုက်တဲ့အခါမှာ အုတ်ဖိုကျေးရွာဘက်က ကမ်းပါးပြိုတယ်။ အဲ့လိုကမ်းပါးတွေပြိုတဲ့အတွက်ကြောင့် အဲ့ဒီကျေးရွာတစ်ရွာမှာ ယနေ့အချိန်အထိ စိုးရိမ်ရတဲ့အခြေအနေမှာရှိနေပါတယ်။ အထက်ဇိုင်းဂနိုင်းကြီးကျေးရွာအုပ်စု၊ အုပ်ဖိုကျေးရွာအုပ်စု တို့ကို သဲပုံခွင့်ပေးတဲ့အခါမှာ နှစ်ဖက်ညှိနှိုင်းပြီးတော့ ကျေးရွာက လက်ခံနိုင်တဲ့အနေအထား နေရာမျိုးမှာ သာလျှင်ပေးပုံဖို့ ကျွန်တော်တင်ပြလိုပါတယ်။ နောက်တစ်ခုက ကျေးရွာအုပ်စုနှစ်ခုမှာ အထက်ဇိုင်းဂနိုင်းကြီးဘက်က စုပ်လိုက်တဲ့ရေကြောင့် အုတ်ဖိုကျေးရွာက ကမ်းပါးပြိုပါတယ်။ ပြိုတဲ့အတွက်ကြောင့် ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်က ရေထိန်းတမံတွေလုပ်ပေးရတာဆိုရင် (၄၁)သန်းကုန်ကျတာ တွေ့ရပါတယ်။ အထက်ဇိုင်းဂနိုင်းကြီးမှာရှိတဲ့ စုပုံထားတဲ့သဲပုံရေကို ကျွန်တော်တို့ တိုင်းဒေသကြီးလွှတ်တော် သယံဇာတကော်မတီက သွားရောက်စစ်ဆေးတဲ့အခါမှာလည်း သဲပုံကြီးရဲ့ပမာဏက တောင်သဏ္ဌာန်လောက်ရှိတာ တွေ့ရပါတယ်။ အဲ့ဒါတစ်နှစ်ရောင်းပြီးသား လက်ကျန်သဲပုံဖြစ်နေတာကိုတွေ့ရတဲ့အပြင် မူလအခွန်ရှောင်ထားတာက ကျင်း (၅၀၀) လောက်ရှိပါတယ်။ အဲ့ဒီလို နိုင်ငံတော်ရဲ့အခွန်ဘဏ္ဍာကလည်း များစွာနစ်နာပြီး ပြည်သူများဆုံးရှုံးမှုရှိနေတာကို အစိုးရအနေနဲ့ ဘယ်လိုကြီးကြပ်ပေးမလဲဆိုတာ သိချင်ပါတယ်။ ကျွန်တော်တို့ ပဲခူးမြို့နယ်မှာ မြစ်၊ သဲ၊ ကျောက် အဓိကထုတ်တာမရှိသေးပါဘူး။ အဲ့ဒီတော့ တိုင်းဒေသကြီးအစိုးရအနေနဲ့ မည်သို့ကြီးကြပ် ဆောင်ရွက်မယ်ဆိုတာကိုလည်း ကျွန်တော် တင်ပြချင်ပါတယ်။ နောက်တစ်ခုက ဝမ်းဘဲအင်း၊ ထန်းသုံးပင်၊ သပြေရိုးကျေးရွာအုပ်စုမှာရှိတဲ့ ခွင့်ပြုထားတဲ့ဒေသတွေမှာ တစ်ချို့နေရာတွေမှာ သဲတစ်ဝက်ရဖို့ဆိုရင် မြေစစ်ခမြေပုံရေးဆွဲပေးရပါတယ်။ အဲ့ဒီနောက်မှာ သက်ဆိုင်ရာသယံဇာတ ထောက်ခံချက်တွေယူပြီးမှ လုပ်ရပါတယ်။ တစ်ဦးတစ်ယောက်တည်းက မြေပုံအကျယ်ကြီးရေးဆွဲထားတာ တွေ့ရပါတယ်။ သို့သော်လည်း လူတွေရဲ့အခွန်ဆောင်မှုက ကျင်း (၅၀၀)ထက် လုံးဝမပိုပါဘူး။ အဲ့ဒီတော့ လူတွေကနေပြီး တစ်ဆင့်တစ်ဆင့် တစ်ကွက်ကို သိန်း (၄၀)၊ သိန်း (၅၀) စသည်ဖြင့် အကွက်ရေအဆင့်ဆင့်ရောင်းပြီးတော့ အဲ့ဒီလို လုပ်တဲ့အတွက်ကြောင့် နိုင်ငံတော်ရဲ့အခွန်ဘဏ္ဍာတွေလည်းနစ်နာတယ်။ ဒေသခံပြည်သူတွေကလည်း သဲပုံအနှံ့အပြားပေါ်မှာ နယ်မြေဆုံးရှုံးမှုတွေ ဖြစ်ပေါ်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာဒေသခံတွေက

တိုင်ကြားတာတွေ တွေ့ရပါတယ်။ အဲ့ဒီလိုရထားပြီတဲ့လူတွေက လက်ကျုံးသမားတွေကို တန်ရာတန်ကြေး ၂၀၀၀ လောက်နဲ့ပြန်ရောင်းတာ တွေ့ရပါတယ်။ နိုင်ငံတော်ကိုအခွန်ဆောင်မှ သဲတစ်ကျင်းကို (၅၀၀) ပဲရပါတယ်။ အခုလို စည်းပျက်ကမ်းပျက်အောက်ခြေမှာဖြစ်နေတာကို သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအနေနဲ့ ဘယ်လိုထိန်းကျောင်းသွားမလဲဆိုတာကို သိရှိလိုကြောင်း ထပ်ဆင့်ဆက်စပ်မေးခွန်းအနေနဲ့ ကျွန်တော်မေးမြန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ဦးညွှန့်ရွှေ မေးမြန်းသည့်ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါ တယ်။

ဒေါက်တာစောညိုဝင်း၊ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ပဲခူးတိုင်းပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေ မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားပါ့မယ်။ အဲ့ဒီမှာ ပထမဦးဆုံးအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ အထက်ဓိုင်းဂနိုင်း ကြီးနဲ့ အုတ်ဖိုကျေးရွာလုပ်ကွက်က အမှန်တကယ် (၁)ကော ပတ်ဝန်းကျင်ရှိပါကြောင်း၊ အထက်ဓိုင်းဂနိုင်းကြီးနှင့်ပတ်သက်ပြီး စနစ်တကျစီစဉ်ပြီး လုပ်ကွက်အနေနဲ့ ဒီနှစ်မှာ သက်ဆိုင်ရာဌာနတွေရဲ့ ထောက်ခံချက်နဲ့ (၁)ကွက်မှမရသေးပါကြောင်း၊ မြစ်ကြောင်းတစ်လျှောက် သယံဇာတများအလွန်အကျွံထုတ်ပါက ကမ်းပြိုခြင်းများရှိပါ၍ တတ်နိုင်သမျှ နိုင်ငံတော်အတွက် တကယ့်လိုအပ်ချက်မရှိအောင် ထုတ်ယူသုံးစွဲခြင်းများကို ဆောင်ရွက်နေပါကြောင်း၊ ပြည်ထောင်စုက သဲတစ်ကျင်းကို (၅၀၀)၊ ကျောက်တစ်ကျင်းကို (၁၅၀၀) ပဲရ၊ တကယ်ရေကြောင်းပြန်ဖော်လျှင် (၁)ပေကို (၄၀၀၀၀) လောက်ကုန်ကျပါကြောင်း၊ (၄)သိန်းမှ (၁၁)သိန်းလောက်အထိ ကုန်ကျပါကြောင်း၊ လိုင်စင်ခွင့်ပြုချက်မရှိဘဲ ကြိုတင်ထုတ်ခွင့်မရှိပါကြောင်း၊ SOP ကိုသာ စနစ်တကျ ပြဋ္ဌာန်းလိုက်တဲ့အတွက်ကြောင့် ခွင့်ပြုချက်မရှိဘဲ ထုတ်လုပ်လျှင် သက်ဆိုင်ရာက ပထမအကြိမ်မှာ ဓါတ်သတ္တုခွန်ရဲ့ (၃)ဆ ဒဏ်ရိုက်ပါတယ်။ ဒုတိယအကြိမ် ထပ်စစ်ဆေးပြီး ပေါ်ပေါက်လျှင်(၅)ဆနှင့် အဲ့ဒီကနေ တတိယအကြိမ်မှာ လုပ်ငန်းဆောင်ရွက်မှုကိုတွေ့လျှင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ဆက်လက်လုပ်ကိုင်ခွင့်မပြုကြောင်းကို SOP မှာ စနစ်တကျ ပြဋ္ဌာန်းထားပါတယ်။ နောက်တစ်ခုက ပဲခူးတိုင်းဒေသကြီးမှာ မြစ်၊ သဲ၊ ကျောက်၊ အုတ် ထုတ်လုပ်မှုကြီးကြပ်မှုကော်မတီသည် မြို့နယ်တိုင်းမှာရှိပါတယ်။ မြို့နယ်အားလုံးမှာ စနစ်တကျဖွဲ့စည်း ထားပါတယ်။ သက်ဆိုင်ရာ ရပ်/ကျေးအဆင့်အထိဖွဲ့စည်းမှုသည် ပဲခူးတိုင်းဒေသကြီးအတွင်းမှာ မြို့နယ်(၂) မြို့နယ်သာ ကျန်ရှိပါတယ်။ တကယ်တမ်း မြစ်၊ သဲ၊ ကျောက်၊ အုတ် ထုတ်လုပ်မှုကို ကြီးကြပ်တဲ့နေရာမှာ မြို့နယ်အဆင့်က သွားရောက်ကြီးကြပ်တဲ့နေရာမှာ လစ်ဟာမှုများရှိတယ်။ တကယ့်မြေပြင်အခြေအနေနှင့် ကိုက်ညီမှု

မရှိဘူးလို့ သုံးသပ်ရရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၈ခုနှစ် ဒီဇင်ဘာလအစည်းအဝေးမှာစတင်ပြီး ရပ်/ကျေးများကို ပဲခူးတိုင်းဒေသကြီးတစ်တိုင်းလုံး မြစ်၊ သဲ၊ ကျောက်ကြီးကြေပ်ရေးကော်မတီကို ဖွဲ့စည်းဖို့ ညှိနှိုင်းအစည်းအဝေးကို (၂)လပိုင်း ၂/၂၀၁၉ အစည်းအဝေးမှာ ဒါနဲ့ပတ်သက်လို့ ရပ်/ကျေးအဆင့်ဆိုပြီး ပဲခူးတိုင်းဒေသကြီးတစ်တိုင်းလုံး ရပ်/ကျေးအဆင့်အထိ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ အစိုးရအဖွဲ့ Cabinet အစည်းအဝေးသို့ လိုအပ်လျှင်တင်ပြမယ်။ ဒါမှမဟုတ် ဝန်ကြီးချုပ်က မလိုအပ်ဘူးလို့ မိန့်မှာလျှင် ဝန်ကြီးချုပ်ထံမတင်ပြဘဲ ဆက်လက်ဆောင်ရွက်မယ်။ ရပ်/ကျေး အဆင့်အထိ ကြီးကြပ်မှုကော်မတီပါလာလျှင် ပိုပြီးစနစ်တကျ ကြီးကြပ်မှုရရှိလာမယ်။ ရပ်/ကျေးအဆင့်မှာ သက်ဆိုင်ရာ ရပ်/ကျေးစာရေး၊ လွှတ်တော်ကိုယ်စားလှယ်က တာဝန်ပေးမယ် လွှတ်တော်ကိုယ်စားလှယ်ရယ်၊ ရပ်မိရပ်ဖ၊ လိုအပ်သောဌာနဆိုင်ရာအားလုံးညှိနှိုင်းပြီး ရပ်/ကျေးအဆင့်အထိ ဖွဲ့စည်းပေးပါ့မယ်။ ယခုထက်ပိုပြီး စနစ်တကျဖြစ်အောင် ဆောင်ရွက်သွားမယ်။ ပဲခူးမြို့နယ်အတွင်းမှာ လက်ကျုံးသဲများကို စနစ်တကျ ဖြစ်အောင် ဆောင်ရွက်သွားပါ့မယ်။ မြစ်၊ သဲ၊ ကျောက်၊ အုတ် လျှောက်ထားတဲ့ အမှုတွဲဇယားကို ညှိနှိုင်းဆွေးနွေးပြီး ထုတ်ပြန်ပါမယ်။ နောင်တွင်ယခုထက်ပိုပြီး စနစ်ကျအောင် စစ်ဆေးဆောင်ရွက်သွားပါ့မယ် အားလုံးကို ကျေးဇူးတင်ပါတယ်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။(ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီအစီရင်ခံစာအား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး

ရပ်နားတဲ့အခါ လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးထံ ယနေ့(၁၆:၀၀)နာရီထက် နောက်မကျစေဘဲ အမည်စာရင်းတင်သွင်းကြဖို့ ဖြစ်ပါ တယ်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကော်မတီ အစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဦးကျော်ဇေယျ၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး လွှတ်တော် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဦးကျော်ဇေယျ၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးကျော်ဇေယျ၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ (ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကော်မတီ အစီရင်ခံစာအား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး လွှတ်တော် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကော်မတီအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့(၁၆:၀၀)နာရီထက် နောက်မကျစေဘဲ အမည်စာရင်းတင်သွင်းကြဖို့ ဖြစ်ပါတယ်။

ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ " ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများအား နယ်နိမိတ်များသတ်မှတ်ပြီး ကျေးရွာမြေများအဖြစ် သတ်မှတ်ဖော်ထုတ်ပေးပါရန် တိုက်တွန်းကြောင်း" အဆိုကိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် / မသင့် အဆုံးအဖြတ်ရယူခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများအား နယ်နိမိတ်များသတ်မှတ်ပြီး ကျေးရွာမြေများအဖြစ် သတ်မှတ်ဖော်ထုတ်ပေးပါရန် တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းဖို့ ဖိတ်ခေါ် ပါတယ်။

ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ဒီကနေ့အစည်းအဝေးကို တက်ရောက်လာကြသော ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်သူအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ **“ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများအား နယ်နိမိတ်များသတ်မှတ်ပြီး ကျေးရွာမြေများအဖြစ် သတ်မှတ်ဖော်ထုတ်ပေးပါရန် တိုက်တွန်းကြောင်း”** အဆိုဖြစ်ပါတယ်။ ယခုလက်ရှိ ပြည်သူများသည် နေထိုင်မှုကျပ်တည်းလာပါသည်။ သို့ပါသော်လည်း ဟိုးယခင် အစိုးရအုပ်ချုပ်စဉ်ကတည်းက မူလသတ်မှတ်ထားခဲ့သည့် ကျေးရွာမြေများအလိုက် ရှိနေသည့် အတွက် ဒါကိုလည်းတွေ့နေရပါတယ်။ ကျေးရွာမြေတွေကို ပြန်လည်သတ်မှတ်ခဲ့ခြင်းမရှိခဲ့ပါဘူး။ လူနေထိုင်မှုလိုအပ်ချက်အရ ကျေးရွာနေပြည်သူတွေဟာ သူတို့အဆင်ပြေသလို ကျေးရွာအနီးမှာရှိတဲ့ လယ်ယာမြေတွေကို ဝယ်ယူပြီးနေထိုင်ကြပါတယ်။ ယင်းပိုင်တဲ့လယ်မြေတွေအပေါ်မှာ အိမ်ဆောက်မှုတွေ လုပ်ခဲ့ကြတယ်။ အဲ့ဒီအတွက်ကြောင့်မို့ ကျေးရွာတော်တော်များများဟာ လက်ရှိအခြေအနေမှာ ဆိုလို့ရှိရင် လယ်မြေတွေအပေါ်မှာကျရောက်နေတာ တွေ့ရပါတယ်။ တစ်ချို့နေရာတွေမှာဆိုရင် စားကျက်မြေပေါ်မှာ ကျရောက်နေတာတွေ့ရပါတယ်။ ကျေးရွာတွေကို စနစ်တကျနေရာချထားမှု မရှိသည့်အတွက်ကြောင့် လမ်းတွေက ရွာတွေမှာဆိုလို့ရှိရင် စနစ်တကျမရှိပါဘူး။ စာသင်ကျောင်း ဆောက်လုပ်မှု မြေနေရာတွေကလည်း လုံလောက်တဲ့မြေနေရာမရှိဘဲ ကျဉ်းမြောင်းနေတာရှိပါတယ်။ ကျေးလက်ဆေးပေးခန်းအတွက် မြေနေရာတွေလည်းမရှိတာဖြစ်ပေါ်လျှက်ရှိပါတယ်။ ပိုပြီးတော့ဆိုးတာကတော့ ကျွန်တော်တို့ မြေပုံစာရွက်မှာ ကျေးရွာမြေလို့ပေါ်နေသော်လည်း လက်ရှိမြေပြင်အခြေအနေမှာတော့ ကျေးရွာမြေအဖြစ် မရှိသလောက်ဖြစ်နေပါတယ်။ ကျွန်တော်တို့ ကျေးရွာမှာနေထိုင်ခဲ့တယ်။ လမ်းပန်းဆက်သွယ်ရေးမကောင်းဘူး။ လုံခြုံမှုမရှိသည့်အတွက် နီးစပ်ရာကျေးရွာများကိုတစ်ဖြည်းဖြည်း ပြောင်းရွှေ့သွားပြီးတော့ အဲ့ဒီကျေးရွာတွေကိုတော့ ပြည်ထဲရေးအမြင်မှာတော့ ကျေးရွာအုပ်စုစာရင်း ပေါက်နေပေမယ့်လည်း လက်ရှိမြေပြင်အခြေအနေမှာ ကျေးရွာမရှိတော့တဲ့ နေရာတွေလည်းရှိနေတာကို တွေ့ရပါတယ်။ ကျေးရွာမြေများစနစ်တကျ ပြန်လည်သတ်မှတ်မည်ဆိုပါက လက်ရှိမှာဖြစ်ပေါ်နေတဲ့ ဌာနရဲ့စာရင်းအမှားတွေကိုလည်း တစ်ဖက်တစ်လမ်းက ကူညီဖြေရှင်းရာရောက်မှာ ဖြစ်ပါတယ်။ ပြဋ္ဌာန်းထားပြီးဖြစ်တဲ့ လယ်ယာမြေဥပဒေ၊ နောင်အခါမှာပြဋ္ဌာန်းမည့် မြေယာခွန်ဥပဒေများအကြောင်းကိုလည်း ကျေးရွာမြေများအား ဖော်ထုတ်သတ်မှတ်ထားခြင်းမရှိခဲ့ပါက ဖြေရှင်းရမယ့်ပြဿနာများ နောင်အခါမှာ ကြုံတွေ့လာနိုင်မှာဖြစ်သည့်အတွက် ယခုအချိန်မှစတင်ပြီး ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ရှိတဲ့ ကျေးရွာများအား နယ်နိမိတ်များသတ်မှတ်ပြီး ကျေးရွာမြေများအဖြစ် သတ်မှတ်ဖော်ထုတ်ပေးပါရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အား ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှတစ်ဆင့် တိုက်တွန်းကြောင်း အဆိုအား လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။အဆိုကို ထောက်ခံဆွေးနွေးမည့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

ဦးသက်မင်းဇော်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ဒီနေ့အစည်းအဝေးကို ကြီးမှူးကျင်းပပေးပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသူအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဦးညီညီထွေး ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ ပဲခူးတိုင်းအတွင်းရှိ ကျေးရွာမြေများအား နယ်နိမိတ်များသတ်မှတ်ပြီး ကျေးရွာမြေများအဖြစ် သတ်မှတ်ဖော်ထုတ်ပေးပါရန် တိုက်တွန်းကြောင်းအဆိုကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ လက်ခံဆွေးနွေးရန်သင့်ပါကြောင်း ဆွေးနွေးမည့် ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်မင်းဇော်ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အင်္ဂလိပ်ကိုလိုနီခေတ် ကတည်းက မြေယာကိစ္စများကို စနစ်တကျရေးဆွဲပြဋ္ဌာန်းထားခဲ့ပါတယ်။ ၁၉၀၅ ခုနှစ်ကစပြီး လုပ်ဆောင်ခဲ့တဲ့ ကြေးတိုင်လုပ်ငန်းတွေနောက်မြေစာရင်းမြေပုံလုပ်ငန်းတွေကိုလည်း ယနေ့တိုင် လုပ်ဆောင်နေရတာ ဖြစ်ပါတယ်။ ကျေးရွာမြေနေရာများကို အဆင်ပြေသလို ဖြစ်သလို တိုးချဲ့နေရတာ ယနေ့ထက်တိုင်ဖြစ်နေပါတယ်။ အခုအဆိုဖြစ်တဲ့ ကျေးရွာနယ်နိမိတ်များကို သတ်မှတ်ပြီးတော့ဖော်ထုတ်ပေးနိုင်မည်ဆိုပါက ခေတ်အဆက်ဆက်မှားယွင်းခဲ့တဲ့ မြေယာစာရင်းများကို ပြန်လည်ပြုပြင်နိုင်မှာဖြစ်တဲ့ အတွက် ယခုအဆိုကို တိုင်းဒေသကြီးလွှတ်တော်ကနေပြီးတော့ လက်ခံဆွေးနွေးရန် သင့်ပါကြောင်း တင်ပြပြီး ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ဆက်လက်ဆွေးနွေးရန်ရှိပါက ဖိတ်ခေါ်ပါတယ်။

ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ကျွန်တော်ကတော့ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော် ဖြစ်ပါတယ်။ ညောင်လေးပင်မြို့နယ် ဦးညီညီထွေး တင်ပြတဲ့ **“ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများအား နယ်နိမိတ်များသတ်မှတ်ပြီး ကျေးရွာမြေများအဖြစ် သတ်မှတ်ဖော်ထုတ်ပေးပါရန် တိုက်တွန်းကြောင်း”** အဆိုနဲ့ပတ်သက်လို့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော်တို့ မြို့နယ်တိုင်းမှာ ကျေးရွာတွေဟာပြည်ထဲရေးအမည်ပေါက် ကျေးရွာနယ်နိမိတ်ဇရိယာ ရှိသော်ငြားလည်း အင်္ဂလိပ် ခေတ်ကတည်းကနေပြီးတော့ ရွာတစ်ရွာဟာ လေး၊ ငါး၊ ဆယ်အိမ်နဲ့ပဲ ရွာတည်လာခဲ့တဲ့ရွာတွေ ရှိပါတယ်။ သို့သော်လည်း ခေတ်ကာလပြောင်းလဲသွားတာဖြစ်တဲ့အတွက် ကျွန်တော်တို့ လူဦးရေတိုးပွားလာတယ်။ တိုးပွားလာတဲ့အပေါ် ဇရိယာနယ်နိမိတ် ကျေးရွာနှင့် တစ်ဆက်တစ်စပ်တည်းမှာ ဇရိယာနယ်နိမိတ်တွေ ကျယ်ပြန့်လာခဲ့ပါတယ်။ သို့သော်လည်း ကျွန်တော်တို့လက်ရှိ မြေကြီးမြေပုံတွေ မှန်ကန်ရေးအတွက် လိုအပ်လာခဲ့ပါတယ်။ တစ်ဆက်တစ်စပ်တည်းမှာ ရွာရဲ့ပြည်ထဲရေးအမည်ပေါက် တစ်ဆက် တစ်စပ်တည်းမှာ နေသော်ငြားလည်းဘဲ တစ်ဆက်တစ်စပ်တည်းမှာ လယ်ယာမြေစစ်ဆေးတာတွေ လက်ရှိလယ်မြေနဲ့ဆက်စပ်တာရှိမယ် စားကျက်မြေနဲ့ဆက်စပ်တာရှိမယ်။ အင်းမြေနဲ့ဆက်စပ်တာရှိမယ်။ ပလပ်မြေနဲ့ဆက်စပ်တာရှိမယ်။

ဒီအခြေအနေကိုသိခြင်းအားဖြင့် မြေကြီးမြေပုံမှန်ကန်ရေးကို ရှေးရှုပြီး ကျွန်တော်တို့ ယနေ့တင်သွင်းတဲ့ **“ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများအား နယ်နိမိတ်များ သတ်မှတ်ပြီး ကျေးရွာမြေများအဖြစ် သတ်မှတ်ဖော်ထုတ်ပေးပါရန် တိုက်တွန်းကြောင်း”** အဆိုကို တိုင်းဒေသကြီးလွှတ်တော်အနေဖြင့် လက်ခံဆွေးနွေးရန်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုရှင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေးတင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၂)ဦးဖြစ်တဲ့ ဦးသက်မင်းဇော် ပေါက်ခေါင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)နှင့် ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)တို့က ထောက်ခံသွားပါတယ်။ အဆိုမှာ **“ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများအား နယ်နိမိတ်များသတ်မှတ်ပြီး ကျေးရွာမြေများအဖြစ် သတ်မှတ်ဖော်ထုတ်ပေးပါရန် တိုက်တွန်းကြောင်း”** အဆိုဖြစ်ပါတယ်။ ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့် / မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။

ဥက္ကဋ္ဌ။ ။အဆိုကိုလက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။)

ဥက္ကဋ္ဌ။ ။အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါသလားခင်ဗျား။

ဥက္ကဋ္ဌ။ ။အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များမရှိသည့်အတွက် ဦးညီညီထွေး၏အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်းကြေညာပါတယ်။ ဦးညီညီထွေးတင်သွင်းသည့်အဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့(၁၆:၀၀) နာရီထက် နောက်မကျစေဘဲ အမည်စာရင်းပေးသွင်းကြရန် ဖြစ်ပါတယ်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး(တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)ကို (၁၂:၀၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

(စတုတ္ထနေ့) ကို၂၀၁၉ခုနှစ် ဖေဖော်ဝါရီလ(၂၁)ရက် (ကြာသပတေးနေ့) နံနက် (၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

[**ဩဘာသံများ**]

အခမ်းအနားမှူး။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
(၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
စတုတ္ထနေ့ မှတ်တမ်း
၁၃၈၀ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်
[၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်]
(ကြာသပတေးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀:၀၀နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၅.၅၃ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါ့မယ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာမိမိ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါ တယ်။

ဦးညွှန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေ [ဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန]၊ မိုးညှိမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြတ်လှိုင်၊ ဗိုလ်မှူးမျိုးဟိန်းနှင့် ဗိုလ်မှူး

ကျော်ဝင်းထွန်းတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၂၁.၂.၂၀၁၉)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၁၁)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၁၁ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

ဥက္ကဋ္ဌ။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခုလွှတ်တော်ကိုယ်စားလှယ် (၂)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများ ဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းကို မေးမြန်းပြီးမှ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ပထမဦးစွာ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒအမှတ်(၁)၏

(၁) **"ပေါင်းတည်မြို့နယ်၊ ရွာသစ်ကြီးအုပ်စု၊ ရွာသစ်ကြီးရွာထိပ်တွင် ချောင်းကမ်းပါးပြိုကျမှု သက်သာစေရန် ရေလမ်းကြောင်းလွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"ရန်ကုန် ပြည်ကားလမ်းဘေးရှိ (၉၃)သစ်စက် မြေနေရာအား အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်း ပေါ်ထွန်းလာစေရန်အတွက် တိုင်းဒေသကြီးအစိုးရအနေဖြင့် ဦးဆောင် စီမံချက်ရေးဆွဲပြီး ပြည်ထောင်စုအစိုးရသို့ အမြန်ဆုံးတင်ပြပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ ရွာသစ်ကြီးအုပ်စု၊ ရွာသစ်ကြီးရွာထိပ်တွင် ချောင်းကမ်းပါးအကြိမ်ကြိမ် ပြိုကျနေပါသဖြင့် ဒေသခံပြည်သူများက ကမ်းထိန်းနံရံတွေအနေနဲ့ တောင်းမယ်ဆိုရင် နိုင်ငံတော်အနေနဲ့ ကုန်ကျစရိတ်တွေများစွာရှိသဖြင့် ကမ်းထိန်းနံရံတွေ မတောင်းပါဘူး။ ဒါပေမယ့် ရေလမ်းကြောင်းလေးလွှဲပေးပါလို့ တောင်းဆိုလာပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးအစိုးရအနေနဲ့ ရွာသစ်ကြီးရွာထိပ်က ရေလမ်းကြောင်းလွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါသည်။

ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ ဒုတိယမေးခွန်းကတော့ ပဲခူးတိုင်း ဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၏ လမ်းပန်းဆက်သွယ်ရေး အချက်အချာကျသော ရန်ကုန်-ပြည် ကားလမ်းဘေးတွင် (၉၃)သစ်စက် မြေနေရာတည်ရှိပြီးဇက (၄၀)ကျော် ရှိပါသည်။

ယနေ့အချိန်အခါတွင် အထက်ပါသစ်စက်မှာ ဖျက်သိမ်းခဲ့ပြီးလည်းဖြစ်ပါသည်။ မြေလွတ်ဖြစ်လျက် သစ်ပင်ခြုံနွယ်များ ထူထပ်စွာပေါက်ရောက်နေပါသည်။ ထိုမြေနေရာအား အများပြည်သူအကျိုးပြုနိုင်မည့် အသက်မွေးဝမ်းကြောင်း ပညာသင်ကျောင်းများ ပေါ်ထွန်းလာစေရန် ပြည်သူများမှ လိုလားတောင့်တနေကြပါသည်။ ထိုကဲ့သို့ အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်း ပေါ်ထွန်းလာစေရန် စွမ်းဆောင်ပေးနိုင်ပါက ပေါင်းတည်မြို့နယ်သာမက အနီးရှိမြို့နယ်များမှ ကျောင်းသား၊ ကျောင်းသူများလည်း အားထားရမှာဖြစ်ပါသည်။

နိုင်ငံတော်အစိုးရ၏ မူဝါဒများအရ အသက်မွေးဝမ်းကြောင်း ပညာသင်ကျောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်များချမှတ် အကောင်အထည်ဖော်လျက်ရှိပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း အသက်မွေးဝမ်းကျောင်းပညာသင်စနစ်ကို အောင်မြင်စေရန် တိုက်တွန်းမှာကြားထားလျက်ရှိပါသည်။ ဝန်ကြီးချုပ်ကိုယ်တိုင်ကလည်း အဆိုပါမြေနေရာအား ကွင်းဆင်းလေ့လာပြီးဖြစ်ပါသည်။

ထို့ကြောင့် ရန်ကုန်-ပြည်ကားလမ်းဘေးတွင် (၉၃)သစ်စက်မြေနေရာအား ပြည်သူများအတွက် အမှန်တကယ်အကျိုးရှိမည့် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်း ပေါ်ထွန်းလာစေရန်အတွက် တိုင်းဒေသကြီးအစိုးရက ဦးဆောင်စီမံချက်ရေးဆွဲပြီး ပြည်ထောင်စုအစိုးရသို့ အမြန်ဆုံး တင်ပြ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ် ပါတယ်။

ဥက္ကဋ္ဌ။ ။ဦးရဲလင်းနိုင် မေးမြန်းသည့် မေးခွန်း(၂)ခုအား သယံဇာတ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]။ ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပေါင်းတည်မြို့နယ်၊ ရွာသစ်ကြီးအုပ်စု၊ ရွာသစ်ကြီးရွာထိပ်တွင် ချောင်းကမ်းပါးပြိုကျမှုသက်သာစေရန် ရေလမ်းကြောင်း လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ ရွာသစ်ကြီးအုပ်စု၊ ရွာသစ်ကြီးရွာထိပ်တွင် ချောင်းကမ်းပါးပြိုကျမှုနှင့် ပတ်သက်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေတွင် ပါဝင်ခြင်းမရှိပါကြောင်းနှင့် ဤဦးစီးဌာနအနေဖြင့် ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများအား ရေးဆွဲကာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတင်ပြတောင်းခံနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ အဲ့ဒီမှာ တစ်ဆက်တည်း ဖြေကြားရမည်ဆိုလျှင် ရေလမ်းကြောင်းလွှဲတယ်ဆိုတာက ရေမြစ်/ဖြူးအနေနဲ့ အပိုင်း(၂)ပိုင်းရှိပါတယ်။ တစ်ခုကတော့ မြစ်ကို ဖြတ်ပြီး ရေလမ်းကြောင်းလွှဲတဲ့ကိစ္စ၊ နောက်တစ်ခုက ကမ်းပါးပြိုတဲ့ကိစ္စ၊ ရေလမ်းကြောင်းလွှဲတဲ့ကိစ္စက ကျွန်တော်တို့က ပြည်ထောင်စုအစိုးရကိုတင်ပြရပါတယ်။ ဒီတစ်ပတ်အထဲမှာ ကျွန်တော်တို့ ဘတ်ဂျက်ထဲမှာ ပယ်ဖျက်ထားကြောင်းတွေ့ရပါတယ်။ ကမ်းပါးပြိုတဲ့ကိစ္စက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနနဲ့ အစိုးရအဖွဲ့များ ဆောင်ရွက်လျက်ရှိပါတယ်။ ရေလမ်းကြောင်းလွှဲတဲ့ကိစ္စကို သက်ဆိုင်ရာ ဦးစီးဌာနကို ကွင်းဆင်းစစ်ဆေးပြီး ပြည်ထောင်စုအစိုးရကို တောင်းခံတင်ပြပေးပါ့မယ်။

ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန]။ ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရန်ကုန်-ပြည်ကားလမ်းဘေးရှိ (၉၃)သစ်စက် မြေနေရာအား အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်း ပေါ်ထွန်းလာစေရန်အတွက် တိုင်းဒေသကြီးအစိုးရအနေဖြင့် ဦးဆောင်စီမံချက်ရေးဆွဲပြီး ပြည်ထောင်စုအစိုးရသို့ အမြန်ဆုံး တင်ပြပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် ပတ်သက်၍

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာသော ကြယ်ပွင့်ပြ မေးခွန်းအား ပဲခူးတိုင်းဒေသကြီး၊ တိုင်းဒေသကြီး လွတ်တော် (၁၁)ကြိမ် မြောက်ပုံမှန်အစည်းအဝေးတွင် ရှင်းလင်းဆွေးနွေးနိုင်ရန် အတွက် အောက်ပါအတိုင်း ဖြေကြားအပ်ပါသည်-

- အမှတ်(၉၃)သစ်စက် ၊ပေါင်းတည်မြို့၏ မြေဧရိယာ(၄၀.၀၁)ဧကအနက်(၁၀) ဧကအား၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးသို့ ၂၈.၁၁.၂၀၁၈ ရက်နေ့တွင် လွှဲအပ်ပြီးဖြစ်ပါသည်။
- အမှတ်(၉၃)သစ်စက်၏ ကျန်ရှိမြေနေရာဧရိယာ(၃၀.၀၁)ဧကအနက် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းအတွက် လိုအပ်မည့် မြေဧရိယာအား ပြန်ကြားပေးပါရန်နှင့် လိုအပ်သည့်မြေကို လွှဲပြောင်းပေးနိုင်ရေးအတွက် အထက်ဌာနသို့ ဆက်လက်တင်ပြပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ရန်ကုန်-ပြည်ကားလမ်းဘေးရှိ အမှတ်(၉၃)သစ်စက်မြေနေရာအား ပြည်သူများအတွက် အမှန်တကယ် အကျိုးရှိမည့် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်း ပေါ်ထွန်းလာစေရေးအတွက် တိုင်းဒေသကြီးအစိုးရက ဦးဆောင်စီမံချက်ရေးဆွဲပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ အမြန်ဆုံးတင်ပြဆောင်ရွက်ရန်ကိစ္စနှင့် ပတ်သက်၍ အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများ ဖွင့်လှစ်ခြင်းကိစ္စရပ်များသည် ပညာရေးဝန်ကြီးဌာန လက်အောက်တွင်ရှိပြီး ပညာရေးဝန်ကြီးဌာနမှ တိုက်ရိုက်ကွပ်ကဲဆောင်ရွက်သည့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းဖွင့်လှစ်ရန် လိုအပ်မှုရှိသည့်အတွက် သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်တွင် လျာထား စိစစ်လျှက်ရှိပြီး ပေါင်းတည်မြို့နယ်တွင် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်း ဖွင့်လှစ်နိုင်ရေး လိုအပ်မှုရှိ/မရှိ သက်ဆိုင်ရာဌာနများနှင့်အတူ Survey ပြုလုပ်၍ စိစစ်ဆောင်ရွက်သွားနိုင်ရန် အတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနသို့ ညှိနှိုင်းတင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ဥက္ကဋ္ဌကြီးခင်ဗျာ- ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

ဥက္ကဋ္ဌ။ ။ခွင့်ပြုပါတယ်။

ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ရွာသစ်ကြီးအုပ်စု၊ ရွာသစ်ကြီးရွာထိပ်ချောင်းကမ်းပါးပြုကျမှုနှင့် ပတ်သက်ပြီးတော့ ရေလမ်းကြောင်းလွှဲပေးဖို့ တင်ပြတဲ့နေရာမှာ ပြည်ထောင်စုအစိုးကို တင်ပြရမယ် ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်တဲ့ကိစ္စဆိုပြီးတော့ ဝန်ကြီးဖြေကြားထားပါ တယ်။ ယခုရှေ့အစဉ်အဆက်မှာ သက်သေသာဓကနှင့် တင်ပြရမယ်ဆိုရင် တိုင်းဒေသကြီးအစိုးရ ဘက်ကနေပြီးတော့ ချောင်းဖြောင့်မယ့်ကိစ္စကို တိုင်းဒေသကြီးအစိုးရဘတ်ဂျက်နဲ့ ကိုင်တွယ်ကျင့်သုံးနေတာ ရှိပါတယ်။ ဒါတွေကို အထောက်အထားနဲ့ ဝန်ကြီးကို တင်ပြချင်ပါတယ်။ ဒါကြောင့်မို့ တိုင်းဒေသကြီးအစိုးရရဲ့ စီမံမှုလိုအပ်နေပါတယ်။ ကျွန်တော်တို့ အောက်ဘက်မြို့နယ်တွေမှာကျတော့ တိုင်းဒေသကြီးအစိုးရက ပြည်ထောင်စုကို တင်ပြရပါတယ်။ အခြားမြို့နယ်တွေမှာကျတော့ တိုင်းဒေသကြီးအစိုးရက ကိုင်တွယ်ဖြေရှင်းပေးနေတယ်ဆိုတဲ့စကားက အင်မတန်ကွဲလွဲမှုရှိနေပါတယ်။ ဒါတွေကိုလည်း အထောက်အထားနဲ့ တင်ပြချင်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးအနေနဲ့ ချောင်းဖြောင့်မယ့် ကိစ္စသည် ကျွန်တော်တို့ အကုန်အကျသက်သာစေဖို့ ချောင်းဖြောင့်ဖို့ လိုအပ်ခြင်းဖြစ်ပါတယ်။ တည်ဆောက်မယ်ဆိုရင် သိန်းပေါင်း ထောင်ချီ၊ သောင်းချီကုန်ကျမှာရှိပါတယ်။ ဒါပေမယ့် ပေါင်းတည်မြို့နယ်ပြည်သူများသည် ချောင်းလေးကို ရေလမ်းကြောင်းလွှဲဖို့ တင်ပြတောင်းဆိုခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ တိုင်းဒေသကြီးအစီအမံနဲ့ အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ်မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ဦးရဲလင်းနိုင် မေးမြန်းသည့် ဆက်စပ်မေးခွန်းအား သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါ တယ်။

ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန]။ ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်တို့ ပေါင်းတည်မြို့နယ် ရွာသစ်ကြီးအုပ်စု ချောင်းဖြောင့်တဲ့ကိစ္စက ဥပဒေလုပ်ထုံးလုပ်နည်းအရ ဖြေကြားရမှာဖြစ်ပါတယ်။ ဥပဒေလုပ်ထုံးလုပ်နည်းကိုကျော်ပြီး နားလည်မှုနှင့် လုပ်တဲ့ကိစ္စကို လွှတ်တော်ကိုယ်စားလှယ်ကြီးအား တရားဝင်ဖြစ်အောင် ဖြေကြားမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်က ဒါနဲ့ ပတ်သက်ပြီးတော့ ခေတ်အဆက်ဆက် ဒီလိုပုံစံမျိုးလုပ်ခဲ့တယ်ဆိုရင် ကျွန်တော်တို့က ဥပဒေလုပ်ထုံး လုပ်နည်းတွေနဲ့အညီ တာဝန်ယူမှု၊ တာဝန်ခံတဲ့ အစိုးရအဖွဲ့အနေနဲ့ ဥပဒေလုပ်ထုံးလုပ်နည်းနဲ့ လုပ်ဆောင် ရမှာဖြစ်ပါတယ်။ ဒါကို သက်သေသက္ကာရနဲ့ ပြမယ်ဆိုရင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်ကြီးနဲ့ ကျွန်တော်တို့ ညှိနှိုင်းပြီးလုပ်ဆောင်ရမှာဖြစ်ပါတယ်။ တစ်ခုပဲရှိတာက သဘာဝဘေးကမ်းပြိုသက်သာစေရန် ချောင်းဖြောင့်မယ့်ကိစ္စ ဆောင်ရွက်မယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ သဘာဝဘေးအန္တရာယ်နဲ့ အစိုးရအဖွဲ့ကို ညှိနှိုင်းတင်ပြပြီး

ဝန်ကြီးချုပ်ရဲ့ အဆုံးအဖြတ်ရယူပြီး ဝန်ကြီးချုပ်မှ ဆုံးဖြတ်ပေးရင် ကျွန်တော်တို့ မဖြစ်မနေဆောင်ရွက်ပေးပါမယ်။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဒိုက်ဦးမြို့နယ်၊ စစ်ဗိုလ်ကြီးကျေးရွာအုပ်စု၊ မြောက်စုကျေးရွာကို ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် သောင်ခုံတူးဖော် ခြင်းနှင့် ရေလွှဲကဒစ်တန်းရိုက်ခြင်းများအား အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း သည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ စစ်ဗိုလ်ကြီးကျေးရွာအုပ်စု၊ မြောက်စုကျေးရွာ ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် သောင်ခုံတူးဖော်ခြင်းနှင့် ရေလွှဲကဒစ်တန်းရိုက်ခြင်းများအား ယခုပွင့်လင်းရာသီအချိန်တွင် အမြန်ဆုံးဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဒိုက်ဦးမြို့နယ်သည် ပဲခူးရိုးမမှ မြစ်ဖျားခံစီးဆင်းလာသော ဘိုင်းဒါးချောင်းသည် ဒိုက်ဦးမြို့နယ်၊ စစ်ဗိုလ်ကြီးကျေးရွာအုပ်စု၊ မြောက်စုကျေးရွာအနီးတွင် အိုမီဂါပုံသဏ္ဌာန်ကွေ့ဝိုက်စီးဆင်းလျက်ရှိပါသည်။ အဆိုပါချောင်းသည် သဲ၊ နုံးများကျ၍ မြောက်စုကျေးရွာအဝင်တစ်ဘက်ကမ်းတွင် သောင်ခုံများဖြစ်ပေါ်လျက်ရှိပြီး၊ မြောက်စုကျေးရွာသို့ ရေဦးထိုးတိုက်စားလျက်ရှိသဖြင့် လူနေအိမ်ခြေများ ဆုံးရှုံးနေရကြောင်း တွေ့ရှိရပါသည်။ ကျေးရွာအထွက် ချောင်းတစ်ဘက်ကမ်းတွင်လည်း သောင်ခုံများဖြစ်ပေါ်နေပြီး အခြားဘက်ကမ်းရှိ စစ်ဗိုလ်ကြီး-မြောက်စုကျေးရွာချင်းဆက်လမ်းအား ရေထိုးတိုက်စားနေသဖြင့် ဆက်သွယ်သွားလာရာတွင် အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

သို့ပါ၍ မြောက်စုကျေးရွာရေတိုက်စားမှုအား ရေရှည်အနေဖြင့် ကာကွယ်ရန်အတွက် ဘိုင်းဒါးချောင်းအား အိုမီဂါပုံသဏ္ဌာန်ဖြစ်ပေါ်နေသည့်နေရာတွင် ချောင်းဖြောင့်တူးဖော်မည်ဆိုပါက ချောင်းရေတိုက်စားမှုအား အကောင်းဆုံးကာကွယ်နိုင်၍ များစွာအကျိုးရှိစေမည်ဖြစ်ပြီး ချောင်းဖြောင့်ရာတွင် ပါဝင်မည့် လယ်မြေများကို နစ်နာကြေးများပေးရန်နှင့် ချောင်းကူးတံတားတစ်စင်း တည်ဆောက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

ယခုလတ်တလောတွင် မြောက်စုကျေးရွာ ရေတိုက်စားမှု လျော့ပါးသက်သာစေရန်အတွက် ဘိုင်းဒါးချောင်းအတွင်းရှိ သောင်ခုံများဖြစ်ပေါ်နေသောနေရာအား ပြန်လည်တူးဖော်ရှင်းလင်းခြင်းနှင့် ရေထိုးတိုက်စားနေသောနေရာအား ရေလွှဲကဒစ်တန်းရိုက်ခြင်းများ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။ သို့မှသာ မြောက်စုကျေးရွာအား ရေတိုက်စားမှုမှ ကာကွယ်နိုင်မည်ဖြစ်ပြီး ဒေသနေပြည်သူများ ဆက်သွယ်သွားလာရေး လွယ်ကူစေမည်ဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ စစ်ဗိုလ်ကြီးကျေးရွာအုပ်စု မြောက်စုကျေးရွာကို ရေတိုက်စားမှု ကာကွယ်ရန်အတွက် သောင်ခုံတူးဖော်ခြင်းနှင့် ရေလွှဲကဒစ်တန်းရိုက်ခြင်းများအား ယခု ပွင့်လင်းရာသီအချိန်တွင် အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

ဥက္ကဋ္ဌ။ ။ဦးသူရဇော် မေးမြန်းသည့် မေးခွန်းအား သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန]။ ။ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဒိုက်ဦးမြို့နယ်၊ စစ်ဗိုလ်ကြီးကျေးရွာအုပ်စု၊ မြောက်စုကျေးရွာကို ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် သောင်ခုံတူးဖော်ခြင်းနှင့် ရေလွှဲကဒစ်တန်းရိုက်ခြင်းများအား အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ စစ်ဗိုလ်ကြီးကျေးရွာအုပ်စုသည် မြောက်စုကျေးရွာအား ဘိုင်းဒါးချောင်းရေတိုက်စားမှုမှ ကာကွယ်နိုင်ရေးနှင့်ပတ်သက်၍ ဤဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာ စစ်ဆေးခဲ့ပါသည်။ ကွင်းဆင်းတိုင်းတာစစ်ဆေးချက်အရ ဘိုင်းဒါးချောင်းသည် မြောက်စုကျေးရွာအထက်ဘက်တွင် အိုမဂါပုံသဏ္ဌာန် ဖြစ်ပေါ်စီးဆင်းနေပြီး မြောက်စုကျေးရွာ၏ တစ်ဘက်ကမ်းတွင် သဲသောင်များဖြစ်ထွန်းကာ ချောင်းကွေ့၏ အပြင်ဘက်ခြမ်းရှိ မြောက်စုကျေးရွာဘက်ခြမ်းတွင် ရေတိုက်စားမှုကို ဖြစ်ပေါ်နေကြောင်း စိစစ်တွေ့ရှိရပါသည်။

မြောက်စုကျေးရွာရေတိုက်စားမှုမှ ကာကွယ်နိုင်ရေးအတွက် မြောက်စုကျေးရွာ အထက်ဘက်တွင် အိုမဂါပုံသဏ္ဌာန်အကွေးအလျား (၃၂၅)မီတာ ဖြတ်ဖောက်ပေးရန် လိုအပ်ပါသည်။ ထို့အတူ မြောက်စု ကျေးရွာအရှေ့ရှိ သဲသောင်အား တူးဖော်ပေးရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် ပါဝင်ခြင်းမရှိပါသဖြင့် (၂၀၂၀-၂၀၂၁)ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။ အကယ်၍ ဒီကိစ္စကို ပွင့်လင်းရာသီသို့ ရောက်ရှိပါက လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ သဘာဝဘေးရန်ပုံငွေမှ ဆောင်ရွက်ရန်ရှိ/မရှိ တင်ပြပေးရန်နှင့် သဘာဝဘေးရန်ပုံငွေမှာ ငွေအလုံအလောက်ရှိပါက ရေတိုက်စားမှုကို ကာကွယ်ရန် ညှိနှိုင်းဆောင်ရွက်၍ရပါကြောင်း ဖြည့်စွက်ဖြေကြားအပ်ပါသည်။

ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ နည်းဥပဒေ ၁၀၅ (ဃ)အရ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

ဥက္ကဋ္ဌ ။ ။ ခွင့်ပြုပါတယ်။

ဦးသူရဇော်၊ ဒုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။စစ်ဗိုလ်ကြီးကျေးရွာအုပ်စု၊ မြောက်စု ကျေးရွာနားမှာရှိတဲ့ ဘိုင်းဒါးချောင်းဟာ ခရိုင်ဆည်မြောင်းဌာနမှ E.E ၊ မြို့နယ်ဆည်မြောင်းမှ AE တို့ကွင်းဆင်းပြီး ၊ ဒေသခံလွှတ်တော်ကိုယ်စားလှယ်တို့ ကွင်းဆင်းတာ (၁)နှစ်နီးပါးရှိပါပြီ၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ (၂)ရက်နေ့မှစ၍ ယနေ့အချိန်အထိ တစ်နှစ်ရှိသွားပြီ၊ တစ်နှစ်ရှိသွားတဲ့အခါမှာလည်း ၂၀၂၀-၂၀၂၁ မှာ ထည့်သွင်းလျာထားပေးပါ့မယ်ဆိုတဲ့ အနေအထားမျိုးနဲ့ဆိုရင် မျှော်လင့်ရတာ တစ်နှစ်နီးပါးရှိနေပါပြီ၊ မျှော်ရင်းနဲ့ပဲ လက်ရှိအစိုးရက ဘာအားနည်းသလဲဆိုတဲ့ အနေအထားမှာ လက်ရှိ တင်ပြထားတဲ့စာအရ တစ်နှစ်ကျော်သွားပြီဆိုတော့ အားနည်းချက်က ပေါ်လွင်နေပါတယ်။ လက်ရှိ တက်လာတဲ့ ဝန်ကြီးကတော့ လက်ရှိမကြာသောကာလကမှ တာဝန်ယူထားတာဖြစ်တဲ့အတွက် ယခင် ကတည်းက ဓါတ်ပုံမှတ်တမ်းနဲ့တကွ ဌာနဆိုင်ရာ အဆင့်ဆင့်ကိုတင်ပြထားပြီးဖြစ်တဲ့အတွက် သဘာဝ ဘေးအန္တရာယ်မှာ တင်ပြထားတဲ့အထဲ ပါမလားဆိုပြီး တစ်နှစ်နီးပါးဖြစ်နေပြီ၊ လက်ရှိမိုးရာသီ စစချင်းမှာ ရွာပါပျောက်သွားမည့် အနေအထားဖြစ်နေပါတယ်။ ချောင်းဖြောင့်မှာမဟုတ်ပါဘူး၊ သောင်ခုံလေးတူးပြီး ရေလွှဲကဒစ်တန်းလေး ရိုက်ရုံပဲဖြစ်ပါတယ်။ လက်ရှိသဘာဝဘေးရန်ပုံငွေထဲက အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေးအတွက် တင်ပြတောင်းခံခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ဦးသူရဇော်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန]။ ။ချောင်းဖြောင့်ဖို့မဟုတ်ဘဲ ရေလွှဲကဒစ်တန်းနှင့် သောင်ခုံတူးဖို့ကိစ္စကို သဘာဝဘေးရန်ပုံငွေမှ ဆောင်ရွက်ပေးရန် အစိုးရအဖွဲ့ ဝန်ကြီးဌာနမှ ဝန်ကြီးချုပ်ကို တင်ပြပြီး Cabinet မှာ သဘာဝဘေးရန်ပုံငွေမှ ဆောင်ရွက်လို့ရတဲ့ အခြေအနေတွင် မြို့နယ်အလိုက် အရေးကြီးတဲ့ လုပ်ငန်းစဉ်မှာ ဆောင်ရွက်လို့ရအောင် ပြုလုပ်ပေးပါမည်။

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခုလွှတ်တော်ကိုယ်စားလှယ် (၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းကို မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ **"ကြို့ပင်ကောက်မြို့နယ်၊ သရက်ကုန်းအုပ်စု ပေပင်ခုံရွာမှ စေတီအုပ်စု ငရုစ်ရှိရွာလမ်းပိုင်း (၃မိုင်× ၁၀'×၈")ဂဝံခင်းခြင်းလုပ်ငန်းကို Zealous star Co.,Ltd က ၂၀၁၆ ၂၀၁၇ ဘဏ္ဍာနှစ်တွင် ခင်းခဲ့ပြီး ယနေ့ထိပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည့်အတွက် ယင်းကုမ္ပဏီအား လုပ်ထုံး လုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ ကျွန်တော် မေးမည့် မေးခွန်းကတော့ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ သရက်ကုန်းအုပ်စု၊ ပေပင်ခုံ တံတားအဆင်းမှ စေတီကုန်းအုပ်စု၊ ငရုစ်ရှိရွာအနီးအထိ ၃ မိုင်×၁၀'×၈" ဂဝံမြေနီလမ်းခင်းခြင်းကို Zealous Star Co.,Ltd က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လမ်းခင်းပေးခဲ့ပြီးလမ်း၏ သတ်မှတ် အတိုင်းအတာအတိုင်း အပြည့်မခင်းထားခြင်းကြောင့် ကျေးလက်လမ်းကော်မတီနှင့် ပြန်လည်ညှိနှိုင်းပြီး ခင်းပေးပါ သော်လည်း Zealous Star Co.,Ltd လုပ်ဆောင်မှုမှာ စနစ်မကျပါ၍ ယနေ့အထိ လမ်းခင်းခြင်းမှာ ပြည့်စုံမှုမရှိပါသဖြင့် Zealous Star Co., Ltdအား မပြီးပြည့်စုံသောလမ်းအား ကျေးလက်လမ်းကော်မတီ နှင့် လာရောက်ညှိနှိုင်းဆောင်ရွက်စေရန်အတွက်လည်းကောင်း၊ သို့မဟုတ် Zealous Star Co, Ltd အား လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်ပေးနိုင်ရန်အတွက် လည်းကောင်း ကျေးရွာပြည်သူလူထုတို့၏ ဆန္ဒအရ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းရခြင်း ဖြစ်ပါသည်။

သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ သရက်ကုန်းအုပ်စု ပေပင်ခုံရွာ-ပေပင်ခုံတံတား အနောက်ဘက်အဆင်းမှ စေတီကုန်းအုပ်စု ငရုစ်ရှိရွာအနီးအထိ ၃မိုင်×၁၀'×၈" ဂဝံမြေနီလမ်းခင်း ခြင်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လမ်းခင်းခဲ့ပါသည်။ လမ်းခင်းပြီးသော်လည်း လမ်း၏ သတ်မှတ်ပေးထားသော အတိုင်းအတာအတိုင်းမရှိပါ၍ Zealous Star Co., Ltd ၏ တာဝန်ခံအား ကျေးလက်လမ်းဖြစ်မြောက်ရေးကော်မတီမှ အကြိမ်ကြိမ်ခေါ်ယူညှိနှိုင်းခဲ့ပြီး ၂၀၁၇ခုနှစ်တွင် မေလ ကုန်တွင် ဂဝံမြေနီ လာရောက်ချပြီး ခင်းပေးရန် ပြင်ဆင်ခဲ့ပါသည်။

သို့ရာတွင် ထပ်မံချပေးသော ဂဝံမြေနီအမှုန့်များကို ကြိတ်ပေးရန် လမ်းကြိတ်စက်သည် အချိန်မီ ရောက်မလာခဲ့ပါ။ လမ်းကြိတ်စက်ရောက်လာခဲ့ပါသော်လည်း စက်ပျက်နေပါ၍ ရေဖြန်းခြင်း လမ်းသား မာအောင် အသားကျအောင် မလုပ်နိုင်ခဲ့ပါ။ ထိုစဉ်မှာပင် မိုးရာသီရောက်လာပြီး မိုးဆက်တိုက်ရွာသွန်း မှုကြောင့် ထပ်မံချပေးထားသော ဂဝံမြေနီများမှာ လမ်းသားအမာဖြစ်အောင် ရေဖြန်းမကြိတ်လိုက်ရပဲ မိုးရေနောက်မျှောပါပြီး လမ်းလည်း ထပ်မံပျက်စီးခဲ့ရပါသည်။

မိုးရာသီကုန်လွန်ပြီးနောက်ပိုင်းတွင် Zealous Star Co., Ltd ၏ တာဝန်ခံကို ဆက်သွယ်ပါ သော်လည်း အဆက်အသွယ်မရဖြစ်ပြီး လမ်းကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်အား တင်ပြ

တိုင်ကြားလာပါသည်။ ကိုယ်စားလှယ်မှလည်း Zealous Star Co., Ltd ကိုဆက်သွယ်ပါသော်လည်း ဆက်သွယ်မရပါ။ လုပ်ငန်းစတင်ဆောင်ရွက်စဉ်က ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် လုပ်ခဲ့ရပါသောကြောင့် မြို့နယ်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနက (ကြို့ပင်ကောက်မြို့)သို့ Zealous Star Co., Ltd နှင့် ဆက်သွယ်မှုရအောင် ကြိုးစားစေပြီး ကျေးလက်လမ်းဖြစ်မြောက်ရေးကော်မတီနှင့် ပြန်လည်ညှိနှိုင်းချိတ်ဆက်ပေးပါရန် တင်ပြခဲ့သော်လည်း ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆက်သွယ်၍ မရကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။

သို့သော် ၂၀၁၈ခု နိုဝင်ဘာလတွင် Zealous Star Co, Ltd၏ တာဝန်ခံအသစ်တစ်ဦးသည် ကျေးလက်လမ်းကော်မတီသို့ ဆက်သွယ်လာပြီး လမ်းပြီးမြောက်ကြောင်း အတည်ပြုလက်မှတ်ရေးထိုးပေးပါရန် လာရောက်တွေ့ဆုံပါသည်။ လမ်းကော်မတီဝင်များကလည်း ယခင်လမ်းခင်းပေးခြင်းလုပ်ငန်းမှာ မပြီးဆုံးသေးပါ၍ လမ်းကိုပြီးပြည့်စုံသည်အထိခင်းပေးပြီးမှသာပြီးမြောက်ကြောင်း လက်မှတ်ရေးထိုး ပေးနိုင်မည်ဖြစ်ကြောင်းနှင့် လိုအပ်သော လမ်းအတိုင်းအတာများကို ပြည့်မီအောင် ခင်းပေးပါရန် ညှိနှိုင်း ခဲ့ကြပါသည်။ Zealous Star Co., Ltd၏ တာဝန်ခံအသစ်မှလည်း ပြန်လည်ဆောင်ရွက်ပေးပါမည်ဟု ပြောသွားပြီး ယနေ့အထိပေါ်မလာတော့ပါ။

သို့ပါ၍ Zealous Star Co, Ltd၏ ပေပင်ခုံ-ငရစ်ရှိလမ်းပိုင်း ၃မိုင်×၁၀'×၈" ဂဝံခင်းခြင်း လုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်က ခင်းခဲ့ပြီး ယနေ့အထိ ညှိနှိုင်းဆောင်ရွက်ရန်ကိစ္စများကို အပြီးမဆောင်ရွက်ပေးခြင်းအတွက် Zealous Star Co., Ltdမှ လာရောက်ဆောင်ရွက်ပေးစေရန် အတွက်လည်းကောင်း သို့မဟုတ် Zealous Star Co., Ltdအား လမ်းအတိုင်းအတာအတိုင်း ပြည့်မီအောင် မဆောင်ရွက်သည့်အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူပေးနိုင်ခြင်းရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်းအဖြစ် မေးမြန်းအပ်ပါသည်။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ဦးညွှန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ **“ပဲခူးမြို့တွင်း ပြေးဆွဲ နေသော ယာဉ်များ သတ်မှတ်လမ်းကြောင်းအတိုင်း စနစ်တကျ ပြေးဆွဲစေရန် စီမံချက်ချ ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်နိုင်မည်ကို သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးညွှန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ကျွန်တော်တင်ပြမေးမြန်းမည့် မေးခွန်းကတော့ ပဲခူးမြို့တွင်း ပြေးဆွဲနေသော ယာဉ်လိုင်း (၂၁)လိုင်း ရှိပြီး၊ ယာဉ်စီးရေ(၁၃၈၇)စီးရှိပါသည်။ ၎င်းယာဉ်အားလုံးသည် ၎င်းတို့သတ်မှတ်လမ်းကြောင်းအတိုင်း ပြေးဆွဲခြင်းမရှိဘဲ (Way Bill) ထင်သလို စုပြုံပြေးဆွဲနေခြင်းကို တွေ့ရှိရပါတယ်။ ဂိတ်အစ-အဆုံး သတ်မှတ်ချက်များရှိသော်လည်း ဂိတ်အဆုံးထိ ပြေးဆွဲပေးခြင်းမရှိဘဲ တစ်ဝက်တစ်ပျက်သာ ပြေးဆွဲပေးနေခြင်းကို တွေ့ရှိရပါတယ်။ နေ့စဉ်ဂိတ်ဝင်

ဂိတ်ထွက်မှတ်တမ်းများမရှိဘဲ ကြီးကြပ်သူမဲ့နေပြီး နေ့စဉ်ပေးဆောင်ရမည့် ဂိတ်ကြေးများကို လက်ခုန်မှသာ လချုပ်အနေဖြင့် ပေးဆောင်ရခြင်းများကြောင့် စည်းပျက်ကမ်းပျက် ဖြစ်နေပါသည်။ ယာဉ်ကြီးကြပ်ကော်မတီများအနေဖြင့် စနစ်တကျပြေးဆွဲစေရန် စီမံချက်ချ ဆောင်ရွက်ရန် အစီအစဉ်ရှိ/ မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်နိုင်မည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။လွှတ်တော်ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။ ။ပထမဦးစွာ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်၏ **"ကြို့ပင်ကောက်မြို့နယ်၊ သရက်ကုန်းအုပ်စု၊ ပေပင်ခုံရွာမှ စေတီအုပ်စု၊ ငရစ်ရှိရွာလမ်းပိုင်း (၃မိုင်×၁၀'×၈") ဂဝံခင်းခြင်းလုပ်ငန်းကို Zealous star Co.,Ltd က ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်ခင်းခဲ့ပြီးယနေ့ထိ ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည့်အတွက် ယင်းကုမ္ပဏီအား လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ သရက်ကုန်းအုပ်စု၊ ပေပင်ခုံ တံတားအဆင်းမှ စေတီကုန်းအုပ်စု၊ ငရစ်ရှိရွာအနီးအထိ (၃မိုင်×၁၀'×၈") ဂဝံမြေနီလမ်းခင်းခြင်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်၍ Zealous Star Co., Ltd မှ (၂၂၆.၂၉၁)သန်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ကျေးရွာကော်မတီမှ တင်ပြတိုင်ကြားခဲ့သဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Zealous Star ကုမ္ပဏီသို့ ဆက်သွယ်အကြောင်းကြားခဲ့ရာ (၂၅.၅.၂၀၁၈) ရက်နေ့တွင် (၂/၂)မိုင် အပေါ်ယံမြေနီခင်းခြင်း ပြုပြင်ပေးခဲ့သော်လည်း လမ်းကြိတ်စက်ကြိတ်ရန် လိုအပ်ခဲ့ပါသည်။ ၎င်းနောက်ပိုင်းပြုပြင်ခြင်းလုပ်ငန်း ပြီးစီးအောင်ဆောင်ရွက်ရန် ဌာနမှဆက်သွယ်ခဲ့သော်လည်း ဆက်သွယ်၍မရခဲ့ပါ။ အဆိုပါကုမ္ပဏီ၏ လုပ်ငန်းအာမခံငွေ (၅%) (၁၁.၃၁၄၅၅) သန်းအား AGD BANK တွင် ပေးသွင်းထားပြီး (PG)အား ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ထိန်းသိမ်းထားရှိပါသည်။ လုပ်ငန်းအာမခံငွေ ပြန်လည်ထုတ်မပေးသေးသည့် အခြေအနေကိုလည်း (၂၆.၁၁.၂၀၁၈) ရက်စွဲပါ စာအမှတ်၊ ၄၁၄၄/ရသုံး-၁/ကျေးလက်(ပခ)ဖြင့် ဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြထားပါကြောင်း ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရှိရပါသည်။ ထို့ပြင် ကျွန်တော်တို့ စာချုပ်ချုပ်ဆိုခဲ့တာလည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စာချုပ် ချုပ်ဆိုခဲ့တာ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ လမ်းဦးစီးဌာနကို လွှဲပြောင်းခဲ့တာလည်း လွှဲပြောင်းတာဝန်ယူပြီးသည့်အချိန်မှာ ဆက်လက်ပြီး ဖြေကြား

ရမယ်ဆိုရင်တော့ အဆိုပါ လမ်းပျက်စီးမှုအား ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် (၃၁.၃.၂၀၁၉)ရက်နေ့ ကုမ္ပဏီအား နောက်ဆုံးထား ဆက်သွယ်နိုင်ရေးကို ဆောင်ရွက်မည်ဖြစ်ပါကြောင်းနှင့် ကုမ္ပဏီမှ ဆက်သွယ်၍မရခဲ့ပါက ကုမ္ပဏီမှ ပေးသွင်းထားသည့် Performance Guarantee နှင့် ကုမ္ပဏီအား စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်သွားနိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေဦးစီးဌာနနှင့် ညှိနှိုင်း၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။ ။ဆက်လက်ပြီး ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၏ **"ပဲခူးမြို့တွင်း ပြေးဆွဲနေသောယာဉ်များ သတ်မှတ်လမ်းကြောင်းအတိုင်း စနစ်တကျ ပြေးဆွဲစေရန် စီမံချက်ချ ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်နိုင်မည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ သတ်မှတ်လမ်းကြောင်းအတိုင်း မပြေးဆွဲသော ယာဉ်လိုင်းများအား စိစစ် အရေးယူဆောင်ရွက်ရန် ပဲခူးတိုင်း ယာဉ်လုပ်ငန်း ကြီးကြပ်ရေးကော်မတီများ၊ ပဲခူးခရိုင် ယာဉ်လုပ်ငန်း ကြီးကြပ်ရေး ကော်မတီများ၊ ပဲခူးမြို့နယ် ယာဉ်လုပ်ငန်းကြီးကြပ်ရေးကော်မတီများ သနပ်ပင်၊ က၀၊ ဝေါ၊ ညောင်လေးပင် ယာဉ်လုပ်ငန်းကြီးကြပ်ရေးကော်မတီများနှင့် တွေ့ဆုံမှာကြားခဲ့ပြီးဖြစ်ပါတယ်။ ထို့အတူပဲ ကျန်တဲ့ခရိုင် ဖြစ်တဲ့ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်များကိုလည်း မှာကြားပြီးဖြစ်ပါတယ်။ ထို့အပြင် ဥပဒေ၊ နည်းဥပဒေထဲမှာလည်း ယာဉ်လုပ်ငန်းကြီးကြပ်ရေးကော်မတီများမှ အရေးယူ ဆောင်ရွက်ရန် ဖြစ်ပါတယ်။ ဂိတ်အစအဆုံး ပြေးဆွဲခြင်းမရှိသည့် ယာဉ်လိုင်းများအား အရေးယူ ဆောင်ရွက်ရန်အတွက် လတ်တလောအနေနှင့် lock board အား ယာဉ်တိုင်းတွင်ထားရှိစေပြီး မြို့နယ်ယာဉ်လုပ်ငန်း ကြီးကြပ်ရေး ကော်မတီများက မှတ်တိုင်တိုင်းတွင် ရောက်ရှိချိန်သတ်မှတ်ပြီး ဂိတ်အစအဆုံး ရောက်ရှိချိန်အား သတ်မှတ်ပြီး မြို့နယ်ယာဉ်လုပ်ငန်းကြီးကြပ် ရေးကော်မတီများက စိစစ်မည်ဖြစ်ပါသည်။ ထို့အပြင် ယာဉ်ထိန်းရဲတပ်ဖွဲ့များ၏ အကူအညီကိုလည်း ရယူတောင်းခံပြီး လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ကြီးကြပ်ခွန်နေ့စဉ်ပေးဆောင်နိုင်ရေး ကြီးကြပ်ခွန် ဖြတ်ပိုင်း Lock Board နှင့်အတူ တစ်ပါတည်း ယာဉ်ပေါ်တင်ဆောင်ပြီး စစ်ဆေးရေးအဖွဲ့မှ စိစစ်သွားမည်ဖြစ်ပါသည်။ အထက်ပါဖော်ပြပါချက်များအား (၁.၃.၂၀၁၉)ရက်နေ့မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းလေးစားစွာ ဖြေကြားအပ်ပါတယ်။

ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ဥက္ကဋ္ဌကြီးခင်ဗျာ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

ဥက္ကဋ္ဌ။ ။ ခွင့်ပြုပါတယ်။

ဦးညွှန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ပဲခူးမြို့နယ်အနေနဲ့ပြောရရင် ကျွန်တော်တို့ ပဲခူးမြို့နယ်မှာ အခုက Mini Bus လို့ခေါ်တဲ့ ခွေးဘီလူးကားတွေနဲ့ တုတ်တုတ်လို့ခေါ်တဲ့ သုံးဘီး ဆိုင်ကယ်တွေရှိနေပါတယ်။ အဲဒီတော့ သုံးဘီးဆိုင်ကယ်တွေနဲ့ ခွေးဘီလူးကားတွေ အစားထိုးလဲလှယ်ရာမှာ ယာဉ်လိုင်းတော်တော်များများဟာ ခွေးဘီလူးယာဉ်တွေနဲ့ အစားထိုးလို့ ပြီးပါပြီ။ သို့သော်လည်း တုတ်တုတ် လို့ခေါ်တဲ့ သုံးဘီးဆိုင်ကယ်တွေက ဒီလိုင်းထဲက မထွက်ဘဲနဲ့ ဆက်လက်မောင်းနှင်နေတာတွေ့ရပါတယ်။ အဲဒီလိုယာဉ်လိုင်းမှာ ကန့်သတ်ထားတဲ့ အစီးရေထက်ဖောင်းပွနေတဲ့ အစီးရေများကိုလည်း ဝန်ကြီးအနေနဲ့ ဆက်လက်အရေးယူဆောင်ရွက်နိုင်ခြင်းရှိ/မရှိ သိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။ဦးညွှန့်ရွှေ မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေ မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ ဖြေကြားရမယ်ဆိုရင် ကျွန်တော်တို့ သုံးဘီးဆိုင်ကယ်နှင့် ခွေးဘီလူးများကိုလဲလှယ်ဖို့က အရင်ကတည်းက ညွှန်ကြားချက် ထွက်ထားပြီးသား ဖြစ်ပါတယ်။ ဒီထဲမှာ လဲလှယ်သင့်တဲ့ဟာတွေလည်း လဲလှယ်ပြီးသား ဖြစ်သလို အချို့ဟာတွေလည်း လဲလှယ်တာမဟုတ်ဘဲနဲ့ ထပ်တိုးနေတာတွေ့ရပါတယ်။ ကျွန်တော်တို့ အရေးယူဆောင်ရွက်မှုအပိုင်းမှာတော့ အားနည်းနေတာရှိပါတယ်။ ၁.၃.၂၀၁၉ ကစပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်သွားမှာပါ။ သက်ဆိုင်ရာ ပဲခူးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ အကြံဉာဏ်များ ရယူပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခုလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၄)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းကို မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ရေတာရှည်မြို့နယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးမှူးနေရာအား အမြန်ဆုံးဖြည့်ဆည်းတာဝန်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"ရေတာရှည်မြို့နယ်၊ အနောက်ရိုးမရှိ အထက်(သိုင်း)နှင့် အောက်(သိုင်း)ကျေးရွာအုပ်စုများတွင် တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများအား ဒေသပံ့ပိုးစရိတ် ကူညီထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ ကျွန်တော့်အနေနဲ့ မေးခွန်းအမှတ်စဉ်(၁)အဖြစ် ရေတာရှည်မြို့နယ် အားကစားလုပ်ငန်းများ ဆောင်ရွက်နေတဲ့ အားကစားသမားများရဲ့ အသံကို လွှတ်တော်အတွင်းသို့ သယ်ဆောင်လာတာပဲဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာနတွင် ဦးစီးမှူးဖြစ်သည့် ဒေါ်သန်းသန်းဝင်းသည် (၁၂.၉.၂၀၁၆) ရက်နေ့၊ ရေတာရှည်မြို့နယ်မှ ရွှေကျင်မြို့နယ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ရွှေကျင်မြို့နယ်မှတစ်ဆင့် ရန်ကုန်တိုင်းကို ထပ်မံပြောင်းရွှေ့ တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ သို့သော်လည်းပဲ ဒေါ်သန်းသန်းဝင်း ပြောင်းသွားကတည်းက အားကစားမှူး၊ ဦးစီးမှူး၊ တာဝန်ရှိသည့်ပုဂ္ဂိုလ် လုံးဝရောက်ရှိမလာဘဲနဲ့ အားကစားနည်းစနစ်မှူးနှင့်သာ အားကစားနှင့် ကာယပညာဦးစီးဌာနကို ဦးဆောင်၍ မြို့နယ်၏ အားကစားနှင့် ကာယပညာလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်နေကြရပါသည်။ သို့ဖြစ်ပါ၍ လစ်လပ်လျက်ရှိသော ဦးစီးမှူးနေရာအား ၂၀၁၆ ခုနှစ်မှစ၍ လစ်လပ်ခဲ့သဖြင့် ကြာမြင့်စွာ ဦးစီးမှူးမရှိဘဲ လုပ်ငန်းများကို ဆောင်ရွက်နေရခြင်းကြောင့် အခက်အခဲနှင့် ကြုံတွေ့နိုင်ပါသည်။ အားကစားပြိုင်ပွဲများ၊ အားကစားလေ့ကျင့်ခန်းများစသဖြင့် လုပ်ငန်းတွေမှာ အခက်အခဲမြောက်မြားစွာ ကြုံတွေ့နေရပါတယ်။ သို့ဖြစ်ပါ၍ ဦးစီးမှူးလစ်လပ်နေရာအား အမြန်ဆုံးဖြည့်ဆည်းတာဝန်ပေးအပ်နိုင်ခြင်း အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း အပ်ပါတယ်။

ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။မေးခွန်းအမှတ်စဉ်(၂)အနေဖြင့် ရေတာရှည်မြို့နယ်သည် အရှေ့ရိုးမနှင့် အနောက်ရိုးမကြား မြို့ကြီး(၅)မြို့မဖြင့် တည်ဆောက် ထားသော မြို့နယ်တစ်ခုဖြစ်သလို အနောက်ရိုးမတွင် အထက်(သိုင်း) ကျေးရွာအုပ်စုကြီး(၄)အုပ်စုနှင့် အောက်(သိုင်း)ကျေးရွာအုပ်စုကြီး(၄)အုပ်စု၊ ပေါင်း(၈)အုပ်စုသည် ရိုးမပေါ်တွင် တည်ဆောက်ထားသော ကျေးရွာများဖြစ်ပါသည်။ ထိုအုပ်စု(၈)အုပ်စုရှိ ကျေးရွာများသည် တယ်လီဖုန်းဆက်သွယ်မှုခက်ခဲနေရခြင်း၊ လမ်းပန်းဆက်သွယ်မှုခက်ခဲသဖြင့် ကုန်စျေးနှုန်းကြီးမြင့်ခြင်း အခက်အခဲ

ပေါင်းများစွာဖြင့် စားဝတ်နေရေးကို ဖြေရှင်းနေရသည့် ကျေးရွာများဖြစ်သလို ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေး လူနေမှုအဆင့်အတန်း အင်မတန်မှနိမ့်ကျခက်ခဲသော ကျေးရွာများ ဖြစ်ပါသည်။ ထိုကျေးရွာများတွင် အစိုးရအထက်တန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ) အလယ်တန်း ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ)၊ မူလတန်း(လွန်)၊ မူလတန်းကျောင်းပေါင်း (၆၀)ခန့်ရှိ၍ ဆရာအင်အား (၂၀၀)ကျော် တာဝန်ထမ်းဆောင်နေကြပါသည်။ ထိုဝန်ထမ်းများသည် သွားလာမှု ခက်ခဲသဖြင့် မြို့နယ်နှင့် တာဝန်ကျရာကျောင်းသို့ ဆိုင်ကယ်ကယ်ရီဖြင့် သွားလာရာတွင် သွား/ပြန် တစ်ကြောင်းလျှင် ကျပ်ငွေ(၃၀၀၀၀) ခန့်ကုန်ကျပြီး ထိုဒေသတွင် စားနပ်ရိက္ခာ ဝယ်ယူရာတွင်လည်း မြို့ပေါ်ပေါက်ဈေး၏ နှစ်ဆ၊နှစ်ဆခွဲမျှ ပေးဝယ်၍ နေထိုင်ကြရပါသည်။ ဌာနမှ ဆက်သွယ်သည့် အခါတွင်လည်း ဖုန်းလိုင်းဖြတ်တောက်မှု ဆက်သွယ်ရေးမရရှိမှုများကြောင့် ပညာရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုများနှင့် ကြုံတွေ့ကြရပါသည်။ ထို့ကြောင့် တာဝန်ကျ ဆရာ/ ဆရာမများသည် ထိုနယ်မြေများတွင် တာဝန်ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသော်လည်း စိတ်ချမ်းမြေ့မှုမရှိဘဲ တာဝန်ထမ်းဆောင်နေရသည်ဟု သိရှိရပါသည်။ နယ်ဝေးမှလာသည့် ဆရာ/ ဆရာမများဆိုရင် (၃)လခန့်ကြာသည့်အခါ ပြန်လည်စွန့်ခွာသွားသည်ကို သိရပါသည်။ သို့ပါ၍ ထိုဝန်ထမ်းများအား ဒေသပံ့ပိုးစရိတ် ကူညီ ထောက်ပံ့မည်ဆိုပါက မျိုးဆက်သစ်လူငယ်များ၏ ပညာရေးသည် အဆင်ပြေ ချောမွေ့နိုင်မည်ဟု ယူဆပါသဖြင့် ဝေးလံသည့်ဒေသတွင် ပညာရေးဝန်ထမ်းများအား ဒေသပံ့ပိုးစရိတ် ကူညီထောက်ပံ့နိုင်သည့် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း ရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ဒေါက်တာကျော်ကျော်မေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။ ။ကျွန်မအနေနဲ့ ဒေါက်တာကျော်ကျော် ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရေတာရှည်မြို့နယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးမှူးနေရာအား အမြန်ဆုံးဖြည့်ဆည်းတာဝန်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည် မြို့နယ် မြို့နယ်ဦးစီးမှူး (အားကစားမှူး)သည် ပြန်တမ်းဝင်အရာရှိဖြစ်သည့်အတွက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ ရွေးချယ်ခန့်အပ်မှသာလျှင်လည်းကောင်း၊ ဌာနတွင်း ဒုတိယဦးစီးမှူးများရာထူးတိုး ခန့်အပ်လျှင်သော်လည်းကောင်း ရရှိမည်ဖြစ်ပြီး ရေတာရှည်မြို့နယ်တွင် ဦးစီးမှူးခန့်ထားပေးနိုင်ရေး တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ (၁၁.၂.၂၀၁၉)ရက်စွဲပါစာအမှတ်၊ ၂၈၄/အခ(ဖ) ပခတ/၂၀၁၉ဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြထားပြီးဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။ ။ဒုတိယမေးခွန်းကတော့ **"ရေတာရှည်မြို့နယ်၊ အနောက်ရိုးမရှိ အထက်(သိုင်း)နှင့် အောက်(သိုင်း)ကျေးရွာအုပ်စုများတွင် တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများအား ဒေသပံ့ပိုးစရိတ် ကူညီထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်၊ အထက်သိုင်းကျေးရွာအုပ်စု (၄)အုပ်စုနှင့် အောက်သိုင်းကျေးရွာ (၄)အုပ်စု၊ စုစုပေါင်းကျေးရွာအုပ်စု(၈)စုတွင် တာဝန်ထမ်းဆောင်နေကြသော ကျောင်းပေါင်း(၆၀)ခန့်မှ ပညာရေးဝန်ထမ်း(၂၀၀)ကျော်တို့အတွက် မြို့နယ်ပညာရေးမှူးရုံးသို့ တာဝန်ဖြင့် လာရောက်သည့်အခါများတွင် ခရီးစရိတ်ရရှိအောင် စီစဉ်ပေးပါသည်။ ယခင်နှစ်များက ဆိုင်ကယ်ကယ်ရီခ (၁)ကြောင်းလျှင်(၈၀၀၀) ကျပ်နှုန်း ဖြင့်ပေးခဲ့ပြီး ယခုနှစ်တွင် ဆွာရေပိုလွဲကျိုးပေါက်မှုကြောင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုခက်ခဲသွားသဖြင့် ဆိုင်ကယ်ကယ်ရီခကို(၁)ကြောင်းလျှင် (၂၃၀၀၀)ကျပ်နှုန်းအထိ ခရီးစရိတ် ထောက်ပံ့ပေးခဲ့ပါသည်။ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများအား ဒေသစရိတ်ခံစားခွင့်အနေဖြင့် နိုင်ငံတော်မှ (၁၁၆)မြို့နယ် သတ်မှတ်ပေးသည့်အနက် ပဲခူးတိုင်းဒေသကြီးအရှေ့တွင် ကျောက်ကြီးမြို့နယ် အလက-မူသဲ(၁)ကျောင်းသာ (က)အဆင့် လူမှုရေးအသင့်အတင့် ခက်ခဲသောဒေသအဖြစ်ရရှိပြီး ပညာရေးဝန်ထမ်း (၈)ဦးဒေသစရိတ် ခံစားရရှိပါသည်။ နိုင်ငံတော်မှဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများအဖြစ်သတ်မှတ်၍ စီစဉ်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့် စီစစ်ရေးကော်မတီမှ ပြန်လည်စိစစ်သုံးသပ်ပြီး ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် သတ်မှတ်နိုင်ရန် အခြေခံအချက်များ အပေါ်ရရှိသည့် အမှတ်များအလိုက် (က)လူမှုရေးအသင့်အတင့် ခက်ခဲသောဒေသများ (ခ)လူမှုရေး ခက်ခဲသောဒေသများ (ဂ) လူမှုရေးအခက်ခဲဆုံးဒေသများအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်မှ ဝေးလံခေါင်သီသော ဒေသများအတွက် ဒေသစရိတ်ထပ်မံထောက်ပံ့ပေးရန် ပြင်ဆင်တိုးချဲ့တောင်းခံလာပါက တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အခြေခံပညာဦးစီးဌာနနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ဥက္ကဋ္ဌကြီးခင်ဗျာ- ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

ဥက္ကဋ္ဌ။ ။ခွင့်ပြုပါတယ်။

ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ ဝန်ကြီးဖြေသွားတဲ့အထဲမှာ လမ်းပန်းဆက်သွယ်ရေးပိုမိုခက်ခဲသွားသဖြင့် ဆိုင်ကယ်ကယ်ရီခကိုတစ်ကြောင်းလျှင် (၂၃၀၀၀) ကျပ်နှုန်းဖြင့် ထောက်ပံ့ပေးခဲ့တယ်လို့ ပါပါတယ်။ ကျွန်တော်တို့ သိချင်တာက ဒီဆိုင်ကယ်

ကယ်ရီခကို ရသည့်ဆရာမများလည်းရှိသလို မရသည့်ဆရာ/ဆရာမများလည်းရှိပါတယ်။ အဲဒါတွေကို ဝန်ကြီးတို့အနေနဲ့ ခိုင်ခိုင်မာမာနဲ့ ပြတ်ပြတ်သားသား ရရှိနိုင်အောင် ဆောင်ရွက်ပေးနိုင်ရင် ကျွန်တော်တို့ အစိုးရရဲ့ ပုံရိပ်ကို တက်ပါလိမ့်မယ်။ ဒါလေးကို ရှင်းပြပေးပါ။

ဥက္ကဋ္ဌ။ ။ဒေါက်တာကျော်ကျော်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့် စပ်လျဉ်းသည့် ဆက်စပ်မေးခွန်းအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။ ။ဒေါက်တာကျော်ကျော်ရဲ့ ဆက်စပ်မေးခွန်းကို ဖြေကြား ရမယ်ဆိုရင် ဆိုင်ကယ်ကယ်ရီခကို ပေးတဲ့နေရာမှာ ရသည့်ဆရာ/ဆရာမရှိသလို မရသည့်ဆရာ/ ဆရာမများရှိတယ်လို့ ဆိုပါတယ်။ အဲဒီတော့ မရသည့်ဆရာ/ဆရာမတွေရဲ့ အမည်နာမတွေနဲ့ ကျောင်းနာမည်တွေကို ဆက်စပ်ပြီးတော့ စာရင်းကိုတင်ပြပြီးတော့ ကျွန်မထံသို့ ပေးပို့ပေးပါရန် လေးစားစွာ မေတ္တာရပ်ခံပါတယ်။ ဆက်လက်ပြီးလည်း ကျွန်မဆောင်ရွက်ပေးပါမယ်လို့ လေးစားစွာဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ရေတာရှည်မြို့နယ်၊ အထက်သိုင်း(၈)ဒိုင်နယ်ရှိ ကျေးရွာအုပ်စုများ၏ ကျောင်းများ ဆောက်လုပ်မှုအား ကျောင်း၏ တန်ဖိုးအဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ကျွန်တော်ရဲ့ မေးခွန်းအမှတ်(၃) ဖြစ်တဲ့မေးခွန်းကတော့ ကျောင်းဆောက်လုပ်တဲ့ဒေသတွေကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ သွားရောက်တဲ့အခါမှာ ဆောက်လုပ်ရေးကုမ္ပဏီတွေ ဌာနတွေမှာ ကြားရတဲ့ သတင်းကို ကျွန်တော်မေးခွန်းအဖြစ် တင်ပြခြင်းဖြစ်ပါတယ်။ ဒီဒေသတွေကတော့ ကျွန်တော် စောစောကပြောခဲ့သလို အထက်(သိုင်း)ကျေးရွာအုပ်စုကြီး(၄)အုပ်စုနှင့် အောက်(သိုင်း) ကျေးရွာအုပ်စုကြီး (၄)အုပ်စု၊ ပေါင်း(၈) အုပ်စုမှာ ဖြစ်ပေါ်နေတဲ့ ပြဿနာ၊ ဒီဒေသတွေဟာ အမှန်တကယ်လည်း သွားလာရေးခက်ခဲတဲ့ ဒေသတွေဆိုတာ လေ့လာတွေ့ရှိရပါတယ်။ ရေတာရှည်မြို့နယ်သည် အရှေ့ရိုးမနှင့် အနောက်ရိုးမကြား မြို့ကြီး (၅)မြို့မ ဖြင့် တည်ဆောက်ထားသော မြို့နယ်တစ်ခုဖြစ်သလို အနောက်ရိုးမတွင် အထက်(သိုင်း) ကျေးရွာ အုပ်စုကြီး(၄)အုပ်စုနှင့် အောက်(သိုင်း)ကျေးရွာ အုပ်စုကြီး (၄)အုပ်စု၊ ပေါင်း(၈)အုပ်စုသည် ရိုးမပေါ်တွင် တည်ဆောက်ထားသော ကျေးရွာများဖြစ်ပါသည်။ ထိုအုပ်စု(၈)အုပ်စုရှိ ကျေးရွာများသည် လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း၊ ဖုန်းဆက်သွယ်မှုပြတ်တောက်ခက်ခဲခြင်း၊ လမ်းပန်းဆက်သွယ်မှုခက်ခဲသဖြင့် ကုန်စျေးနှုန်းကြီးမြင့်ခြင်း အခက်အခဲပေါင်းများစွာဖြင့်

စားဝတ်နေရေးကို ဖြေရှင်းနေရသည့် ကျေးရွာ များဖြစ်သလို ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေး လူနေမှုအဆင့်အတန်း အင်မတန်မှ နိမ့်ကျခက်ခဲသော ကျေးရွာများဖြစ်ပါသည်။ ထိုကျေးရွာများတွင် အစိုးရအထက်တန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ) အလယ်တန်းကျောင်း၊ အလယ်တန်းကျောင်း(ခွဲ)၊ မူလတန်း(လွန်)၊ မူလတန်းကျောင်းပေါင်း (၆၀)ခန့် ရှိပါသည်။ ထိုကျောင်း များအား ပညာရေးဌာနမှ အန္တရာယ်ဆောင်၊ တိုးချဲ့ကျောင်းဆောင်၊ ကျောင်းဆောင်သစ်များဖြင့် အဆင့်မြင့်တင်ပေးရန် ကုမ္ပဏီများသို့ တင်ဒါခေါ်ယူသည့်အခါ တင်ဒါဆွဲလိုသော ကုမ္ပဏီများမှ ကွင်းဆင်းကြည့်ရှုဆောင်ရွက်မှုမရှိဘဲ တင်ဒါရရှိ အောင်မြင်ရေးကိုသာ အာရုံစိုက်၍ ကြိုးစားခဲ့ကြသည့် အတွက် ဖော်ပြပါကျေးရွာများရှိ ကျောင်းများကို တင်ဒါအောင်သည့်အခါ ဆောက်လုပ်ရေးလုပ်ငန်းများ စတင်လုပ်ကိုင်သည့်အချိန်တွင် ဆောက်လုပ်ရေးပစ္စည်းများ လမ်းပန်းဆက်သွယ်မှုခက်ခဲသဖြင့် သယ်ယူရေးစရိတ်များ မြင့်တက်ခြင်းကြောင့်လည်းကောင်း၊ အလုပ်သမားများအလုပ် လုပ်ကိုင်မှု ပြုသည့်အခါ စားစရိတ်ကြီးမြင့်ခြင်းကြောင့်လည်းကောင်း၊ လမ်းပန်းဆက်သွယ်မှု အသွားအလာ ခက်ခဲခြင်းကြောင့်လည်းကောင်း၊ ထိုတင်ဒါအောင် ကုမ္ပဏီများသည် လုပ်ငန်းပြီးမြောက်မှု နှောင့်နှေး ခြင်း၊ လုပ်ငန်းပြီးမြောက်သော်လည်း အရှုံးပေါ်ခြင်း၊ တစ်ချို့ကုမ္ပဏီများသည် လုပ်ငန်းများ လုပ်ကိုင် ဆောက်လုပ်မှုမရှိဘဲထားခဲ့ခြင်းများကို မနှစ်ကအထိ ကြုံတွေ့ကြရပါသည်။ သို့ဖြစ်ပါ၍ ထိုအထက်ပါ သိုင်း(၈)ဒိုင်နယ်ရှိ ကျောင်းများ ဆောက်လုပ်ခြင်း၏တန်ဖိုးကို မြို့နှင့် နီးကပ်သော ကျေးရွာအုပ်စု များတွင် ဆောက်လုပ်သည့် ကျောင်းဆောက်မှုနှုန်းထားနှင့် တသမတ်တည်းမထားဘဲ ထိုသိုင်း(၈) ဒိုင်နယ်ရှိ ကျောင်းများဆောက်လုပ်ခြင်း၏တန်ဖိုးကို မြှင့်တင်ပေးမှသာလျှင် ကျောင်း၏အဆောက်အဦ အရည်အသွေးမြင့်မား၍ လုပ်ငန်းအောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်သိုင်း(၈) ဒိုင်နယ်ရှိ ကျေးရွာအုပ်စုများ၏ ကျောင်းများ ဆောက်လုပ်မှုအား ကျောင်း၏တန်ဖိုး အဆင့်မြှင့်တင် ပေးနိုင်ခြင်းရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ပန်းတောင်းမြို့နယ်၊ ကျွန်းမီးအုပ်စု၊ မြစိမ်းကျေးရွာ အလယ်တန်းကျောင်းအား ကျောင်းဆောင်သစ် (၉၀'×၃၀") အုတ်ညှပ်တစ်ထပ် (ရေလွှတ်)တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။ ။ကျွန်မမေးမယ့် မေးခွန်း ကတော့ **“ပန်းတောင်းမြို့နယ်၊ ကျွန်းမီးအုပ်စု၊ မြစိမ်းကျေးရွာ အလယ်တန်းကျောင်းအား ကျောင်းဆောင်သစ် (၉၀×၃၀) အုတ်ညှပ်တစ်ထပ် (ရေလွှတ်) တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်း သည့် မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးကို မေးမြန်းဖို့ဖြစ်ပါတယ်။ ကျွန်မတို့မေးမယ့် မေးခွန်းများသည် နယ်မြေများကို ကွင်းဆင်းပြီးမှ မေးမြန်းခြင်းသာဖြစ်ပါတယ်။

စာရွက်ပေါ်မှာပေးပို့ခြင်းများကို မေးမြန်းတာမရှိပါဘူး။ ကျွန်မမေးမယ့် မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ကျွန်းမီးအုပ်စု၊ မြစိမ်းကျေးရွာ အလယ်တန်းကျောင်းတွင် ကျောင်းသား/ကျောင်းသူဦးရေမှာ (၂၁၀)ခန့်ရှိပြီး ဆရာ/ဆရာမ ဦးရေမှာ(၁၁)ဦးရှိပါသည်။ ယခုလက်ရှိသင်ကြားနေသော ကျောင်းဆောင်နှင့် ကျောင်းသားဦးရေ မျှတမှုမရှိပါသောကြောင့် တိုးချဲ့ကျောင်းဆောင်သစ် (၉၀'x၃၀') အုတ်ညှပ်တစ်ထပ် (ရေလွတ်) တစ်ဆောင်အား အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ပါရန် လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ယခုကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါ်ညွှန့်ညွှန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။ ။ပထမဦးစွာ ကျွန်မဖြေရမယ့်မေးခွန်းကတော့ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်ရဲ့ မေးခွန်းဖြစ်ပါတယ်။ ရေတာရှည်မြို့နယ် အထက်သိုင်းကျေးရွာအုပ်စုကြီး (၄)အုပ်စုနှင့် အောက်သိုင်း ကျေးရွာအုပ်စုကြီး (၄)အုပ်စု၊ စုစုပေါင်း(၈)အုပ်စုတွင် လမ်းပန်းဆက်သွယ်မှုသွားလာခက်ခဲခြင်း၊ ဆောက်လုပ်ရေးပစ္စည်းများ သယ်ယူစရိတ်နှင့် အလုပ်သမားများ၏ စားစရိတ်ကြီးမြင့်ခြင်းတို့ကြောင့် ကျောင်းများဆောက်လုပ်ခြင်း၏တန်ဖိုးကို အဆင့်မြှင့်တင်ပေးမှသာ အဆောက်အအုံအရည်အသွေး မြင့်မားလာသဖြင့် ကျောင်းဆောက်လုပ်မှုနှုန်းထား အဆင့်မြှင့်တင်ပေးနိုင်ရေးရှိ/မရှိဆိုတဲ့မေးခွန်းကို ဖြေကြားရမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းများတွင် ဆောက်လုပ်မှုနှုန်းထား (PAE)အား အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ပေးခြင်း ဖြစ်ပါသည်။ နှစ်စဉ်တိုးမြင့်လာသော ဆောက်လုပ်ရေးပစ္စည်းများ၏ ဈေးနှုန်းမြင့်တက်လာမှုကြောင့် နှစ်စဉ် (PAE) နှုန်းထားများ မြှင့်တင်ပေးလျက်ရှိပါသည်။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း အားလုံး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဆောက်လုပ်မှုနှုန်းထားသည် Steel Structure(၁)ထပ် ကျောင်းဆောင် အတွက် (၁၈၅၀၀) ကျပ်၊ RC (၂) ထပ်အတွက် (PAE) ၂၄၀၀၀၊ PL6' အတွက် PAE ၂၆၀၀၀ ကျပ် ခွဲဝေပေးခဲ့ပါသည်။ ယခု တင်ပြလာသော ရေတာရှည်မြို့နယ် သိုင်း(၈)ဒိုင်နယ်မှ ကျောင်းများဆောက်လုပ်မှုအတွက် နောင်ဘဏ္ဍာရေးနှစ်များတွင် PAE နှုန်းများ ထပ်မံတိုးမြှင့် နိုင်ရေးအတွက် သက်ဆိုင်ရာဒေသမှ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လွှတ်တော် ကိုယ်စားလှယ်များ၏ တင်ပြချက်များအားစုစည်းပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံမှ သဘောထားမှတ်ချက်တောင်းခံ၍ အခြေခံပညာဦးစီးဌာနသို့ ဆက်လက်တင်ပြတောင်းခံပေးသွားမည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။ ။ ဒုတိယမေးခွန်းအနေနဲ့ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန်၏ မေးခွန်းကို ဖြေကြားရမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ကျွန်းမီးအုပ်စု၊ မြစိမ်းကျေးရွာအလယ်တန်းကျောင်းတွင် အလယ်တန်းဆင့် (၁၅၃) ဦး၊ မူလတန်းဆင့် (၅၃) ဦး၊ စုစုပေါင်း (၂၀၆)ဦး ရှိပါသည်။ လက်ရှိကျောင်းဆောင်အနေဖြင့် (၉၀' x ၃၀')ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း ကျောင်းဆောင် (၁) ဆောင်၊ (၁၀၀x၃၀) ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း ကျောင်းဆောင်(၁)ဆောင် စုစုပေါင်း (၂) ဆောင်ရှိပါသည်။ ကျောင်းသားဦးရေအရ စာသင်ခန်း လုံလောက်မှု ရှိပါသည်။

သို့ဖြစ်ပါ၍ တိုးချဲ့ကျောင်းဆောင်သစ်(၉၀x၃၀) ပေ RCC PL 6' အုတ်ညှပ်တစ်ထပ်ရေလွှတ်ဆောင် ထပ်မံရရှိရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်မှအမှုတွဲတင်ပြတောင်းခံထားခြင်းမရှိပါကြောင်းနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံလာပါက ဦးစားပေးအဆင့်အတိုင်း တင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ဥက္ကဋ္ဌကြီးရှင့်- ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

ဥက္ကဋ္ဌ။ ။ခွင့်ပြုပါတယ်။

ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။ ။မြို့နယ်မှာ အမှုတွဲတင်ပြတောင်းခံထားခြင်း မရှိပါကြောင်းလို့ ဝန်ကြီးဖြေထားပါတယ်။ ကျွန်မတို့မြို့နယ်မှာ ကျွန်မတို့က လွှတ်တော် ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ မေးခွန်းမေးမြန်းမယ်ဆိုရင် ဒီကျောင်းရဲ့အခြေအနေ၊ ဒီကျောင်းရဲ့ ပုံစံအနေအထားတွေကို သွားရောက်ကြည့်ရှုရပါတယ်။ နောက်တစ်ခုက ကျွန်မတို့က ကျောင်းအုပ်ဆရာမကြီးကိုယ်တိုင်တင်ထားတဲ့ စာအုပ်တွေပါ ကျွန်မတို့ကိုပေးလိုက်ပါတယ်။ အဲဒါတွေကို ကျွန်မတို့က ကြည့်ပြီးတော့ လူဦးရေကွာခြားနေတာကို တွေ့ရပါတယ်။ ဒါတွေက တိုင်းအဆင့်က နေပြီးတော့ မြို့နယ်အဆင့်မှာတောင် ရပ်/ကျေးတွေမှာ အကုန်မရောက်ဘဲ မကြည့်ရှုကြဘဲနဲ့ စာရွက်ပေါ်ကနေဖြေခြင်း ဖြစ်တဲ့အတွက် ဝန်ကြီးအနေနဲ့ ပြန်လည်ပြီးတော့ ပညာရေးဌာနကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ပေးဖို့ လိုအပ်မယ်လို့ ကျွန်မအနေနဲ့ ထင်ပါတယ်။ ၂၀၁၉-၂၀၂၀ မှာ အမှုတွဲတင်ပြထားတာတွေရှိပါတယ်။ ပညာရေးအနေနဲ့ ကျောင်းအုပ်ကြီးက တင်ပြထားတာတွေရှိပါတယ်။ ဒါလေးကို ဝန်ကြီးအနေနဲ့ မြို့နယ်ကို တင်ပြထားပြီးဖြစ်ကြောင်းကိုလည်း ထပ်ဆင့်ပြောချင်ပါတယ်။ ဒါကြောင့် ၂၀၁၉-၂၀၂၀မှာ မရနိုင်ပေမယ့် ၂၀၂၀-၂၀၂၁ မှာ ကျွန်မတို့ကို ဦးစားပေးနိုင်ခြင်းရှိ/မရှိ ဆက်စပ်မေးခွန်းအနေနဲ့ ထပ်မံမေးမြန်းချင်ပါတယ်။

ဥက္ကဋ္ဌ။ ။ဒေါ်ပပဟန်မေးမြန်းသည့် ဆက်စပ်မေးခွန်းအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။ ။အဲဒီမှာ ကျောင်းသားဦးရေအတွက်က စာရေး လျော့သွားတဲ့အနေအထားတွေ တင်ပြလာတာမှာ လက်ရှိအနေအထားအရ (၂၁၀)နဲ့ (၂၀၆)ဦး၊ (၄)ဦး ကွာခြားတာဖြစ်ပါတယ်။ အဲဒီမှာ ကျောင်းသားစာရင်းဟာ အတိုးအလျော့ရှိနေနိုင်တဲ့အတွက် ကျောင်းပြောင်းသွားတဲ့အတွက် ဖြစ်နိုင်တယ်။ ကျောင်းထွက်နှုန်းကို လျော့ပါးအောင်ပြုလုပ်နေတဲ့ အတွက် ကျောင်းထွက်တာကတော့ ရှိမှာမဟုတ်ပါဘူး။ ဒီ(၄)ဦးကွာခြားနေတာသည် တခြားကျောင်းကို ပြောင်း သွားခြင်းကြောင့်သာ ဖြစ်နိုင်ပါတယ်။ ကျောင်းဆောင်အနေအထားအရလည်း ၂၀၁၉-၂၀၂၀မှာ မြို့နယ်မှာ တင်ပြထားတယ်ဆိုသော်လည်း မြို့နယ်ပညာရေးမှူးရုံးမှ စိစစ်ပြီးတင်ပေးလိုက်တဲ့အထဲမှာ မပါခဲ့လို့ တိုင်းဒေသကြီးပညာရေးမှူးရုံးသို့ ရောက်ရှိမလာတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၂၀-၂၀၂၁ မှာ တင်ပြတောင်းခံပေးပါမယ်လို့ ဖြေကြားပြီးဖြစ်ပါတယ်။ အဲဒီအတိုင်းပဲ ဆက်လက်ဆောင်ရွက်ပေး ပါမယ်ဆိုတဲ့အကြောင်း ထပ်မံအသိပေးအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များမေးတဲ့ မေးခွန်းများနှင့် ပတ်သက်ပြီးတော့ အစိုးရအဖွဲ့ သက်ဆိုင်ရာဝန်ကြီးများက ရှင်းလင်းတဲ့နေရာမှာ ပြည့်ပြည့်စုံစုံ ရှင်းလင်းဖြေကြားတာတွေ့ရသော်လည်း ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်းများ ကျန်နေတာကို တွေ့ရပါတယ်။ ဒါကြောင့် လွှတ်တော်အစည်းအဝေးမှာပဲ မှာကြားလိုပါတယ်။ သက်ဆိုင်ရာဝန်ကြီးများဖြစ်တဲ့ သယံဇာတ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ စည်ပင်သာယာရေးဌာနဝန်ကြီးအနေနဲ့ ပေါင်းတည်မြို့နယ်၊ ရွာသစ်ကြီး အုပ်စု၊ ရွာသစ်ကြီးရွာထိပ် ချောင်းကမ်းပါးပြိုကျမှုကို သက်သာစေရန်နှင့် ပတ်သက်၍လည်းကောင်း၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသူရဇော်မေးမြန်းသည့် "ဒိုက်ဦးမြို့နယ်၊ စစ်ဗိုလ်ကြီးကျေးရွာ အုပ်စု၊ မြောက်စုကျေးရွာကို ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် သောင်ခုံတူးဖော်ခြင်းနှင့် ရေလွှဲ ကဒစ်တန်းရိုက်ခြင်းများ ဆောင်ရွက်ရန်အစီအစဉ်နှင့် ပတ်သက်၍လည်းကောင်း၊ သဘာဝဘေး အန္တရာယ် ကာကွယ်ရေးအတွက် ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးရန်နှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရ အဖွဲ့သို့ တင်ပြပြီး ဆက်လက်ဆောင်ရွက်မယ်ဆိုတဲ့အတွက် ဒီလုပ်ငန်းများကိုလည်း မမေ့မလျော့ မပျက်မကွက် အစိုးရအဖွဲ့ကို သဘာဝဘေးအန္တရာယ်ကာကွယ်ရေးရန်ပုံငွေနဲ့ ဆောင်ရွက်ပေးနိုင်ရေး အတွက် ဆောင်ရွက်ပေးပါရန်နှင့် ဆောင်ရွက်ရရှိတဲ့ဆောင်ရွက်ချက်များကိုလည်း လွှတ်တော်မှ တစ်ဆင့် သက်ဆိုင်ရာကိုယ်စားလှယ်များထံသို့ ပြန်ကြားပေးပါ။ အရေးယူဆောင်ရွက်ချက်တွေကို အမြန်ဆုံးဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါတယ်။ နောက်တစ်ခုက ရေတာရှည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်မေးမြန်းသည့် ကျေးရွာ အုပ်စုအချို့မှာ ကျောင်းတန်ဖိုးအဆင့်မြှင့်တင်ပေးမှသာလျှင် ကျောင်းတွေရဲ့အရည်အသွေး ပိုမိုပြည့်ဝ

နိုင်တယ်လို့ တင်ပြချက်ကို ဖြေကြားထားတဲ့ ဖြေကြားချက်ကတော့ အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ သဘောထားမှတ်ချက်တင်ပြပြီးတော့ ပညာရေးဦးစီးဌာနကို ဆက်လက်တင်ပြတောင်းခံပေးသွားမယ်လို့ ဖြေကြားထားတာတွေကို မပျက်မကွက် အစိုးရအဖွဲ့သို့ တင်ပြပြီးတော့ မိမိတို့ရဲ့ ဆောင်ရွက်ချက် အခြေအနေ တင်ပြချက်၊ အရေးယူဆောင်ရွက်ချက် ရက်စွဲ၊ စာအမှတ်နဲ့တကွ လွှတ်တော်မှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံ ပြန်ကြားပေးဖို့ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာကို ရေးရာကော်မတီအတွင်းရေးမှူး ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)က တင်သွင်းခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး လွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအစီရင်ခံစာကို ရေးရာကော်မတီ အတွင်းရေးမှူး ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ (ပဲခူးတိုင်းဒေသကြီး လွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအစီရင်ခံစာအား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး လွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့(၁၆:၀၀)နာရီထက် နောက်မကျစေဘဲ အမည်စာရင်း တင်သွင်းကြဖို့ ဖြစ်ပါတယ်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ပဉ္စမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို (၁၁:၄၅)နာရီတွင် ရပ်နားပါ့မယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၉ခုနှစ် ဖေဖော်ဝါရီလ (၂၂)ရက် (သောကြာနေ့) နံနက် (၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

[ဩဘာသံများ]

အခမ်းအနားမှူး။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
ပဉ္စမနေ့ မှတ်တမ်း
၁၃၈၀ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
[၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်]
(သောကြာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ နံနက် ၁၀:၀၀နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၅၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၇၆.၃၂ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ် သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅(ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင် ကျင်းပကြောင်းကြေညာပါတယ်။

အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

ဦးညွှန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့) အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စားခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစီစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]၊ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ပွယ်စေး [ဝန်ကြီး၊ တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန]၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး

လွတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး
လွတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး
လွတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ မိုးညှိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး
လွတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး
လွတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး
လွတ်တော်ကိုယ်စားလှယ် ဦးမိုးမခ၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး
လွတ်တော်ကိုယ်စားလှယ် ဦးစည်သူလွင်နှင့် တပ်မတော်သားလွတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး
မြတ်လှိုင်၊ ဗိုလ်မှူးမျိုးဟိန်းနှင့် ဗိုလ်မှူးကျော်ဝင်းထွန်းတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့်
(၂၂.၂.၂၀၁၉) ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန်
ယင်းတို့(၁၈)ဦး၏ ကိုယ်စား လေးစားစွာခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ်
ပဲခူးတိုင်းဒေသကြီးလွတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့
တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွတ်တော်က
ခွင့်ပြုထားသူ ၁၈ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွတ်တော်ဆိုင်ရာ
နည်းဥပဒေ ၄၄(ခ)အရ ယခုလွတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ
တင်ပြချက်ကို တိုင်းဒေသကြီးလွတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီး လွတ်တော်
ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွတ်တော်က အတည်ပြုပါ
သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွတ်တော်က အတည်ပြုပါသည်။]

ဥက္ကဋ္ဌ။ ။လွတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်များ
အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွတ်တော်က အတည်ပြုကြောင်း ကြေညာ
ပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် ဦးညာဏ်ဝင်းမေးမြန်းသည့် မေးခွန်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့်မေးခွန်းဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ် ဦးညာဏ်ဝင်းက သက်ဆိုင်ရာမေးခွန်းကို မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။သို့ပါ၍ ဦးညာဏ်ဝင်း၊ ဧရိယာကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဧရိယာကုန်းမြို့နယ်၊ သစ်နဖားချောင်း သစ်သားတံတားမှာ ယခုမိုးရာသီရောက်ချိန်တွင် ပျက်စီးတော့မည့် အန္တရာယ်ကြုံတွေ့နေရပါသောကြောင့် ၎င်းတံတားအား အကျယ်(၈)ပေ၊ အလျား(၁၈၀)ပေရှိ သံကူကွန်ကရစ်တံတား(၁)စင်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးညာဏ်ဝင်း၊ ဧရိယာကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ပဲခူးတိုင်းဒေသကြီး၊ ဧရိယာကုန်းမြို့နယ် အနောက်ဘက်(၅)မိုင်အကွာရှိ သစ်နဖားကျေးရွာနှင့် ကြို့ပင်ကောက်မြို့နယ် သစ်နဖားအရှေ့စုတို့ကို သစ်နဖားချောင်းက နယ်နိမိတ်အဖြစ် ခြားနားထားပါသည်။ ၎င်းကျေးရွာနှစ်ခုကို အကျယ်(၄)ပေခန့်၊ အရှည်(၁၅၀)ပေခန့်ရှိသော သစ်သားတံတားဖြင့် ဆက်သွယ်ထားပါသည်။

၎င်းတံတားမှာ လွန်ခဲ့သောနှစ်(၃၀)ခန့်က တည်ဆောက်ထားခဲ့သောကြောင့် ယခုအခါ တံတားမှာ ယိုင်နဲ့လာပြီး ကြမ်းခင်းများ ပေါက်ပြဲဆွေးမြေ့မှုများရှိလာပါသည်။ ကြို့ပင်ကောက်မြို့နယ်ဘက်ခြမ်းရှိ သစ်နဖားအရှေ့စုအပါအဝင် ဖြေဇင်ကုန်း၊ ဘုဒလက်ကုန်း၊ ညောင်ပင်သာကျေးရွာများမှ ပြည်သူများ၊ ကျောင်းသား/သူများမှာ ၎င်းတံတားကို အသုံးပြုသွားလာနေရပါသည်။ ယင်းတံတား၏ အခြေအနေမှာ ယခုမိုးရာသီရောက်ချိန်တွင် ပျက်စီးတော့မည့် အန္တရာယ်ကြုံတွေ့နေပါသောကြောင့် ၎င်းသစ်သားတံတားနေရာတွင် အကျယ်(၈)ပေ၊ အလျား(၁၈၀)ပေရှိ သံကူ ကွန်ကရစ်တံတား(၁)စင်း ထိုးပေးနိုင်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထား ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါ၍ မေးမြန်းအပ်ပါသည်။

ဥက္ကဋ္ဌ။ ။ဦးညာဏ်ဝင်း မေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။ ။ ဦးညာဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဇီးကုန်းမြို့နယ်၊ သစ်နဖားချောင်း သစ်သားတံတားမှာ ယခုမိုးရာသီရောက်ချိန်တွင် ပျက်စီးတော့မည့် အန္တရာယ်ကြုံတွေ့နေ ရပါသောကြောင့် ၎င်းတံတားအား အကျယ်(၈)ပေ၊ အလျား(၁၈၀)ပေရှိ သံကူကွန်ကရစ်တံတား(၁)စင်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်တွင် အဆိုပါတံတားသည် ဇီးကုန်းမြို့နယ် အနောက်ဘက်(၅)မိုင်အကွာရှိ သစ်နဖားကျေးရွာနှင့် ကြို့ပင်ကောက်မြို့နယ် သစ်နဖားအရှေ့စုတို့ကို နယ်နိမိတ်အဖြစ် ခြားထားသော သစ်နဖားချောင်းပေါ်တွင် တည်ရှိသည့် ကျေးလက်လမ်း၊ တံတားစာရင်းတွင် မပါဝင်သော တံတားဖြစ်ပါသည်။ တံတား၏ လက်ရှိအခြေအနေမှာ (၁၅၀'×၄')သစ်သားတံတားဖြစ်ပြီး ကျေးရွာ(၅)ရွာမှ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများ သွားလာအသုံးပြုနေသော တံတား ဖြစ်ပါသည်။ (၁၈၀'×၁၄') ကွန်ကရစ်တံတား တည်ဆောက်ပေးမည်ဆိုပါက ခန့်မှန်းကုန်ကျငွေ (၃၆၀)သန်းကုန်ကျမည်ဖြစ်ပြီး လတ်တလောတွင် ရန်ပုံငွေလျာထားဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိပါက လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

ဦးညာဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

ဥက္ကဋ္ဌ။ ။ခွင့်ပြုပါတယ်။

ဦးညာဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ ဝန်ကြီးဖြေကြားထားသည့်ထဲတွင် တည်ဆောက်ပေးရန်အတွက် တံတားက (၁၈၀'×၁၄') ကွန်ကရစ်တံတားဆိုပြီးတော့ လျာထားတွက်ထားပါသည်။ မိမိတို့တောင်းခံထားသည်က (၈')ပါ ထော်လာဂျီလောက်ဖြတ်မောင်းရုံတင် လုံလောက်ပါသည်။ မဟာဗျူဟာလမ်းမပေါ်မှာတည်ဆောက်သည့် (၁၄') တံတားမျိုး လိုအပ်တာ မဟုတ်ပါဘူး။ ထို့ကြောင့်ကုန်ကျစရိတ်သည် တစ်ဝက်ခန့်လျော့ကျသွားမှာဖြစ်သဖြင့် ကုန်ကျစရိတ်တွက်ချက်မှုကို ပြန်လည်စိစစ်ပြီး ၂၀၁၉-၂၀၂၀ ဘတ်ဂျက်မှာ ပြန်လည်ထည့်သွင်းပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ ဆက်စပ်မေးခွန်း မေးမြန်းပါသည်။

ဥက္ကဋ္ဌ။ ။ဦးညာဏ်ဝင်းမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ၂၀၁၉-၂၀၂၀ လျာထားပြီးဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားသည့်အတိုင်း ကျေးလက်၏ Sprect နှင့်လည်း ကိုက်ညီမှု ရှိသည်ဆိုလျှင် ၂၀၂၀-၂၀၂၁ မှာ လျာထား၍ ရန်ပုံငွေရရှိလျှင် လုပ်ဆောင်လို့ရမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၂)ဦး မေးမြန်းသည့် မေးခွန်း(၃)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့်မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်း များကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ပထမဦးစွာ ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"၂၀၁၈-၂၀၁၉ ပညာသင်နှစ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာ (၂)နှစ်သင်တန်းသို့ ပအိုဝ်အမျိုးသား လွတ်မြောက် ရေးအဖွဲ့ချုပ် (PNLO) က ထောက်ခံတင်ပြလာသူများကို တက်ရောက် ခွင့်ပြုခဲ့သည်မှာ မည်သည့်ညွှန်ကြားချက်ဖြင့် ရွေးချယ်ခဲ့သည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။၂၀၁၈-၂၀၁၉ပညာသင်နှစ် လုပ်ငန်းခွင် အကြိုဆရာ အတတ်ပညာဒီပလိုမာ(၂)နှစ်သင်တန်းအမှတ်စဉ် (၂၃/၁၈)ပထမနှစ် သင်တန်းသို့ ပအိုဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)က ထောက်ခံတင်ပြလာသူများကို တက်ရောက် ခွင့်ပြုခဲ့သည်မှာ ထန်းတပင်မြို့နယ်၊ ကျောက်ကြီးမြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ဒိုက်ဦးမြို့နယ်တို့မှ ပအိုဝ်တိုင်းရင်းသား/သူ (၃၅)ဦးဖြစ်ပြီး ပြည်ပညာရေးကောလိပ်သို့ (၄)ဦး၊ တောင်ငူပညာရေး ကောလိပ်သို့ (၃၁)ဦး တက်ရောက်ခွင့်ရရှိခဲ့ပါသည်။

ထိုကျောင်းသား/သူများထဲတွင် ထန်းတပင်မြို့နယ်မှ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင် သောရမှတ်မှာ အများဆုံး(၄၁၆)မှတ်၊ အနည်းဆုံးရမှတ် (၂၉၄)မှတ်တို့ဖြစ်ကြပါသည်။ အမှတ်စာရင်းကို ပူးတွဲဖော်ပြထားပါသည်။

(PNLO)ထောက်ခံထားခြင်းမရှိပဲ ပညာရေးကောလိပ်သို့ တက်ရောက်ခွင့်လျှောက်ထားသော ပအိုဝ်တိုင်းရင်းသူ(၂)ဦး၏ရမှတ်မှာ (၄၄၁)မှတ်နှင့် (၄၃၉)မှတ်တစ်ဦးတို့ရှိကြောင်း သိရှိရပါသည်။ ကျွန်တော်လေ့လာ၍ရသမျှ တင်ပြခြင်းဖြစ်ပါသည်။ အမှတ်စာရင်းကို ပူးတွဲဖော်ပြထားပါသည်။ တင်ပြ ထားသော ရမှတ်စာရင်းများအရ ပအိုဝ်တိုင်းရင်းသားအချင်းချင်းဖြစ်သော်လည်း (PNLO) ထောက်ခံသော

တက္ကသိုလ်ဝင်တန်းအောင် ရမှတ်(၃၀၀)အောက်ရရှိသူများက သင်တန်းသို့ တက်ရောက်ခွင့်ရရှိပြီး ရမှတ်(၄၀၀)အထက်ရရှိသူများ တက်ရောက်ခွင့်မရရှိခြင်းသည် ပအိုဝ်တိုင်းရင်းသား အချင်းချင်း သွေးခွဲရာ ရောက်နေပါသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီးအတွင်း ကယား၊ ကရင်၊ ချင်း၊ ပအိုဝ်၊ မွန်၊ ရှမ်း တိုင်းရင်းသားများ အများအပြားနေထိုင်ကြသည့်အတွက် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေးကို ထိခိုက်စေပါသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ထောက်ခံတင်ပြလာလျှင် သင်တန်းသို့ တက်ရောက်ခွင့်ပေးရမည်ဟု ညွှန်ကြားချက်ရှိခဲ့လျှင် မည်သည့်ညွှန်ကြားချက်ဖြင့် တက်ရောက်ခွင့်ရရှိခဲ့သည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

ဥက္ကဋ္ဌ။ ။ဦးဌေးလွင်မေးမြန်းသည့် မေးခွန်းအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါ်ညွှန့်ညွှန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။ ။ဦးဌေးလွင်၊ ထန်းတပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"၂၀၁၈-၂၀၁၉ ပညာသင်နှစ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာ (၂)နှစ်သင်တန်းသို့ ပအိုဝ်အမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) က ထောက်ခံတင်ပြလာသူများကို တက်ရောက်ခွင့်ပြုခဲ့သည်မှာ မည်သည့်ညွှန်ကြားချက်ဖြင့် ရွေးချယ်ခဲ့သည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ ၂၀၁၈-၂၀၁၉ပညာသင်နှစ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာ(၂)နှစ်သင်တန်း အမှတ်စဉ် (၂၃/၁၈) ပထမနှစ်သင်တန်းကို တောင်ငူပညာရေးကောလိပ်၌ တက်ရောက်ရန် ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ လျှောက်ထားလာသူများအနက် တက္ကသိုလ်ဝင်တန်းရမှတ်စုစုပေါင်း ကြီးစဉ်မြင့်မားသူများကို ဘာသာတွဲ၊ မြို့နယ်အလိုက် ရွေးချယ်ရာတွင် ထန်းတပင်မြို့နယ်မှ (သိပ္ပံတွဲ) အမျိုးသမီးများ ရွေးချယ်ရာ၌ အနိမ့်ဆုံး အမှတ်မှာ (၄၄၅)မှတ် ဖြစ်ပါသည်။

သင်တန်းခေါ်ယူသည့် နေ့စဉ်ထုတ်မြန်မာသတင်းစာများ၏ ကြော်ငြာစာ၌ ရွေးချယ်ရေးမူကို ထည့်သွင်းဖော်ပြရာတွင် သင်တန်းသားများ၏ တက္ကသိုလ်ဝင်စာမေးပွဲ စုစုပေါင်းရမှတ် ကြီးစဉ်ငယ်အရ ရွေးချယ်ပါသဖြင့် လွတ်တော်မေးခွန်းပါ ထန်းတပင်မြို့နယ်မှ ရမှတ်(၄၄၁)မှတ်နှင့် (၄၃၉)မှတ် ရရှိသူတို့မှာ ရွေးချယ်ခံရခြင်းမရှိခဲ့ကြောင်း သိရှိခဲ့ရပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ သင်တန်းတက်ရောက်ခွင့်ထောက်ခံအဆိုပြုပါက သတ်မှတ် လက်ခံသင်ကြားမည့်ဦးရေ၏ ၅% လက်ခံမည်ဟု ထည့်သွင်းဖော်ပြထားခဲ့သည်မှာ သတင်းစာ ကြော်ငြာမှာပါပြီးဖြစ်ပါသည်။

အဆိုပါ အပိုဒ်(၃)အရ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးအနေဖြင့် ကျောင်းပြင်ပပညာရေး (NFPE)မှ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ(၁)ဦးကိုသာ ပြည်ပညာရေးကောလိပ်တက်ရောက်ခွင့်

ရရှိရေးအတွက် ထောက်ခံပေးခဲ့ခြင်းသာ ရှိပါသည်။ ပအိုဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)က ထောက်ခံတင်ပြသူများ တက်ရောက်ခွင့်ရရှိခြင်းသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့် ပညာဦးစီးဌာနသို့ တိုက်ရိုက်တင်ပြလျှောက်ထားခြင်းသာဖြစ်ပြီး ဦးစီးဌာနအစီအစဉ်ဖြင့်သာ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ ဥက္ကဋ္ဌကြီးခင်ဗျား-ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

ဥက္ကဋ္ဌ။ ။ခွင့်ပြုပါတယ်။

ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ ဝန်ကြီးဖြေကြားသွားသည့်ထဲတွင် ထန်းတပင်မြို့နယ်မှ (သိပ္ပံတွဲ) အမျိုးသမီးများ ရွေးချယ်ရာ၌ အနိမ့်ဆုံးအမှတ်မှာ (၄၄၅)မှတ်ဟု ဖော်ပြ ထားပါသည်။ ယင်းကိစ္စသည်လည်း တကယ့် ပုံပြင်တစ်ခုပါပဲ မိမိထဲတွင် အမှတ်စာရင်းအားလုံး ရှိပါသည်။ လေ့လာထားပါသည်။ (၂၉၄)မှတ်တို့ (၂၉၇)မှတ်တို့ ဒါအနိမ့်ဆုံးရမှတ်မဟုတ်ပါဘူး အများဆုံးဖြစ်နေပါသည်။ ဝန်ကြီးဖြေကြားသွားသည်က အနိမ့်ဆုံးရမှတ် (၄၄၅)မှတ်ဟုဖြေသွား၍ အမှန်တကယ် မြေပြင်မှာ ရှိနေတာသည် (၂၀၀)ကျော်ဖြစ်နေပါသည်။ (၂၉၄)တို့ (၂၉၇)တို့ ရှိနေတာပါ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ထောက်ခံတင်ပြလာလျှင် ရွေးချယ်ပေးမည်ဆိုလျှင် မိမိတို့ ထန်းတပင်မြို့နယ်တွင် ဆက်စပ်အနီးကပ်ဆုံးမှာ (PNLO)ရှိပါတယ်။ ရှမ်းဆိုလည်း (SSC) ရှိပါတယ်။ မွန်ဆိုလည်း မွန်မျူနစ်ပါတီရှိပါတယ်။ လက်နက်ကိုင်အဖွဲ့အစည်းတွေ အများကြီးပါ။ ယင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကထောက်ခံလျှင် ရွေးချယ်ရမည်ဆိုတာ မိမိတော့ မယုံနိုင်ပါဘူး။ ဘာကြောင့်ရွေးချယ်လည်းဆိုတာ သိချင်ပါတယ်။ ထိုသို့ရွေးချယ်လျှင် တိုင်းရင်းသားများ အားလုံးကလည်း လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး လျှောက်ထားမှာဖြစ်ပါတယ်။ ထို့ကြောင့် နောက်နှစ်၊ နောက်နှစ်များမှာ ယင်းသို့အစီအစဉ်ရှိခဲ့လျှင် အခြားတိုင်းရင်းသားများကလည်း လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ထိုသို့လျှောက်ထားရန် အစီအစဉ်ရှိနေပါသည်။ အခက်အခဲအများကြီး ကြုံတွေ့နေရပါသည်။ ယခုဝန်ကြီးဖြေကြားသွားသည့်ထဲတွင် အဆင့်မြင့်ပညာ ဦးစီးဌာနသို့ တိုက်ရိုက် တင်ပြလျှောက်ထားခြင်းသာ ဖြစ်ပါသည်ဟု ဖြေကြားသွားပါသည်။ ထို့ကြောင့် မိမိဆိုလိုသည်က အဆင့်မြင့်ပညာဦးစီးဌာနကရွေးလည်း ပြည်ထောင်စုအဆင့် လွှတ်တော် ကိုယ်စားလှယ်မဟုတ်သည့်အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဖြစ်သဖြင့် တိုင်းဒေသကြီး အဆင့်မှာဘဲ မေးမြန်း ရခြင်းဖြစ်ပါသည်။ ထို့ကြောင့် နောက်နှစ်နောက်နှစ်များမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ပညာရေးကောလိပ်သို့ ဒီပလိုမာ(၂)နှစ်သင်တန်းကို

တက်ရောက်လို့ရမည်ဆိုလျှင် လုပ်ချင်တာ အများကြီးရှိပါ၍ ဝန်ကြီးကလည်း ရှင်းရှင်းလင်းလင်း ဖြေကြားပေးဖို့ မေတ္တာရပ်ခံပါတယ်။

ဥက္ကဋ္ဌ။ ။ဦးဌေးလွင်မေးမြန်းသည့် ဆက်စပ်မေးခွန်းအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။ ။ဦးဌေးလွင်၏ဆက်စပ်မေးခွန်းသည် သင်တန်းတက်ခွင့်ရအောင် မည်သူကမည်သို့လုပ်ပေးသလဲ၊ မည်သည့်အစီအစဉ်ဖြင့်လည်းသိချင်သည် ဆိုတော့ မိမိဖြေကြားထားသည့်ထဲတွင် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ဒီ(၂)ခု ပါပါတယ်။ ပညာရေးကောလိပ်သည်လည်း အခြေခံပညာ၏ လက်အောက်မှာမရှိပါဘူး။ ပညာရေး ဝန်ကြီးဌာနနှင့် အဆင့်မြင့်ပညာဦးစီးဌာနတို့မှသာ ပူးပေါင်းပြီး အဆင့်မြင့်ပညာဦးစီးဌာန၏ အစီအစဉ်၊ ထိုအစီအစဉ်တောင်မှ (PNLO) အဖွဲ့မှ တိုက်ရိုက်ဆက်သွယ်ခြင်းလည်း ရှိကောင်းရှိနိုင်ပါတယ်။ မိမိတို့က စေ့စေ့စပ်စပ်သိလိုရသည့် အနေအထားမရှိနေသည့်အတွက် အဆင့်မြင့်ပညာဦးစီးဌာနမှ တိုက်ရိုက်တင်ပြလို့ပဲ တိုက်ရိုက်သင်တန်းရွေးချယ်မှုများကို လုပ်ခဲ့ခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် အကယ်၍ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေဖြင့် သေသေချာချာ ဂဃနဏာ သိချင်လျှင် မိမိအကြံ ပေးချင်သည်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးဌာနသို့ ဆက်လက်ပြီး မေးမြန်းလျှင် သိရှိနိုင်မှာဖြစ်ကြောင်း အကြံပြုလိုပါသည်။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ပဲခူးတက္ကသိုလ်ရှိ (၁၆)ကုတင်ဆံ့ တက္ကသိုလ်ဆေးရုံအား သက်ဝင်လှုပ်ရှားနိုင်စေရန် အတွက် ဆရာဝန်၊ ဆရာမ၊ သူနာပြုများကို Section ချထားပေးရန် အစီအစဉ်"** နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"သာယာဝတီမြို့နယ်၊ မြစ်ကျိုးကျေးရွာ ကျန်းမာရေးဌာနခွဲအား စံကိုက်ကျန်းမာရေးဌာနခွဲ အဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ရှိ ပဲခူးတက္ကသိုလ်ကြီးတွင် ကျောင်းသားကျောင်းသူပေါင်း (၉၀၀၀)ကျော် ပညာရင်နှံ့သောက်စို့နေပါသည်။ သိပ္ပံဆိုင်ရာ(ဖ)ဌာန ဝိဇ္ဇာဆိုင်ရာ(ဖ)ဌာန ဘာသာရပ်ဆိုင်ရာဌာနပေါင်း (၁၂)ဌာနအပြင် ဝန်ထမ်း ရေးရာဌာနများစွာရှိသော ဘွဲ့ဒီဂရီအပ်နှင်းရာ တက္ကသိုလ်ကြီးဖြစ်ပါသည်။ ပါမောက္ခချုပ်၊ ဒုပါမောက္ခချုပ်၊ ကထိက၊ ဌာနမှူး၊ သရုပ်ပြဆရာ၊ ဆရာမ၊ စာရေး၊ စာချီ၊ ရုံးအုပ်၊ ရုံးအကူ၊ လုံခြုံရေး၊ သန့်ရှင်းရေး

ဝန်ထမ်းများစွာရှိပါသည်။ ပဲခူးတက္ကသိုလ် (၁၆)ကုတင်ဆံ့ တက္ကသိုလ်ဆေးရုံမှာ တိုက်နယ်ဆေးရုံတစ်ရုံကဲ့သို့ အဆောက်အဦ ပြည့်မီကောင်းမွန်သည်ကို တွေ့ရပါသည်။ ဆေးရုံအဆောက်အဦ ကောင်းမွန်သော်လည်း ကျန်းမာရေးဝန်ထမ်း၊ ဆရာဝန်၊ ဆရာမ၊ သူနာပြု Section မကျသဖြင့် (၁၆)ကုတင်ဆံ့ တက္ကသိုလ်ဆေးရုံသည် သက်ဝင်လှုပ်ရှားမှုမရှိ ထည်းထည်းကြီး ငုတ်တုတ်မွေ့နေပါသည်။ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို မပေးနိုင်သော တံခါးပိတ်ထားရသည့် အဆောက်အဦးသာ ဖြစ်နေသည်။ သို့အတွက် ပဲခူးတက္ကသိုလ်ဆေးရုံ သက်ဝင်လှုပ်ရှားနိုင်စေရန် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကျန်းမာရေးဝန်ထမ်းများ ဆရာဝန်၊ ဆရာမသူနာပြုများကို Section ချပေးရန် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ မြစ်ကျိုးကျေးရွာအုပ်စု၊ မြစ်ကျိုးကျေးရွာ ကျန်းမာရေးဌာနခွဲသည် ၂၀၀၂ခုနှစ်ခန့်ကပင် ကိုယ်ထူကိုယ်ထဆောင်ရွက်ခဲ့သော S/C ဖြစ်ပါသည်။ ကျန်းမာရေးဝန်ထမ်းများဖြစ်သော သားဖွားဆရာမတစ်ဦး ကျန်းမာရေးကြီးကြပ်(၂)တစ်ဦးဖြင့် ပြည်သူ့ကျန်းမာရေးကို စောင့်ရှောက်နေပါသည်။ ၎င်း S/C သည် မြစ်ကျိုး၊ ဘုရားကြီးကုန်း၊ ဝဲဒေါင့်၊ ပလွင်ဝ၊ လေးတူး၊ ရိုးကြီး၊ အင်းလဲ၊ ဧင်ပြွန်းကုန်းစသော ရွာ(၉)ရွာမှလူဦးရေ (၃၁၈၅)ဦးတို့ မှီခိုနေရပါသည်။ ထိုမြစ်ကျိုးဒေသသည် မြစ်မခမြစ် အနောက်ဘက်ကမ်းတွင်ရှိပြီး နှစ်စဉ်မြစ်ရေကြီးချိန် (၃)လကျော် (၄)လခန့် ရေကြီးနစ်မြုပ်သော ရေဝပ်ဒေသဖြစ်ခြင်း၊ မိုးရာသီတွင် ရေလမ်းခရီးဖြင့်သာ သွားလာရသောဒေသဖြစ်၍ သွားလာရေးခက်ခဲခြင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း-တိုင်း(၃)တိုင်း အကြားတည်ရှိခြင်း၊ မြို့နယ်၏ အစွန်ဆုံးဒေသဖြစ်ပြီး ဧရာဝတီတိုင်း ဧလွန်မြို့နယ်နှင့် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်တို့မှ ကျေးလက်ပြည်သူများ ကူးလူးဆက်ဆံမှု အများဆုံးဒေသဖြစ်ပါသည်။ ထိုကြောင့် ကူးစက်ရောဂါကာကွယ်မှုကို အလေးထားဆောင်ရွက်ရမည့်ဒေသဖြစ်ပါသည်။ သို့အတွက် ၂၀၀၂ခုနှစ်တွင် ကိုယ်ထူကိုယ်ထ ဆောင်ရွက်ခဲ့သော မြစ်ကျိုး S/C ကို ဝန်ထမ်းများလည်း နေထိုင်နိုင်ပြီး စံချိန်မီ ကျေးလက်ကျန်းမာရေးဌာနခွဲအဖြစ် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်း ဖြစ်ပါသည်။

ဥက္ကဋ္ဌ။ ။ဒေါ်မူမူခင်မေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။ ။ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ **"ပဲခူးတက္ကသိုလ်ရှိ (၁၆)ကုတင်ဆံ့ တက္ကသိုလ်ဆေးရုံအား သက်ဝင်လှုပ်ရှား**

နိုင်စေရန်အတွက် ဆရာဝန်၊ ဆရာမ၊ သူနာပြုများကို Section ချထားပေးရန် အစီအစဉ်" နှင့် စပ်လျဉ်း၍ ပဲခူးတက္ကသိုလ်ရှိ (၁၆)ကုတင်ဆံ့ တက္ကသိုလ်ဆေးရုံမှာ ကုသရေးဦးစီးဌာနလက်အောက်ရှိ ဆေးရုံတစ်ခု မဟုတ်ဘဲ တက္ကသိုလ်၊ ကောလိပ်နှင့် အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်ရှိ ဆေးရုံတစ်ခုဖြစ်သည့် အတွက် ၎င်းဆေးရုံသို့ ဝန်ထမ်းများခန့်ထားနိုင်ရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တင်ပြရမှာဖြစ်သလို ပညာရေးဝန်ကြီးဌာနကလည်း ကျောင်းဝန်းမှာရှိနေသည့်အတွက် သက်ဆိုင်မှု ရှိသဖြင့် ဌာနကြီး(၂)ခုပေါင်းမှ ယင်းကိစ္စကို ဆက်လက်ပြီးဆောင်ရွက်မှရမည့် အနေအထား ဖြစ်နေပါသည်။ လွတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားသည့်ဆရုံ/ဆေးခန်းသည် (၁၇)နှစ်လောက် ကြာသည်အထိ သက်ဝင်လှုပ်ရှားမှုမရှိဘဲ ဖြစ်နေတာကိုတွေ့ရသည့်အတွက် စိတ်မကောင်း ဖြစ်ရပါသည်။ ယင်းကိစ္စအတွက် လူမှုရေးဝန်ကြီးဌာနအနေဖြင့် နေပြည်တော်မှ ပညာရေးဝန်ကြီး ဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ကို ချိတ်ဆက်ပြီး ထိုပြည်ထောင်စုအဆင့် ဝန်ကြီးဌာနနှစ်ခု ညှိနှိုင်းဆောင်ရွက်ပြီး လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြား လာသည်နှင့်တစ်ပြိုင်နက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။ ။ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"သာယာဝတီမြို့နယ်၊ မြစ်ကျိုးကျေးရွာ ကျန်းမာရေးဌာနခွဲအား စံကိုက် ကျန်းမာရေးဌာနခွဲအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ သာယာဝတီမြို့နယ်၊ မြစ်ကျိုးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအား ဆောက်သည့်ကာလလည်း ကြာပြီဖြစ်ပါသည်။ အခြေအနေကလည်း Power Point တင်ပြထားသည့်ထဲမှာ မြင်ရသည်များက စိတ်မချမ်းသာစရာ ဖြစ်ပါသည်။ ဝေးလံခေါင်သီးနေသည့် ဒေသများအတွက် စံကိုက်အဆောက်အဦ ဆောက်လုပ်နိုင်ရန် နှစ်စဉ်နှင့်အမျှ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ ဘတ်ဂျက်များရေးဆွဲရန်အတွက် ခေါ်သည့် နေရာမှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ရေးဆွဲရန် လှမ်းအကြောင်းကြားသည့်အခါမှာ ယင်းမြို့နယ်မှ ဦးစားပေးတင်ပြထားမှုမရှိသေးသည့်အတွက် လာမည့်ဘဏ္ဍာရေးနှစ် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးအနေဖြင့် တင်ပြဆောင်ရွက်သွားရန် ပြုလုပ်သွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြား အပ်ပါသည်။

ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ဥက္ကဋ္ဌကြီးရှင်-မေးခွန်းအမှတ်စဉ် (၁)နှင့်ပတ်သက်၍ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

ဥက္ကဋ္ဌ။ ။ခွင့်ပြုပါတယ်။

ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ယခုလိုဖြေကြားပေးသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးကိုလည်း ကျေးဇူးတင်ပါသည်။ သို့သော် မိမိအနေဖြင့် ဆက်စပ်မေးခွန်းဆိုသည်ထက် တိုက်တွန်းရခြင်းဖြစ်ပါသည်။ ပဲခူးတက္ကသိုလ်မှာရှိသည့် (၁၆)ကုတင်ဆံ့ တက္ကသိုလ်ဆေးရုံသည် ကုသရေးဦးစီးဌာနလက်အောက်မှာရှိသည့် ဆေးရုံမဟုတ်ပါဘူး။ ထို့အတွက်ကြောင့် အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်၊ ပညာရေးဦးစီးဌာနလက်အောက်မှာရှိသည့် ဆေးရုံ(၁)ရုံဖြစ်သည့် အတွက်ကြောင့် ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆက်လက်ပြီး တင်ပြပေးမည်ဆိုပြီး ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန(၂)ခု ညှိနှိုင်းဆောင်ရွက်ပြီး လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားလာပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဆိုပြီး လူမှုရေး ဝန်ကြီးအနေဖြင့် ဖြေကြားသွားတာရှိပါသည်။ သို့သော်လည်း ညွှန်ကြားလာသည်အထိ ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့က စောင့်ဆိုင်းမနေဘဲ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒါပုံရိပ်ကောင်းတစ်ခု ဖြစ်မှာပါ။ စောင့်ဆိုင်းမနေဘဲ ဆက်လက်ပြီး လူမှုရေးဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့သည် ပြည်ထောင်စုဝန်ကြီးဌာန(၂)ခုကို ဆက်လက်ပြီးတော့ အရေးတယူတင်ပြရန် အရေးကြီးလိုအပ်သည် ဆိုသည့်အကြောင်း၊ မိမိတို့ ပြည်သူ့ဘဏ္ဍာငွေများ အလားဟသ အဟောတိကံဖြစ်ပြီး ဘာမှ Function မရှိဘဲ ဆေးရုံကြီးငုတ်တုတ်ကြီးဖြစ်နေသည့်ကိစ္စကို မိမိတို့အစိုးရသစ်လက်ထပ်မှာ သက်ဝင်လှုပ်ရှားပြီး ပဲခူးတက္ကသိုလ်မှာရှိသည့် ကျောင်းသားကျောင်းသူများနှင့် ဝန်ထမ်းများအတွက် ကျန်းမာရေး စောင့်ရှောက်မှုကိုပေးနိုင်သည့် ဆေးရုံတစ်ရုံအဖြစ် သက်ဝင်လှုပ်ရှားစေရန်အတွက် ဆက်လက်ပြီး တင်ပြပေးပါရန် မိမိဒီနေရာမှနေပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လူမှုရေးဝန်ကြီးအား ထပ်ဆင့်ပြီး တောင်းဆိုမှု ပြုရခြင်း ဖြစ်ပါသည်။

ဥက္ကဋ္ဌ။ ။ဒေါ်မူမူခင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် ပတ်သက်သည့် ဆက်စပ် မေးခွန်းအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။ ။လွတ်တော်မှာ အခြေအနေအရပ်ရပ် အရ ဒီနေ့မေးခွန်းဖြေကြားပြီးသွားလျှင် နောက်နေ့မှစပြီး ယင်းကိစ္စကို ဆက်လက်အကောင်အထည် ဖော်မှာဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် ကောလိပ်ဆိုသည့် အဝန်းဝိုင်းကြီး၏ ပိုင်ရှင်ဖြစ်ပြီး တကယ်တမ်း ဆေးရုံကို ဝန်ထမ်းများအားဖြည့်ပေးရန်ဆိုတာသည် ကျန်းမာရေးဝန်ကြီးဌာနက အဓိက ဖြစ်သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနကိုလည်း အလျင်အမြန်ချပေးရန် မိမိအနေဖြင့် တိုက်တွန်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌ။ ။ဒေါ်မူမူခင်မေးမြန်းသည့် ပဲခူးတက္ကသိုလ်(၁၆)ကုတင်ဆံ့ တက္ကသိုလ်ဆေးရုံမှာ ဆရာဝန်၊ ဆရာမ၊ သူနာပြုများရရှိရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန

ဝန်ကြီးအနေဖြင့် လွှတ်တော်မှာမေးမြန်းသည့် မေးခွန်းများ၊ ဓါတ်ပုံများပါ ပူးတွဲပြီး အမြန်ဆုံး သက်ဆိုင်ရာ ဌာနများဖြစ်သည့် ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ကို စာတင်ပေးရန် လိုအပ်ပါသည်။ မိမိတို့က ဝင်ရောက်စွက်ဖက်တာ မဟုတ်ပါဘူး။ ပြည်သူများ၏ သား/သမီးများ သင်ကြားနေသည့် ကျောင်းကြီးမှာ ဆရာ/ဆရာမများ ရရှိရေးအတွက် ဒေသမှာရှိသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူကိုကိုယ်စားပြုပြီး မေးထားသည့် မေးခွန်းများဖြစ်သည့် အတွက် အမြန်ဆုံးအကောင်အထည်ဖော်ပေးနိုင်ရန် စာတင်ပေးဖို့လိုအပ်ပါသည်။ ပေးပို့သည့် ရက်စွဲနှင့် စာအမှတ်ကိုလည်း လွှတ်တော်သို့ ပြန်ကြားပေးရန်နှင့် လွှတ်တော်မှတစ်ဆင့် သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်ထံ အရောက်ပြန်လည် ပြန်ကြားပေးမည်ဖြစ်ကြောင်း တိုက်တွန်းပါသည်။

ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်က တင်သွင်းသည့် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအပေါ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေးခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်က တင်သွင်းသည့် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ ဒီကနေ့အစည်းအဝေးသို့ ကြွရောက်လာကြကုန်သော လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကော်မတီဝင် ဥက္ကဋ္ဌကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များနှင့် ကြွရောက်လာကြသူအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေဟု မိမိအနေဖြင့် ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါသည်။

မိမိအနေဖြင့် ဥပဒေချုပ်ကြီး၏အစီရင်ခံစာကို ဆွေးနွေးခွင့်ရသည့်အတွက် အားလုံးကို ကျေးဇူးတင်ရှိပါသည်။ ပထမဦးစွာ ဥပဒေချုပ်ကြီး၏အစီရင်ခံစာ အပိုဒ် ၂ မှာ **"တိုင်းဒေသကြီးဥပဒေချုပ်သည် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆ဖ၊ ပုဒ်မခွဲ (ဇ)နှင့် ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေပုဒ်မ ၂၄၊ ပုဒ်မခွဲ(က)တို့အရ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဖြစ်ပြီး ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆ဖ၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲငယ်(ခ) (၂)တို့နှင့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၄(ခ) (ဂ)ပါ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာတိုင်းဒေသကြီး ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်အား လည်းကောင်း တာဝန်ခံ၍ လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်"** ဆိုတာကို တင်ပြထားတာတွေ့ရပါသည်။ လွှတ်တော်ကိုလည်း တာဝန်ခံပြီး ဆောင်ရွက်စေဆိုသည့် စာသားမပါရှိတာကို တွေ့ရှိရပါသည်။ မိမိထောက်ပြခြင်း ဖြစ်ပါသည်။ နံပါတ်(၂)ချက်အနေဖြင့် အစီရင်ခံစာထဲမှာလည်း ပါရှိပါတယ်။

အထူးကိစ္စရပ်အနေဖြင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုအစည်းအဝေးကို သွားတက်သည်လို့ ပါပါတယ်။ ထိုတွင် နိုင်ငံတော်သမ္မတနှင့် တွေ့သည့်ပွဲမှာ နိုင်ငံတော်သမ္မတက လမ်းညွှန်ချက်၊ အကောင်အထည်ဖော်ချက် မိမိတို့လည်းတက်ရောက်ပါတယ်။ ထိုသို့တက်သည့် အစည်းအဝေးမှာ နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်များကို မည်သို့မည်ပုံ အကောင်အထည်ဖော် ဆောင်ရွက်ထားသည် ဆိုသည့် အခြေအနေတင်ပြထားတာမရှိပါဘူး၊ တင်ပြပေးစေချင်ပါတယ်။ နောက်တစ်ခုက အစီရင်ခံစာပါ အချက်အလက်တော်တော်များများသည် ယေဘုယျအချက်အလက်များဖြစ်ပြီး တိတိကျကျ ဖော်ပြ ထားခြင်းမရှိပါဘူး။ တိတိကျကျဖော်ပြထားခြင်းမရှိသည့်အတွက် ဥပဒေချုပ်ကြီး တစ်ယောက်အနေဖြင့် တင်ပြထားသည့် ပုဒ်မ၊ အပိုဒ်ခွဲငယ်များနှင့် ပတ်သက်ပြီး မည်သို့မည်ပုံ ဆောင်ရွက်ထားသည် ဆိုတာကိုလည်း မိမိတို့နေဖြင့် ဥပမာ-နမူနာယူလိုသည်က တစ်ကြောင်း၊ စိတ်ရင်းစေတနာအရ သိချင်သည်ကတစ်ကြောင်း ယင်းကိစ္စကိုကျယ်ကျယ်ပြန့်ပြန့် တင်ပြပေးဖို့ မေတ္တာရပ်ခံပါသည်။

အပိုဒ် ၁၀ မှာ **တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ လိုက်ပါဆောင်ရွက်ခဲ့သော အမှုများ**ခေါင်းစဉ်တွင် တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၂၇ ပါ လုပ်ပိုင်ခွင့်များအရ တိုင်းဒေသကြီးအတွင်းရှိ တရားရုံးအဆင့်ဆင့်က ချမှတ်ထားသောအမိန့်သည် ဥပဒေနှင့်ညီညွတ်မှုမရှိ၍ လည်းကောင်း၊ ပြစ်မှုပြစ်ဒဏ်မျှတမှုမရှိ၍လည်းကောင်း၊ သင့်လျော်သည့်အမိန့်မဟုတ်၍သော်လည်းကောင်း လိုအပ်သည့်အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှုများ တရားလွှတ်တော်သို့ တင်သွင်းခြင်းများ ဆောင်ရွက်ပေးရပါသည်လို့ ဖော်ပြထားပါသည်။ ဖော်ပြထားပေမဲ့လည်း ဖော်ပြထားသည့် အမှုသာ ပြောတယ်။ ထိုအမှုများမှာ မည်သည့်အမှုများက ပြစ်မှုနှင့်ပြစ်ဒဏ်မမျှတတာလဲ၊ အဂတိလိုက်စားလို့ ဖြစ်တာလား (သမ္မတကြီးလမ်းညွှန်ချက်နှင့်အညီ)၊ ဥပဒေနှင့်ညီညွတ်ခြင်း မရှိတာလား၊ မည်သည့်အမှုများသည် ဥပဒေနှင့်ညီညွတ်မှုမရှိတာလဲ၊ မညီညွတ်သည့်အတွက် မည်သို့အရေးယူဆောင်ရွက်ထားသလဲ ယင်းအကြောင်းအရာများ ဘာမှပါဝင်လာခြင်း မရှိပါဘူး။

နောက်တစ်ခုက သင့်လျော်သည့်အမိန့်မဟုတ်သည့်အတွက်ဆိုပြီး (၃)ခု၊ သင့်လျော်သည့် အမိန့်များ မချဘူးဆိုလျှင်လည်း ဒါဥပဒေမဏ္ဍိုင်ကတိမ်းစောင်းနေပြီ ထိုသို့တိမ်းစောင်းသည့် အပေါ် မှာလည်း ဥပဒေချုပ်ကြီးအနေဖြင့် မည်သို့ဆောင်ရွက်ထားသလဲဆိုတာ ဖော်ပြထားခြင်းမရှိဘူး၊ မည်သည့်အမှုများမှာ တိမ်းစောင်းနေတာလဲ၊ မည်သည့်မြို့နယ်များမှာလည်း ထိုသို့တိမ်းစောင်းနေလို့ လျှင်လည်း မိမိတို့က မေတ္တာပို့ပြီး ပရိတ်ကြီးဘဲ ရွတ်နေတော့မှာလား၊ မည်သို့အရေးယူမှုလုပ်မှာလဲ ဒါတွေလဲ သိချင်ပါကြောင်း၊ မိမိဆွေးနွေးသည်က မိမိတို့လည်း နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုကို ခံယူသည့်အခါမှာ နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှုထဲမှာလည်းအမှုများက ဘယ်တုန်းကမှ နှစ်(၅၀) အတွင်း မကြားရသည့် အမှုများကြားနေရသည်ဆိုတာကိုလည်း နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းထဲမှာ ပါသည့်အတွက် ယင်းကိစ္စအပေါ်မှာလည်း ဥပဒေချုပ်ကြီးအနေဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော်စေချင်ပါသည်။ အပိုဒ် ၁၀ မှာ ထပ်ဆွေးနွေးချင်သည်က ပုဒ်မ ၄၃၁ အများသူငါနှင့် သက်ဆိုင်သည့် လမ်းများကို ပိတ်လျှင် အရေးယူသည့်ပုဒ်မ၊ ထိုမှာ ၄၃၁ နှင့် ၃၄၁ မတူပါဘူး၊

ကွဲလွဲမှုအများကြီးရှိပါတယ်။ ထို့အပြင် ပုဒ်မ ၂၁၈ ဆိုတာလည်း ဌာနဆိုင်ရာများအနေဖြင့် မှားယွင်းသည့်အမိန့်များကိုထုတ်သည့်အပေါ်မှာ အရေးယူဆောင်ရွက်သည့်ပုဒ်မများသည် ယင်းပုဒ်မများသည် ဥပဒေကြောင်းအရကြည့်မည်ဆိုလျှင် သက်သက်ကြီးတွေ ဒါပေမဲ့ မိမိတို့မြို့နယ်မှာဖြစ်နေသည်က ပုဒ်မများရောထွေးနေပြီး အခြားမြို့နယ်များလည်း ဒီအတိုင်းပဲဖြစ်လိမ့်မည်ဟု ယူဆသည့်အတွက် ယင်းပုဒ်မများ၏ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကိုလည်း ဥပဒေချုပ်ကြီးအနေဖြင့် ထဲထဲဝင်ဝင်တင်ပြပေးစေချင်ပါတယ်။ မြို့နယ်တိုင်းကိုပါ။ မိမိတို့မြို့နယ်မှာ ကျွဲလမ်းကိစ္စဖြစ်သည့် ကိစ္စကိုလည်း ဥပမာတင်ပြချင်ပါတယ်။ ကျွဲလမ်းကမရှိဘူး မရှိသည့်အခါကြတော့ လယ်သမားများက ရပ်/ကျေးအုပ်ချုပ်ရေးမှူးကိုတင်ပြသည် တင်ပြသည့်အခါ ရပ်/ကျေးအုပ်ချုပ်ရေးမှူးက ဤနေရာက ဖောက်သွားဟု လမ်းသတ်မှတ်ပေးသည်။ လမ်းသတ်မှတ်ပေးသည့်အခါမှာ ကျေးရွာသူ/ ကျေးရွာသားများကလည်း ဥက္ကဋ္ဌဆုံးဖြတ်ချက်ကိုလိုက်နာပြီးသွားတယ်။ သွားတော့ ထိုပိုင်ရှင်ကပြန်ပိတ်သည် ပြန်ပိတ်ထားသည်ကို ဖွင့်ပြီးသွားသည့်အခါကြတော့ ပိုင်ရှင်ကတရားဆွဲတယ်။ အုပ်ချုပ်ရေးမှူးကလည်း တရားရုံးမှာ သက်သေထွက်တယ်။ ဘယ်လိုထွက်ထွက်မရဘူး ဖြစ်နေပါတယ်။ ယင်းကိစ္စများဖြစ်နေသည့်အတွက် အပိုဒ် ၁၀ အရ ဘယ်ပုံဘယ်နည်းဆောင်ရွက် ထားသည်၊ ထိန်းသိမ်းထားသည်၊ ပြင်ဆင်သည်ဆိုတာတွေလည်း တိတိကျကျဖော်ပြပေးစေလိုပါသည်။

နောက်တစ်ခုက ဥပဒေချုပ်ကြီး၏အစီရင်ခံစာမှာ မြို့နယ်ရုံးတည်ဆောက်ရေးများမှာ ကြပ်မတ်သည်ဆိုသည့်ကိစ္စပါ။ လက်ပံတန်းမြို့နယ်တရားရုံးသည်လည်း ကျဉ်းလည်းကျဉ်းသည် စံချိန်စံညွှန်းနှင့်မကိုက်တော့ စံချိန်စံညွှန်းကိုက် အခြားမြို့နယ်များနှင့်နည်းတူ မြို့သားများကလည်း တောင်းဆိုတယ်၊ ဌာနဆိုင်ရာများကလည်း တောင်းဆိုသည့်အတွက် တင်ပြတာပါ။ ဥပဒေချုပ်ကြီးအနေဖြင့် ကော်မတီ (၁၃)ခုတိတိမှာ တာဝန်များထမ်းနေရတာကို သိရှိရသည့်အတွက်လည်း ဥပဒေချုပ်ကြီးအနေဖြင့် ကော်မတီ(၁၃)ခုမှာ တာဝန်များ ကျကျေပွန်ပွန်ထမ်းဆောင်နိုင်သည်ကို မိမိအနေဖြင့် အင်မတန်ဂုဏ်ယူဝမ်းမြောက် မိပါတယ်ဆိုသည့်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ် ပါသည်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီမှ (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

နိဒါန်း

ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ အဓိကမဏ္ဍိုင်ဖြစ်သော ဥပဒေပြုရေးမဏ္ဍိုင်အား ပိုမိုအားကောင်းလာစေရန် ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၁၈၈ ဇယား(၂)တွင် ဖော်ပြထားသော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော်၌ ပြဋ္ဌာန်းပြီးဖြစ်သော ဥပဒေများအား လေ့လာသုံးသပ်ခြင်း၊ ခေတ်ကာလနှင့်လျော်ညီမှုမရှိတော့သည့် ဥပဒေများအား ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်သော ဥပဒေများအား အသစ်ပြဋ္ဌာန်းနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့၏ ဘဏ္ဍာနှစ်အလိုက် ရသုံးမှန်းခြေငွေစာရင်း၊ သာမန်အသုံးစရိတ် လျာထားချက်များနှင့် ငွေလုံးငွေရင်းအသုံးစရိတ်လျာထားချက်များကို ဖြည့်စွက်ခွင့်ပြုရန်ပုံငွေစာရင်းများတွင် ဘဏ္ဍာငွေလေလွင့်ဆုံးရှုံးမှုမရှိစေရေး စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရည်ရွယ်ချက်များ

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအကျိုးဖြစ်ထွန်းစေပြီး လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူ့အကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်မည့် ခိုင်မာသည့်ဥပဒေများ ပေါ်ပေါက်လာစေရန်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးမှုရှိစေရန် ရည်ရွယ်ထားပါသည်။

အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏ဆောင်ရွက်ချက်များ

(၁၈-၁၀-၂၀၁၈)ရက်နေ့နှင့် (၁၉-၁၀-၂၀၁၈)ရက်နေ့တွင် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ်(၈/၂၀၁၈)ကို ကျင်းပပြုလုပ်ပြီး ပြည်မြို့အနာဂတ် မြို့ပြစီးပွားရေးဇုန်ဖော်ဆောင်ရေးစီမံကိန်းနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးပြီး လွှတ်တော်ဥက္ကဋ္ဌထံ အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြည်သူများ၏ တိုင်ကြားစာ(၄)စောင်အပေါ် စိစစ်လေ့လာသုံးသပ် ဆွေးနွေးပြီး သက်ဆိုင်ရာဌာနများနှင့် ကာယကံရှင်များထံ အကြောင်းကြားနိုင်ရေးအတွက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့ပါသည်။

(၂၉-၁၀-၂၀၁၈)ရက်နေ့နှင့် (၃၀-၁၀-၂၀၁၈)ရက်နေ့တို့တွင် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ်(၉/၂၀၁၈)ကို ကျင်းပပြုလုပ်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော ပဲခူးတိုင်းဒေသကြီး တည်ဆောက်ရေးလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းပုံစည်းမျဉ်း(မူကြမ်း)အား ဆွေးနွေးသုံးသပ်ခဲ့ပါသည်။ (၃၀-၁၀-၂၀၁၈)ရက်နေ့တွင် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကော်မတီနှင့် ပူးပေါင်းပြီး တည်ဆောက်ရေးလုပ်ငန်းများ ဦးဆောင်ကော်မတီ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ တည်ဆောက်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့၏

ဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်များ၊ လိုက်နာရမည့် စည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ် ဆွေးနွေးခဲ့ကြပါသည်။

(၁-၁၁-၂၀၁၈)ရက်နေ့နှင့် (၂-၁၁-၂၀၁၈)ရက်နေ့တို့တွင် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ(၂)ရပ်မှ ကိုယ်စားလှယ်များသည် ပဲခူးမြို့ ဥဿာကျော်ဟိုတယ်၌ ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့ NAG မှ ကျင်းပပြုလုပ်သော မြေယာခွန်ဥပဒေနှင့် ဆက်နွယ်သည့် မူဝါဒလမ်းစဉ်များအား ပြည့်သူ့ထံ အသိပညာပေးနိုင်ရေးအတွက် ကဏ္ဍစုံပူးပေါင်း၍ ပြင်ဆင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးခဲ့ပါသည်။

(၅-၁၁-၂၀၁၈)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကော်မတီ(၂)ရပ်မှ ကော်မတီအဖွဲ့ဝင်များနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဆောင်သော ဝန်ကြီးများတွေ့ဆုံကာ ပဲခူးတိုင်းဒေသကြီးတည်ဆောက်ရေးလုပ်ငန်းများကြီးကြပ်စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပုံစည်းမျဉ်း (မူကြမ်း)နှင့် ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ (၆-၁၁-၂၀၁၈)ရက်နေ့တွင် ကော်မတီ(၂)ရပ်ပူးပေါင်းပြီး ပဲခူးတိုင်းဒေသကြီး တည်ဆောက်ရေးလုပ်ငန်းများ ကြီးကြပ်စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပုံစည်းမျဉ်း(မူကြမ်း)အား ဆွေးနွေးသုံးသပ်ပြီး မူကြမ်းတွင် ပါဝင်သင့်ပါဝင်ထိုက်သော အကြံပြုချက်များကို ထည့်သွင်းရေးဆွဲနိုင်ရေး လွှတ်တော်ဥက္ကဋ္ဌထံ အစီရင်ခံတင်ပြခဲ့ပြီး လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ဆက်လက်ပေးပို့ခဲ့ပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ်(၁၀/၂၀၁၈)ကို (၁၂-၁၁-၂၀၁၈)ရက်နေ့မှ (၁၆-၁၁-၂၀၁၈)ရက်နေ့အထိ ကျင်းပပြုလုပ်ပြီး (၁၂-၁၁-၂၀၁၈)ရက်နေ့၊ (၁၃-၁၁-၂၀၁၈)ရက်နေ့၊ (၁၅-၁၁-၂၀၁၈)ရက်နေ့နှင့် (၁၆-၁၁-၂၀၁၈)ရက်နေ့တို့တွင် ပဲခူးတိုင်းဒေသကြီး အကျိုးတူပူးပေါင်းလယ်ယာစိုက်ပျိုးရေးစနစ်ဥပဒေ(မူကြမ်း) အခန်း(၅)မှ အခန်း(၁၃)အထိ ဆွေးနွေးသုံးသပ်ခဲ့ပြီး ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရန်အချက်များကို စိစစ်ဆောင်ရွက်ခဲ့ပါသည်။ (၁၄-၁၁-၂၀၁၈)ရက်နေ့တွင် ပဲခူးမြို့ဥဿာမြို့သစ်နေ မူလပိုင်ရှင် ဦးအောင်သိန်းပါ(၃)ဦးနှင့် နေပြည်တော်နေ ဦးမျိုးညွှန့်တို့၏ မြေအငြင်းပွားမှုနှင့်ပတ်သက်၍ အမှန်တရားဖော်ထုတ်ပေးနိုင်ပါရန် တိုင်ကြားစာအား စိစစ်သုံးသပ်ဆွေးနွေးခဲ့ပြီး လိုအပ်သောအထောက်အထား စာရွက်စာတမ်းများအား သက်ဆိုင်ရာဌာနများမှ တောင်းခံပေးနိုင်ရေးအတွက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့ပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီ(၂)ရပ်တို့၏ ပူးပေါင်းအစည်းအဝေးအမှတ်စဉ်(၉/၂၀၁၈)ကို (၅-၁၂-၂၀၁၈)ရက်နေ့မှ (၇-၁၂-၂၀၁၈)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး (၅-၁၂-၂၀၁၈)ရက်နေ့နှင့် (၆-၁၂-၂၀၁၈)ရက်နေ့တို့တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော ပဲခူးတိုင်းဒေသကြီး အကျိုးတူပူးပေါင်းလယ်ယာစိုက်ပျိုးရေးစနစ်ဥပဒေ(မူကြမ်း) အခန်း(၁)မှ အခန်း(၃)အထိ အသေးစိတ်

ဆွေးနွေးသုံးသပ်ခဲ့ပြီး ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရန်အချက်များကို စိစစ်ဆောင်ရွက်ခဲ့ပါသည်။ (၇-၁၂-၂၀၁၈) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး မြေယာခွန်ဥပဒေနှင့် ဆက်နွယ်သည့် မူဝါဒများ၊ လမ်းစဉ်များအား ပြည်သူ့ထံအသိပညာပေးခြင်းအခမ်းအနားတွင် ကိုယ်စားလှယ်တစ်ဦးချင်းစီ ရှင်းလင်းတင်ပြမည့် Power Point ပါ အချက်အလက်များကို ကြိုတင်လေ့ကျင့် ရှင်းလင်းတင်ပြမှုများ ဆောင်ရွက်ခဲ့ပါသည်။

(၇-၁၂-၂၀၁၈)ရက်နေ့တွင် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ(၂)ရပ်မှ ကိုယ်စားလှယ်များ၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ သာယာဝတီခရိုင်နှင့် ပြည်ခရိုင်တို့မှ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူးများနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးများသည် ပဲခူးမြို့ ဥဿာကျော်ဟိုတယ်ခန်းမ၌ ပဲခူးတိုင်းဒေသကြီးမြေယာခွန်ဥပဒေနှင့်ဆက်နွယ်သည့် မူဝါဒများ၊ လမ်းစဉ်များအား ပြည်သူ့ထံအသိပညာပေးခြင်း အခမ်းအနားများအတွက် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်သော အသိပညာပေးရေးအဖွဲ့(၂)ဖွဲ့ ဖွဲ့စည်းခဲ့ပြီး ပြည်သူ့ထံအသိပညာပေးရေးလုပ်ငန်းစဉ်များကို အသေးစိတ်ရေးဆွဲပြင်ဆင်ဆောင်ရွက်ခဲ့ကြပါသည်။ (၁၈-၁၂-၂၀၁၈)ရက်နေ့တွင် အသိပညာပေးအဖွဲ့(၁)သည် ညောင်လေးပင်မြို့၌ လည်းကောင်း၊ အသိပညာပေးအဖွဲ့(၂)သည် လက်ပံတန်းမြို့၌ လည်းကောင်း မြေယာခွန်ဥပဒေနှင့် ဆက်နွယ်သည့် မူဝါဒလမ်းစဉ်များအား ပြည်သူ့ထံအသိပညာပေးခြင်းအခမ်းအနားများ ဆောင်ရွက်ခဲ့ကြပါသည်။ (၁၉-၁၂-၂၀၁၈)ရက်နေ့တွင် ပဲခူးမြို့ ဥဿာကျော်ဟိုတယ်ခန်းမ၌ အသိပညာပေးအခမ်းအနားများ ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့(၂)ဖွဲ့ ပူးပေါင်း၍ ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးဆောင်ရွက်ကာ ပြည်သူများ၏ တုံ့ပြန်ချက်သဘောထားများအရ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျန်ရှိသည့် မြို့နယ်(၂၆)မြို့နယ်တွင် အသိပညာပေးပွဲများ ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြပြီး ကော်မတီ(၂)ရပ်မှ ကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းပါဝင်ကာ အသိပညာပေးရေးအဖွဲ့(၄)ဖွဲ့ ဖွဲ့စည်းကာ အသိပညာပေးရေးလုပ်ငန်းစဉ်များအား အသေးစိတ်ရေးဆွဲပြင်ဆင်ဆောင်ရွက်ခဲ့ကြပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ(၃)ရပ်တို့၏ အစည်းအဝေးအမှတ်စဉ်(၁/၂၀၁၈)ကို (၂၀-၁၂-၂၀၁၈)ရက်နေ့နှင့် (၂၁-၁၂-၂၀၁၈)ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ပဲခူးမြို့ ဥဿာမြို့သစ်နေ မူလပိုင်ရှင် ဦးအောင်သိန်းပါ(၃)ဦးနှင့် နေပြည်တော်နေ ဦးမျိုးညွှန့်တို့၏ မြေအငြင်းပွားမှုနှင့်ပတ်သက်သည့် အမှန်တရားဖော်ထုတ်ပေးနိုင်ပါရန် တိုင်ကြားစာအား စိစစ်သုံးသပ်ဆွေးနွေးခဲ့ပြီး လိုအပ်သောအထောက်အထား စာရွက်စာတမ်းများအား သက်ဆိုင်ရာဌာနများမှ တောင်းခံပေးနိုင်ရေးအတွက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့ပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ(၂)ရပ်တို့မှ ကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းပါဝင်သော အသိပညာပေးရေးအဖွဲ့(၄)ဖွဲ့သည် (၂၄-၁၂-၂၀၁၈)ရက်နေ့တွင် သာယာဝတီမြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့တွင်လည်းကောင်း၊ (၂၆-၁၂-၂၀၁၈)ရက်နေ့တွင် ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ရေတာရှည်မြို့နယ်၊ တောင်ငူမြို့နယ်၊ မိုးညှိမြို့နယ်၊ မင်းလှမြို့နယ်၊ ပြည်မြို့နယ်၊ ပန်းတောင်းမြို့နယ်၊ ရွှေတောင်မြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်တို့တွင်လည်းကောင်း၊ (၂၇-၁၂-၂၀၁၈)ရက်နေ့တွင် ရွှေကျင်မြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ဖြူးမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ အုတ်ဖိုမြို့နယ်၊ ကြို့ပင်ကောက်မြို့နယ်၊ ဝေါမြို့နယ်၊ ပဲခူးမြို့နယ်၊ ထန်းတပင်မြို့နယ်၊ ကျောက်ကြီးမြို့နယ်၊ ဇီးကုန်းမြို့နယ်၊ နတ်တလင်းမြို့နယ်၊ ပေါင်းတည်မြို့နယ်နှင့် သဲကုန်းမြို့နယ်တို့တွင်လည်းကောင်း မြေယာခွန်ဥပဒေနှင့် ဆက်နွယ်သည့် မူဝါဒများ၊ လမ်းစဉ်များအား ပြည်သူ့ထံအသိပညာပေးခြင်းအခမ်းအနားများ ဆောင်ရွက်ခဲ့ကြပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ(၂)ရပ်တို့၏ ပူးပေါင်းကော်မတီအစည်းအဝေး အမှတ်စဉ်(၁၀/၂၀၁၉)ကို (၂-၁-၂၀၁၉)ရက်နေ့နှင့် (၃-၁-၂၀၁၉)ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး မြေယာခွန်ဥပဒေနှင့် ဆက်နွယ်သည့် မူဝါဒများ၊ လမ်းစဉ်များအား ပြည်သူ့ထံအသိပညာပေးခြင်းအခမ်းအနားများ ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်သည့် အစီရင်ခံစာရေးသားပြုစုကာ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့ပါသည်။

(၁၀-၁-၂၀၁၉)ရက်နေ့နှင့် (၁၁-၁-၂၀၁၉)ရက်နေ့တို့တွင် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ(၂)ရပ်မှ ကိုယ်စားလှယ်များသည် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ သာယာဝတီခရိုင်နှင့် ပြည်ခရိုင်တို့မှ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးများ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူးများနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန မှူးများနှင့်အတူ ပဲခူးမြို့ ဥဿာကျော်ဟိုတယ်ခန်းမ၌ တွေ့ဆုံဆွေးနွေးပြီး ပဲခူးတိုင်းဒေသကြီး မြေယာခွန်ဥပဒေ(မူကြမ်း)နှင့် ပတ်သက်သည့် ပြည်သူ့အသံကြားနာခြင်းအခမ်းအနားများကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၂၈)မြို့နယ်တွင် ဆောင်ရွက်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများပူးပေါင်းပါဝင်သော ပြည်သူ့အသံကြားနာရေးအဖွဲ့(၄)ဖွဲ့ ဖွဲ့စည်းကာ အသေးစိတ် ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ကြပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ်(၁၁/၂၀၁၉)ကို (၁၄-၁-၂၀၁၉)ရက်နေ့နှင့် (၁၅-၁-၂၀၁၉)ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး အတွင်းရှိ အပန်းဖြေစခန်းနှင့် ခရီးစဉ်သစ်များ ဖော်ထုတ်ဖြင့်တင်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ အင်း၊ ဆည်၊ ရေလှောင်တမံ(၁၂)ခုတွင် Feasibility Study ဆောင်ရွက်ခဲ့မှု လေ့လာတွေ့ရှိချက် အစီရင်ခံစာအား ဆွေးနွေးသုံးသပ်ခဲ့ပြီး ကော်မတီ၏ သဘောထားမှတ်ချက်များကို လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့ပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ(၂)ရပ်မှ ကော်မတီအဖွဲ့ဝင်(၁၁)ဦးသည် (၁၆-၁-၂၀၁၉)ရက်နေ့တွင် ရန်ကုန်မြို့ရှိ ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့ (NAG) ရုံးချုပ်တွင် (NAG) အဖွဲ့မှ အမှုဆောင် အရာရှိချုပ် ဦးဘော်ဘီနှင့်အဖွဲ့အား တွေ့ဆုံ၍ (NAG) အဖွဲ့၏ ကူညီပံ့ပိုးပေးမှုဖြင့် မကွေးတိုင်းဒေသကြီးတွင် အကျိုးတူပူးပေါင်းလယ်ယာစိုက်ပျိုးရေးစနစ်ဖော်ဆောင်ကာ နှမ်းနက်စိုက်ခင်းများ အကောင်အထည်ဖော်ဆောင်ရွက်လုပ်ကိုင်နေမှုများကို ဗွီဒီယိုဖြင့်တင်ပြခြင်းနှင့် (NAG)အဖွဲ့၏ ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့မှုလုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြမှုများကို လေ့လာခဲ့ပြီး ပဲခူးတိုင်းဒေသကြီး အကျိုးတူပူးပေါင်း လယ်ယာစိုက်ပျိုးရေးစနစ် ဥပဒေ(မူကြမ်း)တွင် ပိုမိုပြည့်စုံကောင်းမွန်ရေး အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများတွင် ရေးဆွဲပြဋ္ဌာန်းထားသော အကျိုးတူပူးပေါင်းလယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဥပဒေ များအား မြန်မာဘာသာပြန်ဆိုပေးနိုင်ရေး ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့ကြပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ(၂)ရပ်၏ ပူးပေါင်းအစည်းအဝေးအမှတ်စဉ်(၁၁/၂၀၁၉)ကို (၁၇-၁-၂၀၁၉) ရက်နေ့နှင့် (၁၈-၁-၂၀၁၉)ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး (NAG) ရုံးချုပ်တွင် အမှုဆောင် အရာရှိ ဦးဘော်ဘီနှင့်အဖွဲ့အား တွေ့ဆုံဆွေးနွေးမှုမှရရှိလာသော အချက်အလက်များမှ ဒေသနှင့် ကိုက်ညီသော အချက်အလက်များကို ပဲခူးတိုင်းဒေသကြီး အကျိုးတူပူးပေါင်းလယ်ယာ စိုက်ပျိုးရေးစနစ်ဥပဒေ(မူကြမ်း)တွင် ဖြည့်သွင်းရေးသားနိုင်ရေး ဆွေးနွေးသုံးသပ်ဆောင်ရွက်ခဲ့ကြပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ(၂)ရပ်မှ ကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းပါဝင်သော ပြည်သူ့အသံကြားနာရေးအဖွဲ့(၄)ဖွဲ့သည် (၂၆-၁-၂၀၁၉)ရက်နေ့တွင် ရွှေကျင်မြို့နယ်၊ ကျောက်ကြီးမြို့နယ်၊ ဇီးကုန်းမြို့နယ်နှင့် ပြည်မြို့နယ်တို့တွင်လည်းကောင်း၊ (၂၇-၁-၂၀၁၉)ရက်နေ့တွင် ညောင်လေးပင်မြို့နယ်၊ ဖြူးမြို့နယ်၊ ကြို့ပင်ကောက်မြို့နယ်နှင့် ပန်းတောင်းမြို့နယ်တို့တွင်လည်းကောင်း၊ (၂၈-၁-၂၀၁၉)ရက်နေ့တွင် ဒိုက်ဦးမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ အုတ်ဖိုမြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်တို့တွင်လည်းကောင်း၊ (၂၉-၁-၂၀၁၉)ရက်နေ့တွင် ဝေါမြို့နယ်၊ တောင်ငူမြို့နယ်၊ မင်းလှမြို့နယ်နှင့် ရွှေတောင်မြို့နယ်တို့တွင်လည်းကောင်း၊ (၃၀-၁-၂၀၁၉)ရက်နေ့တွင် သနပ်ပင်မြို့နယ်၊ ရေတာရှည်မြို့နယ်၊ သာယာဝတီမြို့နယ်နှင့် သဲကုန်းမြို့နယ်တို့တွင်လည်းကောင်း၊ (၁-၂-၂၀၁၉) ရက်နေ့တွင် ကဝမြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ မိုးညှင်းမြို့နယ်နှင့် နတ်တလင်းမြို့နယ်တို့တွင် လည်းကောင်း၊ (၂-၂-၂၀၁၉)ရက်နေ့တွင် ပဲခူးမြို့နယ်၊ ထန်းတပင်မြို့နယ်၊ လက်ပံတန်းမြို့နယ်နှင့် ပေါင်းတည်မြို့နယ်တို့တွင်လည်းကောင်း ပဲခူးတိုင်းဒေသကြီး မြေယာခွန်ဥပဒေ(မူကြမ်း)နှင့် ပတ်သက်သည့် ပြည်သူ့အသံကြားနာခြင်းအခမ်းအနားများကို ဆောင်ရွက်ခဲ့ကြပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၉)ကို (၅-၂-၂၀၁၉)ရက်နေ့မှ (၇-၂-၂၀၁၉)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအထွေထွေ

အုပ်ချုပ်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့၏၂၀၁၈-၂၀၁၉ခုနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေစာရင်းများ၏ သာမန်အသုံးစရိတ် လျာထားချက်များနှင့် ငွေလုံးငွေရင်းအသုံးစရိတ်လျာထားချက်များကို စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ကော်မတီ၏ စိစစ်တွေ့ရှိချက်များကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီသို့ ပေးပို့နိုင်ခဲ့ပါသည်။

(၁၀-၂-၂၀၁၉)ရက်နေ့တွင် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ(၂)ရပ်မှ ကိုယ်စားလှယ်များသည် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ သာယာဝတီခရိုင်နှင့် ပြည်ခရိုင်တို့မှ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူးများနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးများနှင့် ဦးစီးအရာရှိများ ပူးပေါင်းပါဝင်သော ပြည်သူ့အသံကြားနာရေးအဖွဲ့(၄)ဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေရှိ Golden Beach ဟိုတယ်ခန်းမ၌ ပဲခူးတိုင်းဒေသကြီးမြေယာခွန်ဥပဒေ(မူကြမ်း)နှင့် ပတ်သက်သည့် ပြည်သူ့အသံကြားနာခြင်းအခမ်းအနားများတွင် ပြည်သူများ၏ အကြံပြု တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ ပြည်သူများ၏ အကြံပြုတင်ပြချက်များကို ဥပဒေ(မူကြမ်း)တွင် ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် အနှစ်ချုပ်ပြုစုခြင်းနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ(၂)ရပ်တို့၏ ပူးပေါင်းကော်မတီအစည်းအဝေးအမှတ်စဉ်(၁၂/၂၀၁၉)ကို (၁၃-၂-၂၀၁၉)ရက်နေ့မှ (၁၅-၂-၂၀၁၉)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး (၁၃-၂-၂၀၁၉)ရက်နေ့၌ ပြည်သူ့အသံကြားနာခြင်းအခမ်းအနားများတွင် ပြည်သူများ၏ အကြံပြုတင်ပြချက်များ၊ အနှစ်ချုပ်ဆွေးနွေးချက်များကို မြေယာခွန်ဥပဒေ(မူကြမ်း)တွင် ပြင်ဆင်ဖြည့်စွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ (၁၄-၂-၂၀၁၉)ရက်နေ့၌ ကော်မတီ(၂)ရပ်မှ အဖွဲ့ဝင်များသည် ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးများတွေ့ဆုံကာ မြေယာခွန်ဥပဒေ(မူကြမ်း)တွင် ပြည်သူ့အသံကြားနာခြင်းအခမ်းအနားများမှ ရရှိလာသော ပြည်သူများ၏ အကြံပြုတင်ပြချက်များ၊ အနှစ်ချုပ်ဆွေးနွေးချက်များ ထည့်သွင်းပြင်ဆောင်ရွက်ထားမှုများကို ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။ (၁၅-၂-၂၀၁၉)ရက်နေ့၌ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးမှုမှ ရရှိလာသော ရလဒ်ကောင်းများနှင့် ပတ်သက်ပြီး ဥပဒေ(မူကြမ်း)အား ထပ်မံသုံးသပ်ဆွေးနွေးကာ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ဥပဒေ(မူကြမ်း)ပြင်ဆင်ချက်အဆို တင်သွင်းနိုင်ရေး ဆောင်ရွက်ခဲ့ကြပါသည်။

ကော်မတီ၏တွေ့ရှိချက်များ

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီသည် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား(၂)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ဥပဒေများအနက် ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သက်တမ်းအတွင်း အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သော ဥပဒေများအား ပြန်လည်သုံးသပ်ခဲ့ရာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ၊ ရေချိုငါးလုပ်ငန်းဥပဒေနှင့် ယစ်မျိုးခွန်ဥပဒေများသည် ခေတ်ကာလနှင့်လျော်ညီမှုမရှိတော့ကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာကော်မတီများနှင့် ပူးပေါင်းဆွေးနွေးကာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေနှင့် ရေချိုငါးလုပ်ငန်းဥပဒေများအား အသစ်ပြန်လည်ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ ယစ်မျိုးဆိုင်ရာ အခွန်များကိုလည်း ခေတ်ကာလနှင့်လျော်ညီသော အခွန်များ ကောက်ခံရရှိစေရန် ပဲခူးတိုင်းဒေသကြီး ယစ်မျိုးခွန်ပြင်ဆင်သည့် ဥပဒေကိုလည်း အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပေးပို့လာသော ပဲခူးတိုင်းဒေသကြီး မြေယာခွန်ဥပဒေ(မူကြမ်း)၊ အကျိုးတူပူးပေါင်းလယ်ယာ စိုက်ပျိုးရေးစနစ်ဥပဒေ(မူကြမ်း)နှင့် ငွေတိုးချစားသူများဥပဒေ(မူကြမ်း)တို့ကို သက်ဆိုင်ရာကော်မတီများနှင့် ပူးပေါင်းကာ ဆက်လက်ဆွေးနွေးလျက်ရှိပြီး ပဲခူးတိုင်းဒေသကြီး မြေယာခွန်ဥပဒေအား ယခု(၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေးတွင် ပြင်ဆင်ချက်အဆို တင်သွင်းပြီး အတည်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ပဲခူးတိုင်းဒေသကြီး အကျိုးတူပူးပေါင်းလယ်ယာစိုက်ပျိုးရေးစနစ်ဥပဒေ(မူကြမ်း)နှင့် ငွေတိုးချစားသူများဥပဒေ(မူကြမ်း)များကိုလည်း နောက်လာမည့် အနီးစပ်ဆုံးသော ပုံမှန်အစည်းအဝေးတွင် အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေနှင့် ရေချိုငါးလုပ်ငန်းဥပဒေများအား အတည်ပြုပြဋ္ဌာန်းရာတွင် နည်းဥပဒေများကို သတ်မှတ်ကာလဖြစ်သော ရက်ပေါင်း(၉၀)အတွင်း ရေးဆွဲပြဋ္ဌာန်းရန် ထည့်သွင်းပြဋ္ဌာန်းခဲ့သော်လည်း စည်ပင်သာယာရေးကော်မတီများ ရွေးချယ်ခြင်းဆိုင်ရာနည်းဥပဒေ တစ်ခုသာပြဋ္ဌာန်းနိုင်ခဲ့ပြီး အခြားသော နည်းဥပဒေများ ပြဋ္ဌာန်းရန်လိုအပ်လျက်ရှိကြောင်း ကော်မတီမှ သုံးသပ်တွေ့ရှိရပါသည်။

အကြံပြုချက်များ

၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား(၂)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ဥပဒေများအနက် ပဲခူးတိုင်းဒေသကြီးအကျိုးအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းပြီး ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်လျက်ရှိသော ဥပဒေများကိုလည်း စိစစ်သုံးသပ်ပြီး ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်သက်တမ်းကာလအတွင်း အမြန်ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ဖွဲ့စည်းထားသော ရေးရာကော်မတီများသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား(၂)ပါ ဥပဒေများအား သုံးသပ်ဆွေးနွေးပြီး ဥပဒေ(မူကြမ်း) ရေးဆွဲခြင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသောဥပဒေ(မူကြမ်း)များအနက် မိမိတို့ကော်မတီနှင့် သက်ဆိုင်သော ဥပဒေ(မူကြမ်း)များအား ကြိုတင်သုံးသပ်ဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး

မှသာ တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီနှင့် ပူးပေါင်းဆွေးနွေးသင့်ပါကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သက်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးများသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးသော ဥပဒေများအတွက် လိုအပ်သောနည်းဥပဒေများကို သတ်မှတ်ကာလများအတွင်း ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များ

- စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီနှင့် ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီးပူးပေါင်းလယ်ယာစိုက်ပျိုးရေးစနစ်ဥပဒေ(မူကြမ်း)ကို ဆက်လက်ဆွေးနွေးသုံးသပ်သွားပါမည်။
- စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီနှင့်ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီးငွေတိုးချစားသူများဥပဒေ(မူကြမ်း)ကို ဆက်လက်ဆွေးနွေးသုံးသပ်သွားပါမည်။
- ကော်မတီသို့ပေးပို့လာသော ပြည်သူများ၏ တိုင်ကြားစာများနှင့်ပတ်သက်ပြီး သက်ဆိုင်သူများ နစ်နာမှုမရှိစေရေးအတွက် အလေးထားစိစစ်ဆွေးနွေးသုံးသပ်ပြီး ကာယကံရှင်များနှင့် သက်ဆိုင်ရာဌာနများသို့ အမြန်ဆုံးပြန်ကြားပေးနိုင်ရေး လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြဆောင်ရွက်သွားပါမည်။
- တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာများပါ ရှေ့လုပ်ငန်းစဉ်များနှင့် အစည်းအဝေးမှတ်တမ်းများပါ ဆုံးဖြတ်ချက်များအား ကော်မတီ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့်အညီ ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။

နိဂုံး

ပဲခူးတိုင်းဒေသကြီးမြေယာခွန်ဥပဒေ(မူကြမ်း)နှင့်ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏အသံ ကြားနာနိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီနှင့်ပူးပေါင်းပြီး ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းပါဝင်သော ပြည်သူ့အသံကြားနာရေးအဖွဲ့(၄)ဖွဲ့ ဖွဲ့စည်းကာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၂၈)မြို့နယ်တွင် မြေယာခွန်နှင့်ဆက်နွယ်သည့် မူဝါဒများ၊ လမ်းစဉ်များအား ပြည်သူ့ထံ အသိပညာပေးခြင်းအခမ်းအနား(၂၈)ပွဲနှင့် ပြည်သူ့အသံကြားနာခြင်းအခမ်းအနား (၂၈)ပွဲ စုစုပေါင်း (၅၆)ပွဲ ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူများ၏လိုလားချက်များ၊ သဘောထားများနှင့် အကြံပြုတင်ပြချက်များကို ဥပဒေတွင် ထည့်သွင်းရေးဆွဲနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဆက်လက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီနှင့် ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီးအကျိုးတူပူးပေါင်းလယ်ယာစိုက်ပျိုးရေးစနစ်ဥပဒေ(မူကြမ်း)အားလည်းကောင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီနှင့်ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီးငွေတိုးချစားသူများ ဥပဒေ(မူကြမ်း)အားလည်းကောင်း ဆက်လက်ဆွေးနွေးသုံးသပ်ပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်

သွားမည်ဖြစ်ပါသည်။ ကော်မတီသည် ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေစာရင်း၏ အသုံးစရိတ်များကို စိစစ်နိုင်ခဲ့ပါသည်။ ထို့အပြင် ကော်မတီသို့ပေးပို့တိုင်ကြားလာသော ပြည်သူများ၏ တိုင်ကြားစာများကိုလည်း လေ့လာစိစစ်သုံးသပ်ကာ သက်ဆိုင်ရာဌာနများနှင့် ကာယကံရှင်များထံသို့ အကြောင်းပြန်ကြားပေးနိုင်ရန် ကော်မတီ၏သဘောထားမှတ်ချက်နှင့် သုံးသပ်ချက်များအား လွှတ်တော် ဥက္ကဋ္ဌထံ အစီရင်ခံတင်ပြဆောင်ရွက်နိုင်ခဲ့ပါသည်။ ကော်မတီအနေဖြင့် ကော်မတီ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့်အညီ နိုင်ငံတော်၊ ပြည်သူနှင့် ပဲခူးတိုင်းဒေသကြီး အကျိုးအတွက် ခေတ်ကာလနှင့် လျော်ညီသော ဥပဒေများပေါ်ပေါက်လာစေရန် ကော်မတီ၏ အစီရင်ခံစာ များပါ ရှေ့လုပ်ငန်းစဉ်များ၊ အစည်းအဝေးဆုံးဖြတ်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့(၁၆:၀၀) နာရီထက် နောက်မကျစေဘဲ အမည်စာရင်း တင်သွင်းကြဖို့ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာ ကိစ္စရပ်များဆိုင်ရာ ကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဗိုလ်မှူးအောင်မျိုးမင်း၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်က တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဗိုလ်မှူးအောင်မျိုးမင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်က တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဗိုလ်မှူးအောင်မျိုးမင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီမှ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ(၁/၂၀၁၉)တင်သွင်းသွားမှာ ဖြစ်ပါတယ်။

နိဒါန်း

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များ ဆိုင်ရာကော်မတီသည် တိုင်းဒေသကြီးအတွင်းရှိ ဒေသခံတောင်သူလယ်သမား များနှင့် ပြည်သူများ၏ ဘဝရပ်တည်ရေးကိုရှေ့ရှုကာ တောင်သူလယ်သမားများ၏ အခွင့်အရေးများ၊ ဂုဏ်တို့၏နစ်နာမှုများ၊ တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ နည်းပညာများ၊ ဆည်ရေသောက်စနစ်ဖြင့် လုပ်ကိုင်လျက်ရှိသော တောင်သူလယ်သမားများ ဆည်ရေအပြည့်အဝရရှိရေး စသည့်အချက်များအား ကော်မတီ၏ လုပ်ပိုင်ခွင့်ထဲမှ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက် ပေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ ဆောင်ရွက်လျက်ရှိသည့်အပြင် ဥပဒေပြုရေးကဏ္ဍအား မြှင့်တင်သောလုပ်ငန်း တစ်ရပ်အနေဖြင့် ပဲခူးတိုင်းဒေသကြီး မြေယာခွန်ဥပဒေ(မူကြမ်း)အား ပြည်သူ့ အသံကြားနာပွဲများ တိုင်းဒေသကြီးအတွင်း မြို့နယ်တိုင်းတွင် ဆောင်ရွက်ကာ ဥပဒေပြုရေးကဏ္ဍတို့ အရည်အသွေး မြင့်မားအောင် ဆောင်ရွက်လျက်ရှိပါသည်။

ရည်ရွယ်ချက်

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဘဝရပ်တည်ရေးနှင့်လိုအပ်သော နည်းပညာများ၊ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီ၏လုပ်ပိုင်ခွင့်များထဲမှ စဉ်ဆက်မပြတ် ဆောင်ရွက် ပေးသွားရန်၊ ပဲခူးတိုင်းဒေသကြီးတစ်ဝှမ်းလုံးရှိ မြေအသုံးချနေသော ပြည်သူများ မြေယာခွန်နှင့် ပတ်သက်သော သမိုင်းကြောင်း၊ မူဝါဒ၊ လုပ်ငန်းစဉ်တို့ကို အသိပညာများရရှိစေရန်နှင့် နိုင်ငံတော် အတွက် ရသင့်ရထိုက်သော မြေယာခွန်နှုန်းများ ရရှိစေရန် ရည်ရွယ်ပါသည်။

အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏ဆောင်ရွက်ချက်များ

ကော်မတီသည် တင်ပြပါကာလအတွင်း အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်-

- (၁၈-၁၀-၂၀၁၈)ရက်နေ့နှင့် (၁၉-၁၀-၂၀၁၈)ရက်နေ့တို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၈)ကို ကျင်းပပြုလုပ်ခဲ့ပြီး ပြည်မြို့အနာဂတ်မြို့ပြစီးပွားရေးဇုန် ဖော်ဆောင်ရေး စီမံကိန်းနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးကာ လွှတ်တော်ဥက္ကဋ္ဌထံ အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြည်သူများ၏တိုင်ကြားစာများအား စိစစ်လေ့လာသုံးသပ်ဆွေးနွေးပြီး သက်ဆိုင်ရာဌာနများနှင့် ကာယကံရှင်များထံ အကြောင်းကြားနိုင်ရေးအတွက် လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြခဲ့သည်။
- (၂၉-၁၀-၂၀၁၈)ရက်နေ့မှ (၃၁-၁၀-၂၀၁၈)ရက်နေ့အထိ ကော်မတီအစည်းအဝေး မှတ်တမ်းအမှတ်စဉ် (၁၆/၂၀၁၈)ကို ကျင်းပပြုလုပ်ခဲ့ပြီး အမြန်လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော တောင်သူများ၏ တင်ပြချက်များ၊ မြေယာခွန်ဥပဒေနှင့် ဆက်နွယ်သည့် မူဝါဒများ၊ လမ်းစဉ်များနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

- (၁-၁၁-၂၀၁၈)ရက်နေ့နှင့် (၂-၁၁-၂၀၁၈)ရက်နေ့တို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၊ တရားဥပဒေစိုးမိုးရေးကော်မတီ နှင့် ဥပဒေကြမ်းကော်မတီ(၂)ရပ်မှ ကိုယ်စားလှယ်များသည် ပဲခူးမြို့၊ ဥဿာကျော်ဟိုတယ်၌ ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့မှ ကျင်းပပြုလုပ်သော မြေယာခွန်ဥပဒေနှင့်ဆက်နွယ်သည့် မူဝါဒများ၊ လမ်းစဉ်များအား ပြည်သူ့ထံအသိပညာပေးနိုင်ရေးအတွက် ကဏ္ဍစုံပူးပေါင်း၍ ပြင်ဆင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။
- (၁၂-၁၁-၂၀၁၈)ရက်နေ့နှင့် (၁၆-၁၁-၂၀၁၈)ရက်နေ့တို့တွင် ကော်မတီ၏အစည်းအဝေးအမှတ်စဉ်(၂၀/၂၀၁၈)ကို ကျင်းပပြုလုပ်ခဲ့ပြီး ပဲခူးတက္ကသိုလ်မှ လယ်ယာမြေများသိမ်းဆည်းထားသည့်ကိစ္စနှင့်ပတ်သက်၍ တောင်သူများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြသည်။
- (၁၉-၁၁-၂၀၁၈)ရက်နေ့မှ (၂၀-၁၁-၂၀၁၈)ရက်နေ့နှင့် (၂၃-၁၁-၂၀၁၈)ရက်နေ့တို့တွင် ကော်မတီ၏အစည်းအဝေးအမှတ်စဉ်(၂၁/၂၀၁၈)ကို ကျင်းပပြုလုပ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ အကျိုးတူပူးပေါင်းလယ်ယာစိုက်ပျိုးရေးစနစ်ဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။
- (၅-၁၂-၂၀၁၈)ရက်နေ့နှင့် (၇-၁၂-၂၀၁၈)ရက်နေ့အထိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၊ တရားဥပဒေစိုးမိုးရေးကော်မတီ နှင့် ဥပဒေကြမ်းကော်မတီ(၂)ရပ်တို့၏ ပူးပေါင်းအစည်းအဝေးအမှတ်စဉ်(၉/၂၀၁၈)ကို ကျင်းပပြုလုပ်ခဲ့ရာ (၅-၁၂-၂၀၁၈)ရက်နေ့နှင့် (၆-၁၂-၂၀၁၈)ရက်နေ့တို့တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော ပဲခူးတိုင်းဒေသကြီး၊ အကျိုးတူပူးပေါင်းလယ်ယာစိုက်ပျိုးရေးစနစ်ဥပဒေ(မူကြမ်း) အခန်း(၁)မှ အခန်း(၃)အထိ အသေးစိတ်ဆွေးနွေးသုံးသပ်ခဲ့ပြီး ပြင်ဆင်ဖြည့်စွက် ပယ်ဖျက်ရန်အချက်များကို စိစစ်ဆောင်ရွက်ခဲ့ပါသည်။ (၇-၁၂-၂၀၁၈)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ မြေယာခွန်ဥပဒေနှင့် ဆက်နွယ်သည့် မူဝါဒများ၊ လမ်းစဉ်များအား ပြည်သူ့ထံအသိပညာပေးခြင်းအခမ်းအနားတွင် ကိုယ်စားလှယ်တစ်ဦးချင်းစီ ရှင်းလင်းတင်ပြမည့်အချက်အလက်များကို ကြိုတင်လေ့ကျင့် ရှင်းလင်းတင်ပြမှုများ ဆောင်ရွက်ခဲ့ကြသည်။
